မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂) အမှတ် (၁၅၉)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက် ၂၀၁၃ ခုနှစ်၊ မတ် ၈ ရက်၊ သောကြာနေ့။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန် မာ နိုင် ငံ အထက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

တိမ်အသင့်အတင့်

၈-၃-၂၀၁၃

နေ ပြည် တော် နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အီတလီနိုင်ငံသမ္မတနှင့်တွေ့ဆုံ နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများဆွေးနွေး

နေပြည်တော် မတ် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မတ် ၆ ရက် နံနက်ပိုင်းတွင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် အီတလီနိုင်ငံ ရောမမြို့သို့ ရောက်ရှိသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ရောမမြို့ရှိ သမ္မတနန်းတော် (Quieinale Palace) သို့ သွားရောက်၍ အီတလီနိုင်ငံသမ္မတ H.E.Mr. Giorgeo Napolitano အား တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား အီတလီနိုင်ငံသမ္မတက အလုပ်သဘောနေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ထိုသို့ တည်ခင်းဧည့်ခံစဉ် နှစ်နိုင်ငံသမ္မတတို့သည် မြန်မာနိုင်ငံ၌ ဖော်ဆောင်နေသည့် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများဆောင်ရွက်နေမှု၊ လူ့အခွင့်အရေးမြှင့်တင်ရန်ဆောင်ရွက်နေမှု၊ ငြိမ်းချမ်းရေးဖော်ဆောင်နေမှု၊ ကုန်သွယ်ရေး၊ ယဉ်ကျေးမှုနှင့်အခြားကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် အသေးစားငွေကြေးလုပ်ငန်းများတွင် အကူအညီရရှိရေး၊ တပ်မတော်ချင်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အီတလီနိုင်ငံသမ္မတအား မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ပါရန် ဖိတ်ကြားခဲ့သည်။

နိုင်ငံတော်သမ္မတသည် ညနေ ၃ နာရီတွင် အီတလီနိုင်ငံ ဝန်ကြီးချုပ်ရုံး (Chigi Palace) သို့ရောက်ရှိရာ ဂုဏ်ပြုတပ်ဖွဲ့က အလေးပြု၍ ဂုဏ်ပြုကြိုဆိုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အီတလီနိုင်ငံဝန်ကြီးချုပ် H.E. Prof. Mario Monti တို့သည် နှစ်နိုင်ငံဆွေးနွေးပွဲကိုကျင်းပပြီး မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းဆောင်ရွက်နေမှု၊ ငြိမ်းချမ်းရေးတည်ဆောက်နေမှု၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်အခြေအနေများ၊ မြန်မာနိုင်ငံတွင် အီတလီနိုင်ငံမှ ကုမ္ပဏီများလာရောက်ရင်းနှီးမြှုပ်နှံရေးကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုမြှင့်တင်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲကိုကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အီတလီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr.Giulio Maria Terzi di Sant' Agata တို့က နှစ်နိုင်ငံအကြား Agreement on the Treatment (Cancellation and Rescheduling)of the Debt သဘောတူညီချက်နှင့် Agreement on Debt-for- Development Swap သဘောတူညီချက်တို့ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

နိုင်ငံတော်သမ္မတ ဆွေးနွေးခဲ့သည့် ဆွေးနွေးပွဲနှစ်ခုစလုံး၌ အီတလီနိုင်ငံသမ္မတနှင့် ဝန်ကြီးချုပ်တို့က မြန်မာနိုင်ငံတွင်

စာမျက်နှာ ၃ ကော်လံ ၁ ▲

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အီတလီနိုင်ငံသမ္မတ H.E.Mr. Giorgeo Napolitano အား တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကဏန်းနှင့်ငါးရှဉ့်ကို ကြိုက်ရောင်းကြိုက်ဝယ်စနစ်ဖြင့် စတင်ရောင်းချခွင့်ပြုပြီ

မူဆယ် မတ် ၇

မြန်မာ ရေလုပ်ငန်းရှင်များက တရုတ်နိုင်ငံဘက်သို့ ရေထွက်ပစ္စည်းများ မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် ချင်းရွှေဟော် နယ်စပ် ကုန်သွယ်ရေးစခန်းတို့မှ တစ်ဆင့် တင်ပို့ရောင်းချလျက်ရှိရာ ယခုအခါ ကဏန်းနှင့် ငါးရှဉ့်ကို ကြိုက်ရောင်း ကြိုက်ဝယ်စနစ်ဖြင့် ရောင်းချခွင့်ပြုပြီဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

"ကဏန်းနဲ့ ငါးရှဉ့်ကို ကြိုက်ရောင်း ကြိုက်ဝယ်စမ်းသပ်ကာလ တစ်လပြည့်ပြီးနောက် ယခုအခါ ကြိုက်ရောင်း ကြိုက်ဝယ်စနစ်နဲ့ ရောင်းချခွင့်ပြုထားပြီဖြစ်ပါတယ်"ဟု အဆိုပါဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဖေဖော်ဝါရီလ နောက်ဆုံးပတ်အတွင်း တရုတ်နိုင်ငံဘက်သို့ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးစခန်းမှ ကဏန်း ၈၃ တန်နှင့် ငါးရှဉ့် ၁၁၁ တန် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်းမှ အဆိုပါကာလအတွင်း ငါးရှဉ့် ၄၃ တန်နှင့် ကဏန်း ငါးတန်အထိသာ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ယခုရာသီတွင် ကဏန်းနှင့် ငါးရှဉ့်အထွက်နှုန်း ကျဆင်းသွားသည့်အတွက် တင်ပို့မှုလည်း ကျဆင်းသွားခဲ့သည်ဟု ဆိုသည်။ မိုးရာသီကာလများတွင် ကဏန်းနှင့် ငါးရှဉ့်အထွက်နှုန်းကောင်းပြီး တင်ပို့မှုအားလည်း အကောင်းဆုံးဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၄ ○

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးစခန်း၌ ကဏန်းများ ရောင်းဝယ်မှုကို တွေ့ရစဉ်။

သတင်း-မောင်နွေသစ်

ဓာတ်ပုံ-ကျော်သူဝင်း (မြန်မာ့အလင်း)

သ တင်း မာ တိ ကာ

ယာဉ်ကို ကျွမ်းကျင်စွာ မောင်းတတ်သူများရော အမောင်းသင်ခါစသူများပါ ဘေးအန္တရာယ်ကင်းရေး ဦးစားပေးဆိုသည့် SAFETY FIRST ကို ကောင်းစွာ နှလုံးသွင်းသတိပြုအပ်

ခေါင်းကြီး စာမျက်နှာ ၂

ဗင်နီဇွဲလားသမ္မတရွေးကောက်ပွဲ ရက် ၃၀ အတွင်း ကျင်းပမည်

စာမျက်နှာ ၅

ဒေါ်လာ ငါးသန်းကျော်တန် မက်ဆီ ရွှေခြေထောက်

စာမျက်နှာ ၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဘေးကင်းလုံခြုံမှု သတိပြု

SAFETY FIRST ဟူသော အင်္ဂလိပ်စာတန်းလေးများကို မော်တော်ယာဉ်ငယ်များတွင်လည်းကောင်း၊ ဆောက်လုပ်ဆဲ **(Under Construction)** လုပ်ငန်းခွင်များတွင်လည်းကောင်း တွေ့ရတတ်ပါသည်။ မော်တော်ယာဉ်များ အသုံးပြုမောင်းနှင်သည်ဖြစ်စေ၊ ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်သည်ဖြစ်စေ ဘေးကင်းရေးကို ဦးစားပေးဆောင်ရွက်ကြပါဟု ဆိုလိုခြင်းဖြစ်ပါသည်။

အထူးသဖြင့် ဤစာတန်းလေးသည် မော်တော်ယာဉ်အသုံးပြု မောင်းနှင်နေကြသူများအတွက် ယာဉ်အန္တရာယ်မဖြစ်စေရန် သတိပေးနှိုးဆော်ထားခြင်းပင်ဖြစ်ပါသည်။ မော်တော်ယာဉ်များကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်အသုံးပြုကြပါဟု အသိပေးထားခြင်းဖြစ်ပါသည်။ အထူးသဖြင့် ယခုအခါ ယာဉ်အသုံးပြုသူများအတွက် ပို၍သင့်လျော်သည်ဟု ယူဆမိပါသည်။ အဘယ်ကြောင့်ဟူမူ မော်တော်ကားများ ဈေးကျလာသည်နှင့်အမျှ မော်တော်ကားဝယ်စီးနိုင်သူများပြားလာပါသည်။ မော်တော်ကားဝယ်စီးနိုင်သူများပြားလာခြင်းနှင့်အတူ ယာဉ်မောင်းသူအသစ်များလည်း တစ်ဟုန်ထိုးများပြားလာပါသည်။ ယာဉ်မောင်းတတ်ခါစ၊ ဆိုင်ကယ်စီးတတ်ခါစ **SAFETY FIRST** ကို ကောင်းစွာသတိပြုလိုက်နာမှုအားနည်း၍ ယခုအခါ ယာဉ်အန္တရာယ်များ တိုးပွားဖြစ်ပွားလျက်ရှိပါသည်။ အချို့ဆိုလျှင် မိမိ၏ကားမှန်ပေါ်တွင် တည့်တည့်ကြီး ထိုစာတန်းကို ကပ်ထားလင့်ကစား သတိမမူဘဲရှိကြပါသည်။ အချို့လည်း ထိုစာတန်းသည် မိမိကိုသတိပေးသည့်စာတန်းဟု မထင်သူများလည်းရှိပါသည်။ အမှန်မှာ ဤစာတန်းသည် ယာဉ်မောင်းသူအား ဘေးကင်းရေးကို ဦးစားပေးပါ၊ အန္တရာယ်မဖြစ်အောင် မောင်းနှင်ကြပါဟု အတိအကျ သတိပေးထားခြင်းဖြစ်ပါသည်။

တစ်ခါက ယာဉ်မောင်းတတ်ခါစ လူငယ်တစ်ဦးသည် အထက်အညာဒေသသို့ ဘုရားဖူးယာဉ်အကြုံ လိုက်မောင်းပေးရာ ရန်ကုန်-နေပြည်တော် လမ်းမကြီးပေါ်တွင် တစ်ဖက်မှလာသော ယာဉ်ကို ခေါင်းချင်းဆိုင်တိုက်မိသဖြင့် နေရာတွင် ပွဲချင်းပြီး သုံးဦးသေဆုံးသွားကြောင်း သတင်းကြားသိခဲ့ရပါသည်။ အလားတူ သာဓကများစွာရှိပါသည်။ ယာဉ်မောင်းသည် ကျွမ်းကျင်မှုအားနည်းခြင်းကြောင့်သော်လည်းကောင်း၊ **SAFETY FIRST** ကို ကောင်းစွာသတိမူခြင်းမရှိ၍သော်လည်းကောင်း ယာဉ်အန္တရာယ်ဖြစ်ပွားလျက်ရှိပါသည်။ ယာဉ်တိုက်မှုဖြစ်ပွားရသည့်အကြောင်းအရင်းကို စစ်တမ်းကောက်ယူကြည့်မည်ဆိုလျှင် ယာဉ်များ စက်ချွတ်ယွင်းမှုကြောင့် ဖြစ်ရခြင်းထက် ယာဉ်မောင်းများ၏ ပေါ့လျော့ခြင်းကြောင့်ဖြစ်ရသည်ကို တွေ့ရပေလိမ့်မည်။

လမ်းဖြတ်ကူးသူ၊ ခြေကျင်လျှောက်သူများသည် လမ်းပေါ်တွင် မောင်းနှင်နေသော ကားများကို ကျွမ်းကျင်ဘေးကင်းစွာ မောင်းနှင်နေကြသည်ဟု အကြွင်းမဲ့ယုံကြည်ထားပါသည်။ သို့ပါသော်လည်း အချို့မှာ လုံခြုံဘေးကင်းစွာမောင်းပါဟူသည်ကို အလေးမထားဘဲ စတိုင်ထုတ်ကြွားဝါလျက် မောင်းနှင်နေကြသဖြင့် မလိုလားအပ်သည့် ယာဉ်အန္တရာယ်များ ကြုံတွေ့နေကြရပါသည်။ ထို့ကြောင့် ယာဉ်ကိုကျွမ်းကျင်စွာ မောင်းတတ်သူများရော အမောင်းသင်ခါစသူများပါ ဘေးအန္တရာယ်ကင်းရေးဦးစားပေးဆိုသည့် **SAFETY FIRST** ကို ကောင်းစွာ နှလုံးသွင်းသတိပြုအပ်ပေကြောင်း။ ။

ပြည်တွင်းသတင်း

India-Myanmar Business Seminar ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၇

India-Myanmar Business Seminar ဖွင့်ပွဲအခမ်းအနားကို မတ် ၄ ရက် ညနေ ၃ နာရီတွင် Summit Parkview ဟိုတယ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ UMFCCI ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်နှင့် အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် ခရီးသွားလုပ်ငန်း၊ စက်မှု၊ ဘူမိဗေဒနှင့် သတ္တုတွင်းဝန်ကြီး H.E. Mr. S Hiato၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ Charge d'Affair Mr. Sailas Thangal၊ India Chamber of Commerce (ICC) Kolkala နှင့် Federation of India Chamber of Commerce (FCCI) မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပြီး စီးပွားရေးပြုပြင်ပြောင်းလဲမှုများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးဖွံ့ဖြိုးမှုများတိုးမြှင့်ရေး၊ ပြည်သူများအတွက် ပိုမိုကောင်းမွန်သော ခေတ်သစ်တစ်ခုကို ဖန်တီးဖော်ဆောင်နိုင်ရေးအတွက် စီးပွားရေးကဏ္ဍတွင် ဖြေလျှော့မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်ပြီး အိန္ဒိယနိုင်ငံသည် ဒီမိုကရေစီဦးဆောင်နိုင်ငံဖြစ်ကာ စီးပွားရေးတိုးတက်မှုနှုန်း မြန်ဆန်သော နိုင်ငံဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုများ ဆက်သွယ်မှုရှိပြီး တူညီသော သမိုင်းနောက်ခံများရှိကြောင်း၊ အိန္ဒိယနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အဆင့်မြင့်နည်းပညာများ၊ ကျွမ်းကျင်မှုများနှင့်အတူ မိမိတို့၏ အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် အခွင့်အလမ်းများရှိပါကြောင်းနှင့် လာရောက် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် UMFCCI ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်၊ အိန္ဒိယသံရုံးမှ Charge d' Affair Mr. Sailas Thangal၊ ICC မှ President of Young Leaders Forum & Director, NICCO Group, Mr. Siddhant Kaul တို့က အမှာစကားပြောကြားကြပြီး FICCI မှ Assistant Secretary General, Mr. Manish Singhal က ကျေးဇူးတင်စကားပြောကြားကာ ဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

ဆွေးနွေးပွဲတွင် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား စွမ်းအင်၊ သတ္တု၊ စိုက်ပျိုးရေး၊ အစားအသောက်ထုတ်လုပ်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာသနာ့နယ်မြေအတွင်းက အမှိုက်ပုံကြီး

စမ်းချောင်းမြို့နယ် ဗားကရာ ကျောင်းတိုက် ဘုန်းတော်ကြီးများ သီတင်းသုံးရာ ကျောင်းများအနီး တိုင်တစ်ရာကျောင်းခန်းမကြီးနှင့် ဘုံကိုးဆင့်သိမ်တော်ကြီးအကြားတွင် အမှိုက်ပုံကြီးသည် အလွန်ပင် ကြီးမားနေပြီဖြစ်သည်။

အနီးဝန်းကျင် ကျောင်းများ၌ သီတင်းသုံးနေတော်မူကြသော ဆရာတော် သံဃာတော်များသည်လည်း အမှိုက်ပုံမှ ဆိုးရွားသောအနံ့အသက်များကို နေ့စဉ်နှင့်အမျှ ရှူရှိုက်နေရသည်။ သက်တော်ကြီးဆရာတော်ကြီးများအနေဖြင့် ထိုအနံ့ဆိုးများကြောင့် ကျန်းမာရေးများ ထိခိုက်လာသည်ဟု သံဃာတော်များက မိန့်တော်မူပါသည်။

အမှိုက်ပုံ၌လည်း ခွေးများ၊ ကြီးများ၊ အမှိုက်ကောက်သူများက ဖွနေမှုကြောင့် အမှိုက်ပုံကြီးမှာ ပို၍ ကြီးမားကျယ်ပြန့်လာပါသည်။

ထို့အပြင် ယခုကဲ့သို့ ခြောက်သွေ့

ထင်သာမြင်သာ ပြုပြင်စရာ

သောရာသီ၌ စည်းကမ်းမဲ့သူတို့၏ ဆေးလိပ်မီးများကြောင့် အမှိုက်ကစပြာသာဒ်မီးလောင်မှုမျိုးများလည်း အချိန်မရွေးဖြစ်ပေါ်လာနိုင်ပါသည်။

အနီးမှ သံဃာတော်တစ်ပါးက ဤအမှိုက်ပုံကြီးကို တစ်နှစ်မှ တစ်ခါလောက် လာသိမ်းကြောင်း၊ လာသိမ်းလျှင်လည်း ထောက်ပံ့စရိတ်ပေးရကြောင်း၊ တစ်ပတ်တစ်ခါလောက် အနည်းဆုံး လာသိမ်းစေချင်ကြောင်း မိန့်ကြားခဲ့သည်ကို ထင်သာမြင်သာ ပြုပြင်စရာအဖြစ် တင်ပြရေးသားလိုက်ရပါသည်။

ကိုကြီးတင်

တောင်ကြီးမြို့တွင်းရှိ လမ်းမပေါ်တွင် နံပါတ်ပြားတပ်ဆင်ထားခြင်းမရှိဘဲ သွားလာမောင်းနှင်အသုံးပြုလျက်ရှိနေသော မော်တော်ယာဉ်တစ်စီးကို မတ် ၆ ရက် နံနက် ၁၁ နာရီခန့်က အရှေ့မြို့ပတ်လမ်းမီးပွိုင့်တွင် ယခုကဲ့သို့ တွေ့မြင်ရစဉ်။

KZLM (တောင်ကြီး)

မီးပို မီး အခြား မီး သုံးပြီးသတိ အမြဲရှိ

နှစ်ဖက်သုတေသနအဖွဲ့များအကြား အမြင်ချင်းဖလှယ်

ရန်ကုန် မတ် ၇

မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့နှင့် အိန္ဒိယ ကမ္ဘာ့ရေးရာကောင်စီတို့ ပူးတွဲ၍ နှစ်ဖက်သုတေသနအဖွဲ့များအကြား အမြင်ချင်းဖလှယ်သည့် ဆွေးနွေးပွဲတစ်ရပ်ကို မတ် ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနရုံးခွဲ၌ ကျင်းပရာ အိန္ဒိယကမ္ဘာ့ရေးရာကောင်စီ ညွှန်ကြားရေးမှူးချုပ် သံအမတ်ကြီး ရာဂျစ်ကူမာဘာတီးယားနှင့် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးညွန့်မောင်ရှိန်တို့က အဖွင့်မိန့်ခွန်းပြောကြားခဲ့ကြသည်။

မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့နှင့် အိန္ဒိယ ကမ္ဘာ့ရေးရာကောင်စီတို့အကြား အမြင်ချင်းဖလှယ်သည့် ဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ကြသည့် ခေါင်းစဉ်များမှာ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်အောက်တွင် အောင်မြင်မှုများနှင့် ရှေ့ဆက်ရမည့်လမ်းကြောင်း၊ နှစ်နိုင်ငံအကြား နိုင်ငံရေးအရ ဆက်ဆံမှု၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် နှစ်နိုင်ငံအကြား စီးပွားဆက်ဆံမှုနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတို့ဖြစ်သည်။ အဆိုပါ အမြင်ချင်းဖလှယ်သည့် ဆွေးနွေးပွဲသို့ မြန်မာနှင့်အိန္ဒိယပညာရှင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

▲ ရှေ့ဖုံးမှ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သည့် အစိုးရသစ် လက်ထက်၌ ဆောင်ရွက်ခဲ့သည့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၏ အောင်မြင်မှုများကို အသိအမှတ်ပြုကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်တွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် အီတလီနိုင်ငံက ပိုမိုကူညီပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဥရောပသမဂ္ဂက မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုများကို အပြီးအပိုင်ဖျက်သိမ်းရေးနှင့် မြန်မာနိုင်ငံ၏ တိုင်းရင်းသားပို့ကုန်လုပ်ငန်းရှင်များအား GSP ကုန်သွယ်မှု အထူးအခွင့်အရေးများပေးအပ်ရေးတို့အပေါ် အီတလီနိုင်ငံက ထောက်ခံကြောင်း၊ ထိုကိစ္စများနှင့်ပတ်သက်၍ ဥရောပသမဂ္ဂက ပြန်လည်သုံးသပ်ချိန်တွင် အပြုသဘောဆောင်သည့် ရလဒ်များထွက်ပေါ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။

နိုင်ငံတော်သမ္မတသည် ညနေပိုင်းတွင် ရောမမြို့ရှိ သမိုင်းဝင်နေရာများဖြစ်သည့် အာဇာနည်ဗိမာန် (Vittorio Emanuele II Monument)၊ တိုက်ပွဲကွင်း (Colosseum) နှင့် ဗာတီကန်စီးတီး (Vatican City) စသည်တို့ကို လှည့်လည်ကြည့်ရှုခဲ့သည်။

အမှတ်တရလက်ဆောင်များပေးအပ်

ညပိုင်းတွင် အီတလီနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင့်ဆွေ၏နေအိမ်သို့သွားရောက်၍ သံအမတ်ကြီးနှင့် သံရုံးမိသားစုများအား တွေ့ဆုံနှုတ်ဆက်ကာ အမှတ်တရလက်ဆောင်များပေးအပ်ခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အီတလီနိုင်ငံဝန်ကြီးချုပ် H.E. Prof. Mario Monti တို့ အီတလီနိုင်ငံဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး နယ်စပ်ဒေသကုန်သွယ်မှုပမာဏတိုးမြှင့်နိုင်ရေး တွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၇

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား အိန္ဒိယနိုင်ငံ Indian Council of World Affairs ညွှန်ကြားရေးမှူးချုပ် Mr. Rajiv Kumar Bhatia ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၄ နာရီတွင် ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲတွင် အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ နယ်စပ်ဒေသကုန်သွယ်မှု ပမာဏတိုးမြှင့်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား FAO Myanmar ၏ ဌာနေကိုယ်စားလှယ်နှင့် အစ္စရေးသံအမတ်ကြီးတို့ သီးခြားစီတွေ့ဆုံ

နေပြည်တော် မတ် ၇

သမဝါယမဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား FAO Myanmar ၏ ဌာနေကိုယ်စားလှယ် Bui Thi Lan က ယမန်နေ့ညနေ ၃ နာရီတွင် ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး FAO နှင့် သမဝါယမဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်နိုင်ရေးအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

အလားတူ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E.Mr. Hagay Moshe Behar ကလည်း ပြည်ထောင်စုဝန်ကြီးအား ညနေ ၄ နာရီခွဲတွင် အဆိုပါဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး အစ္စရေးနိုင်ငံနှင့် သမဝါယမဝန်ကြီးဌာနတို့အကြား Microfinance လုပ်ငန်းနှင့်ပတ်သက်၍ အတွေ့အကြုံဖလှယ်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

○ ရှေ့ဖုံးမှ

ဖေဖော်ဝါရီလနောက်ဆုံးအပတ်တွင် ငါးရှဉ့်တစ်တန်လျှင် ငွေကျပ် ၄၇၄၁၀၀၀ (အမေရိကန်ဒေါ်လာ ၅၅၀၀)၊ ကဏန်းတစ်တန်လျှင် ငွေကျပ် ၃၈၅၆၉၁၀ (အမေရိကန်ဒေါ်လာ ၄၄၉၀) ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် သိရသည်။

လွန်ခဲ့သည့် ဖေဖော်ဝါရီလအတွင်း အဆိုပါကုန်သွယ်ရေးဇုန်နှစ်ခုမှ တရုတ်နိုင်ငံဘက်သို့ ရေထွက်ပစ္စည်းများ တင်ပို့ရောင်းချခဲ့ရာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၀၀၅ သန်းတန်ဖိုးရှိ ရေထွက်ကုန်ပစ္စည်း တန်ချိန် ၂၇၀၉ တန် တင်ပို့ရောင်းချနိုင်ခဲ့သည်။ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ စာရင်းဇယားများတွင် ဖော်ပြထားသည်။

ထိုသို့ ရေထွက်ပစ္စည်းများတင်ပို့ခဲ့ရာတွင် ကဏန်းနှင့်ငါးရှဉ့်တို့အပြင် အခြားသောရေထွက်ပစ္စည်းဖြစ်သည့် ငါးစည်ဖောင်း၊ ရေခဲငါး၊ ငါးဆားနယ်၊ ငါးလေးခြောက်၊ ကင်းမွန်ခြောက်နှင့် ငါးမှုန့်တို့လည်း ပါဝင်ကြောင်း သိရသည်။

ဖေဖော်ဝါရီလအတွင်း ထိုင်းနိုင်ငံသို့ရေထွက်ကုန်များ တင်ပို့ရာတွင်လည်း မြင့်တက်ခဲ့ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

(မြန်မာ့အလင်း)

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၇

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ပထမနေ့ကို မတ် ၅ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရပ်နားလိုက်

အစည်းအဝေးတွင် မေးခွန်း(၈)ခု မေးမြန်းဖြေကြားခြင်း၊ အဆို(၂)ခု တင်သွင်းခြင်း၊ ဥပဒေကြမ်း(၂) ခုတင်သွင်းခြင်းနှင့် ဆွေးနွေးမည့်ရက် သတ်မှတ်ကြေညာခြင်းတို့ကိုဆောင်ရွက်ကြပြီး အစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင် ရပ်နားလိုက်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

နိုင်ငံတကာသတင်း

ပုံ၍ဝသော ယာဉ်ထိန်းရဲအရာရှိများအား ဟန္နွိုင်း၌ တာဝန်ထမ်းဆောင်ခြင်းမှပိတ်ပင်

ဟန္နွိုင်း မတ် ၇

ဗီယက်နမ်နိုင်ငံမြို့တော်ဟန္နွိုင်း၌ တာဝန်ထမ်းဆောင်နေသည့် အရပ်ပုပြီးဝသော ယာဉ်ထိန်းရဲအရာရှိများအား တာဝန်ထမ်းဆောင်ခြင်းမှ ပိတ်ပင်မည်ဖြစ်ကြောင်း မတ် ၆ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ယင်းကဲ့သို့ဆောင်ရွက်ခြင်းသည် ယာဉ်ထိန်းလုပ်ငန်းကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ တာဝန်ထမ်းဆောင်နေသော ယာဉ်ထိန်းရဲအရာရှိများအား ကောင်းမွန်စွာ တာဝန်ထမ်းဆောင်ခြင်း ရှိမရှိကိုလည်း စုံစမ်းစစ်ဆေးရေးမှူးများက စစ်ဆေးကြပ်မတ်သွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာက ရေးသားဖော်ပြသည်။

နိုင်ငံအချို့တွင် မကြာသေးသည့်နှစ်များက အဝလွန်သည့်ရဲများအား အရေးယူဆောင်ရွက်နေပြီဟုလည်းဆိုသည်။ ယာဉ်ထိန်းရဲများသည် လာဘ်စားမှုများပြားလာ၍ အဝလွန်မှုဖြစ်နေရကြောင်း သတင်းတွင်ဖော်ပြသည်။

အချို့သောရဲအရာရှိများသည် အလွန်ဝလွန်းသဖြင့် မသွားနိုင်မလာနိုင်ဖြစ်ပြီး လူထုနှင့်ဆက်ဆံရာတွင် အခက်အခဲ ကြုံတွေ့နေရကြောင်း ဟန္နွိုင်းယာဉ်ထိန်းရဲအရာရှိချုပ် ဗိုလ်မှူးကြီး ဒေါ်စ်ဗစ်ချ်သန်းက ပြောသည်။ အဝလွန်သောရဲအရာရှိများသည် ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ရန် လိုအပ်ကြောင်း ၎င်းက ဆိုသည်။

၂၀၁၁ ခုနှစ်က ဗီယက်နမ်နိုင်ငံတွင် ရဲအရာရှိများအား နေကာမျက်မှန်တပ်ခြင်းနှင့် သစ်ပင်ကွယ်၍ မော်တော်ဆိုင်ကယ်နှင့် ကားများ ချောင်းမြောင်း ဖမ်းဆီးခြင်းကိုလည်း ပိတ်ပင်ခဲ့သည်။ (ဘီဘီစီ)

နိုင်ငံသားများအပေါ် တိုက်ခိုက်ခြင်းဆိုင်ရာဥပဒေ ဆိုဗီယက်ခေါင်းဆောင်ဟောင်း ဂေါ်ဘာချော့ဗ်ရှုတ်ချ

မော်စကို မတ် ၇

ဆိုဗီယက်ခေါင်းဆောင်ဟောင်း မီးခေးလ်ဂေါ်ဘာချော့ဗ်က နိုင်ငံသားများအပေါ် တိုက်ခိုက်နိုင်သည့် အခွင့်အလမ်းဆိုင်ရာဥပဒေသစ်တစ်ရပ် ရုရှား၌ ပြဋ္ဌာန်းခဲ့ခြင်းကို ပြစ်တင်ရှုတ်ချလိုက်သည်။

သမ္မတ ဗလာဒီမာပူတင်အနေဖြင့် ကိုယ့်ပြည်သူများအပေါ် စိုးရိမ်ကြောင့်ကြမှုမရှိသင့်ကြောင်းလည်း ဂေါ်ဘာချော့ဗ်က ဝေဖန်ခဲ့ကြောင်း ဘီဘီစီနှင့်တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။ မစ္စတာပူတင်၏ အဝန်းအဝိုင်းအတွင်း ခိုးသူများနှင့်လာဘ်စားသူများ ပြည့်နှက်နေကြောင်းလည်း မစ္စတာဂေါ်ဘာချော့ဗ်က ဝေဖန်လိုက်သည်။ သမ္မတပူတင်သည် ၂၀၁၂ ခုနှစ် မေလက တတိယသက်တမ်းအတွက် ကရင်မလင်သို့ ပြန်လာပြီးနောက် ဆိုဗီယက်ခေတ်လွန်ရုရှားနိုင်ငံ၌ အဆိုးရွားဆုံး နိုင်ငံရေးအခြေအနေဖြစ်အောင် ဖန်တီးနေကြောင်း ဇန်နဝါရီလတွင် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က စွပ်စွဲပြောဆို လိုက်သည်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာလအတွင်း အငြင်းပွားဖွယ် ပါလီမန်ရွေးကောက်ပွဲပြီးနောက် မော်စကိုနှင့် မြို့ကြီးများ၌ အစိုးရဆန့်ကျင်ရေး ဆန္ဒပြမှုစတင်ခဲ့ပြီး အတိုက်အခံခေါင်းဆောင်များကို ဖမ်းဆီးခဲ့သည်။ **(အပေါ်ပုံ)** မစ္စတာပူတင် ကရင်မလင်သို့ ပြန်လာပြီးနောက် အငြင်းပွားဖွယ် ဥပဒေများ ရုရှားနိုင်ငံတွင် တိုးလာကြောင်းလည်း မစ္စတာဂေါ်ဘာချော့ဗ်က ထုတ်ဖော်ပြောကြားသည်။ **(ဘီဘီစီ)**

ပီရူးနိုင်ငံအနောက်မြောက်ပိုင်း၌ ဂျက်လေယာဉ်ပျက်ကျ၊ ကိုးဦးသေဆုံး

လီမာ မတ် ၇

သတ္တုတူးဖော်ရေးကုမ္ပဏီတစ်ခုမှ လူများ တင်ဆောင်လာသော ဂျက်လေယာဉ်တစ်စင်းသည် ပီရူးနိုင်ငံအနောက်မြောက်ပိုင်းတွင် ပျက်ကျမှုဖြစ်ပွားခဲ့ရာ ကိုးဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိများ၏ ပြောကြားချက်ကို မတ် ၇ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

အဆိုပါ ဂျက်လေယာဉ်သည် နိုင်ငံအနောက်မြောက်ပိုင်း လာလီဘာတက်ဒေသရှိ လေဆိပ်တစ်ခုသို့ မဆင်းသက်မီ မိနစ်အနည်းငယ်အချိန်တွင် လျှပ်စစ်ဓာတ်အားလိုင်းကြိုးများနှင့်ထိမိပြီးနောက် မတ် ၆ ရက် နံနက်ပိုင်းက ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ယင်းလေယာဉ်ပျက်ကျမှုကြောင့် ခရီးသည်ခုနစ်ဦးနှင့် လေယာဉ်အမှုထမ်းနှစ်ဦးတို့ သေဆုံးခဲ့ကြောင်း၊ ထိုသို့ပျက်ကျရသည့် အကြောင်းအရင်းမှာ ရာသီဥတုအခြေအနေဆိုးရွားမှုကြောင့် အမြင့်၌သွယ်တန်းထားရှိသော ကေဘယ်လ်ကြိုးတန်း တစ်ခုအပေါ် ထိမိခဲ့ခြင်းကြောင့်ဖြစ်ကြောင်း လာလီဘာတက်ဒေသ ရဲတပ်ဖွဲ့ခေါင်းဆောင် ဗိုလ်ကြီး ရိုဂျာတောရက်စ်မင်ဒိုဇာက ပြောကြားခဲ့သည်။

ယင်းဒေသရှိ ရွှေတွင်းတစ်တွင်းကို ပိုင်ဆိုင်သည့် မာဆာပီရူးကုမ္ပဏီငယ်တစ်ခုက အဆိုပါဂျက်လေယာဉ်ကို စင်းလုံးငှားရမ်းခဲ့ခြင်းဖြစ်သည်။ လေယာဉ်အပျက်အစီးများကို အဝေးပြေးလမ်းမဘေးရှိ လျှိုမြောင်တစ်ခုအတွင်း၌ တွေ့ရှိရကြောင်း ဒေသခံများက ပြောကြားသည်။

(အောက်ပုံ) (ပရက်စ်တီဗွီ)

တင်မောင်လွင် - စုစည်းသည်

မာလီမှ ပြင်သစ်တပ်ဖွဲ့ဝင်များ ဧပြီလတွင် ရုပ်သိမ်းမည်

ပါရီ မတ် ၇

ပြင်သစ်နိုင်ငံအနေဖြင့် မာလီနိုင်ငံမှ ၎င်းတပ်ဖွဲ့ဝင်များကို လာမည့် ဧပြီလတွင် စတင်ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတ ဟော်လန်၏ ပြောကြားချက်ကို မတ် ၇ ရက် ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

စစ်တပ်ဝင်ရောက်စွက်ဖက်မှု နောက်ဆုံးအဆင့်ကို မတ်လတွင် တောက်လျှောက် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး ဧပြီလတွင် အချိုးကျစီလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

မာလီမြောက်ပိုင်း၌ဖြစ်ပွားသည့် တိုက်ပွဲတွင် အကြမ်းဖက်သမားခေါင်းဆောင်များ သေဆုံးခဲ့ပြီး ၎င်းတို့အမည်များကို ဖော်ထုတ်မပေးခဲ့ကြောင်း မစ္စတာဟော်လန်က ပြောကြားခဲ့သည်။ ဂါအိုမြို့အရှေ့ဘက် မိုင် ၆၀ အကွာ တိုက်ပွဲများ ဖြစ်ပွားစဉ်အတွင်း ပြင်သစ်တပ်ဖွဲ့ဝင်တစ်ဦးနှင့် သူပုန် ၁၀ ဦးတို့လည်း သေဆုံးခဲ့သည်။ မာလီတွင် ဇန်နဝါရီ ၁၁ ရက် ၎င်းတို့၏ စစ်ဆင်ရေးကို စတင်သည့် အချိန်ကတည်းက သေဆုံးခဲ့သူ ပြင်သစ်တပ်ဖွဲ့ဝင်လေးဦးရှိခဲ့သည်။ **(ဘီဘီစီ)**

ဩဇာကြီးသော သမ္မတချာဗက်ဇ်၏ ဘဝနိဂုံး

တိုး-ရေးသားသည်

ဗင်နီဇွဲလား သမ္မတဟူဂိုချာဗက်ဇ်မှာ ကင်ဆာရောဂါတစ်နှစ်ကျော်ခံစားခဲ့ရ ပြီးနောက်၂၀၁၃ ခုနှစ် မတ် ၅ ရက်က ကွယ်လွန်သွားပြီဖြစ်သည်။ ကွယ်လွန်ချိန်တွင် သမ္မတချာဗက်ဇ်မှာ အသက် ၅၈ နှစ်ရှိပြီး ဗင်နီဇွဲလားနိုင်ငံ၌ ၁၄ နှစ်ကြာ အာဏာရယူခဲ့သူဖြစ်သည်။ ကင်ဆာရောဂါဖြစ်ပွားသဖြင့် ကျူးဘား နိုင်ငံသို့ သုံးလေးကြိမ်သွားရောက်ကာ ခွဲစိတ်ကုသမှုခံယူခဲ့သည်။ သမ္မတချာဗက်ဇ်မကွယ်လွန်မီ ပြည်သူ့ရှေ့မှောက် ထွက်မပြသည်မှာလည်း လအတန်ကြာခဲ့ပြီဖြစ်သည်။

သမ္မတချာဗက်ဇ်၏ ရုပ်ကလာပ်ကို မတ် ၈ ရက်အထိ နိုင်ငံတော်စျာပနအဖြစ် ထားသိုမည်ဖြစ်ကြောင်း ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီး အေလီယက်ဟိုဆေး ပီလာနိုကကြေညာလိုက်ပြီး ရက်ပေါင်း ၃၀ အတွင်းရွေးကောက်ပွဲကြေညာသည့်တိုင်အောင် ဒုတိယ နိကိုလပ်မာဒူရိုက သမ္မတတာဝန်ကို ယူထားမည်ဖြစ်ကြောင်း ထည့်သွင်းကြေညာလိုက်သည်။

ဤအမိန့်အာဏာမှာ ကွယ်လွန်သူသမ္မတချာဗက်ဇ်က မိမိတို့အားပေးထားသည့် အာဏာဖြစ်ကြောင်း၊မစ္စတာမာဒူရိုမှာ အာဏာရညီညွတ်သော ဆိုရှယ်လစ်ပါတီ(ပီအက်စ်ယူဗီ)၏ ကိုယ်စားလှယ်အဖြစ် ရွေးကောက်ပွဲဝင်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ သို့သော် ရွေးကောက်ပွဲ မည်သည့်နေ့ရက်တွင် ကျင်းပမည်ဆိုခြင်းကို ရှင်းလင်းပြောကြားခြင်းမရှိပေ။ နှစ်နှစ်နီးပါးမျှ ရောဂါဝေဒနာကို အပြင်းအထန်ခံစားရပြီးနောက် သမ္မတချာဗက်ဇ်မှာ ယနေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီ ၂၅ မိနစ်က ကွယ်လွန်သွားပြီဖြစ်ကြောင်း ဒုတိယသမ္မတမာဒူရိုက ရုပ်မြင်သံကြား မှတစ်ဆင့် ဝမ်းနည်းစွာဖြင့် မတ် ၅ ရက် ညနေတွင် ကြေညာလိုက်သည်။ မိမိတို့ခေါင်းဆောင်ကြီး ကွယ်လွန်ပြီးနောက် ဗင်နီဇွဲလားပြည်သူများအနေဖြင့် အကြောင်းကြောင်းကို ထောက်ပြီး သွေးစည်းညီညွတ်ကြပါရန်လည်း ၎င်းက မေတ္တာရပ်ခံလိုက်သည်။

သမ္မတချာဗက်ဇ် ကွယ်လွန်ပြီးနောက် ဗင်နီဇွဲလားစစ်တပ်က ကြေညာချက်တစ်စောင်ထုတ်ပြန်ရာတွင်

နိုင်ငံတော်၏ အချုပ်အခြာအာဏာ နယ်မြေတည်တံ့ရေးနှင့် လုံခြုံရေးကို ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ဒုတိယသမ္မတနှင့် ပါလီမန်အပေါ် ဆက်လက်သစ္စာခံသွားမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် စိုးရိမ်ထိတ်လန့်မှုမရှိဘဲ အေးအေးဆေးဆေးနေထိုင်ကြပါရန် မေတ္တာရပ်ခံပါကြောင်း ဖော်ပြထားသည်။

နိုင်ငံခြားတိုင်းပြည်များမှ နိုင်ငံတော်အကြီးအကဲများ တက်ရောက်မည့် စျာပနအခမ်းအနားကို မတ် ၈ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ပြုလုပ်မည်ဖြစ်ပြီး ဗင်နီဇွဲလားနိုင်ငံ၏သုံးရောင်ခြယ်အလံကို ဂုဏ်ပြုသည့်အနေဖြင့်အစိုးရကို ထောက်ခံသူများက အရောင်သုံးရောင် အဝတ်များဝတ်ဆင်ကြပါရန် နှိုးဆော်ထားသည်။

ထိုအတောအတွင်း အမေရိကန်သမ္မတအိမ်ဖြူက ကြေညာချက် ထုတ်ပြန်ရာ၌ ဗင်နီဇွဲလားနိုင်ငံသမိုင်းတွင် ကဏ္ဍသစ်တစ်ရပ်ဖွင့်ချိန်အတွင်း ဒီမိုကရေစီမူဝါဒများ ရှင်သန်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေး၊ လေးစားလိုက်နာရေးတို့ကိုအမေရိကန်က အလေးထားတွန်းအားပေးလျက်ရှိကြောင်း ဖော်ပြလိုက်သည်။ဗင်နီဇွဲလားသမ္မတချာဗက်ဇ်မှာ သူ့နိုင်ငံတွင်သာမက လက်တင်အမေရိကနှင့် ကမ္ဘာကြီးအတွက်ပါ ကြီးမြတ်သော နိုင်ငံရေးခေါင်းဆောင်ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ရုရှားအမြဲတမ်းကိုယ်စားလှယ် ဗစ်တာလီချာကင်က ပြောကြားသည်။

ကျူးဘားအစိုးရကမူ သမ္မတချာဗက်ဇ်ကွယ်လွန်သည့်အတွက် သုံးရက်ကြာ ဝမ်းနည်းခြင်းအထိမ်းအမှတ်ကြေညာသည်။ ကျူးဘားခေါင်းဆောင် ဖီဒယ်ကတ်စထရိုအနေဖြင့် သမ္မတချာဗက်ဇ်ဘက်မှ ရပ်တည်ခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ အာဂျင်တီးနားသမ္မတ ခရစ္စတီးနားဖာနန်ဒက်ကလည်း ဝမ်းနည်းကြောင်း ကြေညာသည်။ ပီရူး ဇွန် ၁ ရက်က အစည်းအဝေးကျင်းပစဉ်ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်ရပ်နားသည်။ ဘိုလစ်ဗီးယား သမ္မတ မိုရာဘက်က မိမိဗင်နီဇွဲလားနိုင်ငံ ကရာကပ်မြို့တော်သို့ ချက်ချင်းထွက်လာပြီဟု ကြေညာသည်။ အီကွေဒေါအစိုးရကလည်း ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြောင်း ကြေညာသည်။ ဩဇာကြီးသော သမ္မတချာဗက်ဇ်မှာ ပြည်တွင်း၊ ပြည်ပမှ ထောက်ခံသူများရှိသလိုဝေဖန်ကန့်ကွက်သူများလည်း ရှိသူဖြစ်သည်။ သူကွယ်လွန်သွားသည့်အတွက် ဒေသတွင်းအရင်းနှီးဆုံးမိတ်ဆွေနိုင်ငံများဖြစ်သည့် ကျူးဘား၊ ဘိုလစ်ဗီးယား၊ အီကွေဒေါနိုင်ငံ ခေါင်းဆောင်များအဖို့ အထူးဝမ်းနည်းကြရခြင်းဖြစ်သည်။ သမ္မတချာဗက်ဇ်သည် ဗင်နီဇွဲလား လူ့အဖွဲ့အစည်းအတွက် သာတူညီမျှမရှိမှုကို ကိုင်တွယ်ရန်ရည်ရွယ်ချက်ဖြင့် ပြုပြင်ပြောင်းလဲရေးသမ္မတအဖြစ် နိုင်ငံရေး ခရီးလမ်းကို စတင်လျှောက်လှမ်းလာခဲ့သည်။ ဆင်းရဲသားများအား စားနပ်ရိက္ခာနှင့် ဆေးဝါးကုသမှုပေးခဲ့သည်။ ထို့ပြင် နိုင်ငံရေးပွင့်လင်းမှုပါ ဖွင့်ပေးသည်။ ထို့ကြောင့်ပင် ဗင်နီဇွဲလားနိုင်ငံသည် ဝင်ငွေခွဲဝေမှု အမျှတဆုံး နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ခဲ့သည်။ သို့သော် စီးပွားရေးပြဿနာများကို ရေရှည်ပြေလည်အောင် မဖြေရှင်းနိုင်။ သူ့လက်ထက်တွင် အဂတိလိုက်စားမှုလည်း ဆက်ရှိနေပြီး အကြမ်းဖက်ရာဇဝတ်မှုများက ခေါင်းထောင်လာသည်ကိုလည်း တွေ့ရသည်။ ထို့ကြောင့် ကွယ်လွန်သူ သမ္မတ ချာဗက်ဇ်အဖို့ ပန်းတိုင်မရောက်မီ လှေလှော်ရင်း တက်ကျိုးသွားခြင်းပေလောဟု စောကြောဖွယ်ဖြစ်ပါသည်။

ကလေးငယ်များ အထီးကျန်စိတ်ဝေဒနာဖြစ်ပွားမှု မိခင်ဘဝ ဖောလစ်အက်စစ်စားသုံးခြင်းဖြင့် လျော့ပါးစေနိုင်

(သုတကျော်)

ကလေးငယ်များတွင် အထီးကျန်စိတ်ဝေဒနာဖြစ်မှုကို လျော့နည်းလာစေရန်မှာ မိခင်လောင်းဘဝအစနှင့် သန္ဓေလလယ်ချိန်များတွင် စတင်ကာ ကိုယ်ဝန်သည်အမျိုးသမီးများ အနေဖြင့် ဖောလစ်အက်စစ်ဖြည့်အစာများကို စားသုံးသင့်ကြောင်း သုတေသနပြုချက်အသစ်တစ်ရပ်က အကြံပြုသည်။

ကလေးဘဝ အထီးကျန်ခံစားရမှုစိတ်ဝေဒနာဖြစ်မှုကို ဖောလစ်အက်စစ်ဓာတ်ဖြည့်စာများက ကာကွယ်နိုင်စွမ်းရှိနေမှုကို သက်သေလက်ကိုင်ပြစရာမရှိသော်လည်း သုတေသနတွေ့ချက်မှုအရ ထိုရောဂါကို ကာကွယ်တားဆီးနိုင်စွမ်းဂုဏ်သတ္တိရှိသည်က အသေအချာဖြစ်ကြောင်း သုတေသနဦးဆောင်စာတမ်းရေးသားသူ အော်စလိုရှိ နော်ဝေပြည်သူ့ကျန်းမာရေးသိပ္ပံမှ ပညာရှင် ဒေါက်တာပါးလ်ဆူရန်က ဆိုသည်။

ကိုယ်ဝန်ဆောင်ချိန် အတွင်း ဖောလစ်အက်စစ်ဖြည့်စွက်စာ ဖြည့်တင်းမှုပြုခြင်းသည် ဝမ်းတွင်းပါရောဂါများကိုလည်း ကာကွယ်နိုင်စွမ်းရှိသည်ဟု သုတေသနစာတမ်းတွင် ဖော်ပြသည်။ ကျောရိုးများကို ထိခိုက်သက်ရောက်မှုဖြစ်စေသော မွေးရာပါ ကျောရိုးကွဲရောဂါနှင့် ဦးနှောက်အစိတ်အပိုင်းတစ်နေရာရာ၏ စွမ်းဆောင်ရည်ပျောက်ဆုံးရသော ရောဂါများကဲ့သို့ ဝမ်းတွင်းပါရောဂါများကို ကာကွယ်တားဆီးနိုင်ခြင်း ဖြစ်ကြောင်း ဖော်ပြထားသည်။

"ကလေးများ အထီးကျန်ဖြစ်သည့်ဝေဒနာခံစားရမှု ပပျောက်သက်သာစေရေးကို မိဘများက အမြဲတစေဆိုသလို မေးမြန်းသိချင်ကြပါတယ်။ ဒီအတွက် အဖြေကတော့ ကိုယ်ဝန်ဆောင် မိခင်လောင်းများအတွက် စရိတ်စကအလွန်သက်သာသည့် ဖောလစ်အက်စစ် ဓာတ်စာစားသုံးခြင်းပါပဲ"ဟု ဆေးပညာရှင်တစ်ဦးဖြစ်သူ အလီစီယာက ပြောကြားသွားသည်။ ဒေါက်တာဆူရန် ဦးဆောင်သော သုတေသနအဖွဲ့သည် ၂၀၀၂ ခုနှစ် မှ ၂၀၀၈ ခုနှစ်အတွင်း မွေးဖွားခဲ့သည့် ကလေးငယ် ၈၅၀၀၀ ကျော်ထက်မနည်းသည်ကို အချက်အလက်များ စုဆောင်းထားပြီး စောင့်ကြည့်သုတေသနပြုခဲ့သည်။ သုတေသနကာလခြောက်နှစ်ကျော်ကြာ ကာလအတွင်း ကလေးငယ်များရောဂါဖြစ်ပွားမှုကို လေ့လာခဲ့ရာတွင် ကလေး ၂၇၀ တွင် ငယ်စဉ်အထီးကျန်စိတ်ဝေဒနာရောဂါနှင့် နီးနွှယ်ဆက်စပ်သည်ဟု ခံစားရသည်ဆိုသည်။

မြောက်ကိုရီးယားကို ပြင်းပြင်းထန်ထန် အရေးယူရန် အမေရိကန်နှင့်တရုတ် သဘောတူညီ

အမေရိကန်နိုင်ငံအနေဖြင့် မြောက်ကိုရီးယားနိုင်ငံ၏ သံတမန်များနှင့် ငွေကြေးလွှဲပြောင်းပေးသူများကို ပစ်မှတ်ထားလျက် အရေးယူပိတ်ဆို့မှုတစ်ရပ် ပြုလုပ်ရေး တရုတ်နှင့် သဘောတူညီလိုက်ပြီဖြစ်သည်။ ကုလသမဂ္ဂအနေဖြင့် ပြင်းထန်သော အရေးယူမှုအချို့ ပြုလုပ်လိမ့်မည်ဖြစ်ကြောင်း ဝါရှင်တန်မှ ကုလသမဂ္ဂဆိုင်ရာသံအမတ်ကြီး ဆူဆန်ရိုက်စ်က ပြောကြားသည်။ မြောက်ကိုရီးယားနိုင်ငံတွင် တတိယနှင့် အားအပြင်းဆုံးနျူကလီးယားစမ်းသပ်မှုအပြီး ပြင်းထန်သော သတိပေးမှုတစ်ရပ်ပြုလုပ်ခဲ့ကြောင်း တရုတ်နိုင်ငံ ကုလသမဂ္ဂဆိုင်ရာ သံတမန်လီဘော်ဒေါင်းက ပြောကြားသည်။ စောစောပိုင်းတွင် ပြုံယမ်းက နှစ် ၆၀ နျူကလီးယားအပစ်အခတ်ရပ်စဲရေးစာချုပ်ကို ဖျက်သိမ်းရန် သတိပေးပြောကြားခဲ့သည်။ စစ်ရေးလေ့ကျင့်မှုနှင့် အရေးယူပိတ်ဆို့မှု၊ ခြိမ်းခြောက်မှုများကြောင့် တောင်ကိုရီးယားနိုင်ငံနှင့် မတ် ၁၁ ရက်တွင် အပစ်အခတ်ရပ်စဲရေးစာချုပ်အဆုံးသတ်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားစစ်ဌာနချုပ်က ကြေညာထားသည်။

ဗင်နီဇွဲလားသမ္မတ ရွေးကောက်ပွဲ ရက် ၃၀ အတွင်း ကျင်းပမည်

ဗင်နီဇွဲလား ဒုတိယသမ္မတ နီကိုလပ်မာဒူရိုအနေဖြင့် သမ္မတဟူဂိုချာဗက်ဇ်ကွယ်လွန်သွားချိန်တွင် ယာယီသမ္မတအဖြစ် တာဝန်ထမ်းဆောင်ပြီး ရက် ၃၀ အတွင်း သမ္မတရွေးကောက်ပွဲကို ကျင်းပလိမ့်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး အီးလီယက်ဂျူယာက ကြေညာလိုက်သည်။ ရွေးကောက်ပွဲရက်ကို တစ်လအတွင်း သို့မဟုတ် ရွေးကောက်ပွဲရက်ကို ထိုကာလ၌ ကြေညာခြင်းမပြုလျှင် မိမိအနေဖြင့် ရှင်းပြနိုင်လိမ့်မည်မဟုတ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ အသက် ၅၈ နှစ်ရှိ သမ္မတဟူဂိုချာဗက်ဇ်သည် နှစ်နှစ်နီးပါးကြာ ကင်ဆာရောဂါဝေဒနာခံစားနေရပြီး မတ် ၅ ရက်က ကာရာကာ့စ် စစ်ဆေးရုံ၌ ကွယ်လွန်ခဲ့ပြီဖြစ်သည်။

မြင့်မောင်စိုး-စုစည်းသည်

၃၃ နှစ်ကြာ ပျောက်ဆုံးနေသော ဆိုဗီယက်စစ်သား အာဖဂန်၌ ပြန်လည်တွေ့ရှိ

လွန်ခဲ့သော နှစ်ပေါင်း ၃၃ နှစ်နီးပါးကြာ အာဖဂန်၌ ပျောက်ဆုံးနေသော ဆိုဗီယက်စစ်သားတစ်ဦးကို အာဖဂန်နစ္စတန်နိုင်ငံ ဟီရက်ပြည်နယ်အနောက်ပိုင်း၌ အာဖဂန်ပြည်သူများနှင့်အတူနေထိုင်လျက်ရှိသည်ကို တွေ့ရသည်ဟု ဆိုသည်။ အဆိုပါ စစ်သားသည် အာဖဂန်အမည် ရှိတ်အဗ္ဗဒူလာဟု အမည်ခံထားကြောင်း ရုရှားသတင်းအေဂျင်စီ အာရ်အိုင်အေက ပြောသည်။ ၎င်း၏ လူမျိုးစုမှာ ဥဇဘက်မျိုးနွယ်စုဖြစ်ပြီး ဆိုဗီယက်စစ်ပြန်ဟောင်းဖြစ်သည်။ ၎င်းသည် ၁၉၈၀ ပြည့်နှစ်က ဆိုဗီယက်ကျူးကျော်ပြီးနောက် တိုက်ပွဲတွင် ဒဏ်ရာရခဲ့ခြင်းဖြစ်သည်။ ၎င်းအား အာဖဂန်ဒေသခံများက ကယ်ဆယ်ထားခြင်းဖြစ်သည်။ရှိတ်အဗ္ဗဒူလာ၏အမည်ရင်းမှာ ဘာခရီဒင်းခါတီမော့ဗ်ဖြစ်သည်။ **(အောက်ပုံ)** အာဖဂန်၌ ဆိုဗီယက်စစ်သား ၂၆၄ ဦးပျောက်ဆုံးနေဆဲဖြစ်သည်။ ၎င်းတို့အနက်တစ်ဝက်မှာ ရုရှားလူမျိုးများ ဖြစ်သည်။ ၁၉၈၉ ခုနှစ် ဆိုဗီယက်တို့ ရုပ်သိမ်းသွားပြီးနောက် အာဖဂန်၌ ပျောက်ဆုံးစစ်သား ၂၉ ဦး တွေ့ရှိခဲ့သည်ဟု ဆိုသည်။ ၎င်းတို့အနက် ၂၂ ဦးမှာ နေရပ်နိုင်ငံသို့ ပြန်သွားကြသော်လည်း ခုနစ်ဦးသည် အာဖဂန်နိုင်ငံ၌ဆက်လက်နေထိုင်လျက် ရှိသည်။

ပျောက်ဆုံးကြောင်း

ဦးမိုးမြင့် ၁၂/မရက(နိုင်)၀၇၀၈၃၃၏ နိုင်ငံကူးလက်မှတ်အမှတ် A-၃၈၉၄၉၉သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၆၅၆၆၂၀၊ ၀၉-၅၀၁၃၅၁၃

သွေးသည်အသက်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဂုဏ်ပြုဆောင်းပါး ၈ - ၃ - ၂၀၁၃

ကျား၊မ အခွင့်အရေးများ တန်းတူညီမျှရရှိဖို့ အားပေးမြှင့်တင် ဖြည့်ကျင့်စို့

ကြည်ထွန်း (လူမှုဝန်ထမ်း)

စီဒေါကွန်ဗင်းရှင်းလို့ အများက သိထားကြတဲ့ "အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း" (Convention on the Elimination of all forms of Discrimination Against Women- CEDAW) သက်တမ်းဟာ နှစ်ပေါင်း ၃၀ကျော်ခဲ့ပါပြီ။ ဒီကွန်ဗင်းရှင်းကို အမျိုးသမီးတွေနဲ့ ပဲသက်ဆိုင်တယ်လို့ ယူဆရင်တော့ မှားပါလိမ့်မယ်။ အမျိုးသမီးတွေရဲ့ ရပိုင်ခွင့်နဲ့ လွတ်လပ်မှုအကြောင်းကိုပြောရင် အမျိုးသားတွေရဲ့ အခန်းကဏ္ဍကို ခြွင်းချန်ထားလို့ မရပါဘူး။ ဒါကြောင့် ဒီကွန်ဗင်းရှင်းပါ အချက်အလက်တွေဟာ ကျား၊မ မဟူ သိရှိနားလည်ထိုက်တဲ့ အကြောင်းအရာတွေပါ။

၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်မှာ ကုလသမဂ္ဂအထွေထွေညီလာခံက သဘောတူလက်ခံခဲ့တဲ့ ဒီကွန်ဗင်းရှင်းကို မြန်မာနိုင်ငံက ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၂ ရက်မှာ ပါဝင် လက်မှတ်ထိုးပြီးဖြစ်ပါတယ်။ လက်မှတ်ရေးထိုးကြပြီးဖြစ်တဲ့ ကမ္ဘာ့နိုင်ငံအများစုဟာ ကွန်ဗင်းရှင်းပါ အခွင့်အရေးတွေကို ကိုယ့်နိုင်ငံမှာရှိတဲ့ အမျိုးသမီးတွေအားလုံး ကိုယ်စီကိုယ်င ရရှိအောင် ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။

တကယ်တော့ ယောကျ်ားနဲ့ မိန်းမဟာ လိင်အင်္ဂါနဲ့မျိုးပွားအင်္ဂါတွေ ကွဲပြားတာကလွဲရင် အားလုံးအတူတူပါပဲ။ သဘာဝတရားက မညီမျှမှုကို ဖန်တီးထားတာ မဟုတ်ပေမယ့် လူ့အသိုက်အဝန်းရဲ့ သတ်မှတ်ချက်တွေ၊ သဘောထားတွေကြောင့်သာ ကျားနဲ့မ ခွဲခြားမှုတွေရှိနေတာဖြစ်ပါတယ်။ လိင်မတူတာအပေါ် အကြောင်းပြုပြီး အဖြစ်အပျက်တစ်ခုခုမှာ တစ်စုံတစ်ယောက်ကိုနှိမ်တာဟာ ကျား၊မခွဲခြားဆက်ဆံမှုပါပဲ။ ကမ္ဘာအဝန်းမှာ နိုင်ငံ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း ကွဲပြားမှုတွေအပေါ်မူတည်ပြီး အမျိုးသမီးတွေဟာ အမျိုးသားတွေနဲ့ တန်းတူအခွင့်အရေးမရတာတွေ အများကြီး ရှိနေပါတယ်။

မဟာဖိုဝါဒကြီးစိုးတဲ့ နိုင်ငံအချို့မှာဆိုရင် ကြိုက်သလောက် မိန်းမယူခွင့်ရှိတယ် စသည်ဖြင့် အမျိုးသားတွေကို အားပေးထောက်ပံ့ထားတဲ့ ဥပဒေတွေရှိပါတယ်။ ယောကျ်ားသားတွေအနေနဲ့ လွတ်လွတ်လပ်လပ် ပြောနိုင်ဆိုနိုင်ပေမယ့် အမျိုးသမီးတွေအဖို့ ပြောရေးဆိုခွင့်မသာတာတွေ အများကြီး ရှိပါတယ်။ အမျိုးသမီး အများစုရဲ့ ဘဝတစ်လျှောက်ဟာ ကလေးမွေးရ၊ ပြုစုပျိုးထောင်ရနဲ့ အချိန်တွေကုန်လွန်သွားတာများပါတယ်။ သူတို့တွေရဲ့ အိမ်ထောင်မှုတာဝန် ဗာဟီရကိစ္စတွေဟာလည်း ထင်သာမြင်သာ မရှိသလို အသိအမှတ်ပြုမခံရတဲ့ ဘဝမျိုးမှာ ရောက်နေပါတယ်။

အမျိုးသားတွေဟာ အမျိုးသမီးတွေထက် ဆုံးဖြတ်ခွင့်အာဏာပိုပြီး ရှိကြသလို၊ နေရာပိုပြီးတော့လည်း ရကြပါတယ်။ မိသားစုစီးပွားရေးကျပြန်တော့လည်း များသောအားဖြင့် ယောကျ်ားလေးကိုပဲ အမွေဆက်ခံသူအဖြစ် ဦးစီးဦးဆောင်ခွင့်ပြုကြပါတယ်။ မိန်းကလေးတွေကျတော့ သေစာရှင်စာတတ်ရင် တော်ရောပေါ့ဆိုပြီး အခြေခံ မူလတန်းပညာကိုတောင် ဆုံးခန်းတိုင်သင်ယူခွင့်မရရှိဘဲ မီးဖိုချောင်ထဲမှာ အချိန်ကုန်ရသူတွေလည်း မနည်းပါဘူး။ ဒီလိုနဲ့ စာပေ သင်ယူခွင့်မရဘဲ မိန်းကလေး တော်တော်များများဟာ သူတို့မှာရှိတဲ့ အစွမ်းအစကို ဖော်ထုတ်ခွင့်မရတာ အမှန်ပါ။

အိမ်ထောင်သည် ယောကျ်ားအချို့ဟာ စျေးဝယ်၊ ချက်ပြုတ်၊ အဝတ်လျှော်စတဲ့ အိမ်မှုကိစ္စတွေမှာ ပါဝင်ကူညီတတ်ကြပါတယ်။ ဒီလို အမျိုးသားတွေရဲ့ တာဝန်ခွဲယူမှု၊ ညှာတာတတ်မှု၊ စာနာထောက်ထားမှုတွေအပေါ် ပတ်ဝန်းကျင်က အားနည်းချက်တစ်ရပ်လို့ ယူဆကြတာလည်း ရှိပါတယ်။ ဒီလို ကျားနဲ့မ ခွဲခြားမှုတွေကြောင့် အမျိုးသားတွေရှိတဲ့ မသဘာဝရော အမျိုးသမီးတွေမှာရှိတဲ့ ကျားသဘာဝပါ ရှင်သန်ခွင့်မရတဲ့အခြေအနေကို ရောက်နေတာပါ။ ယေဘုယျအားဖြင့် အမျိုးသားနဲ့ အမျိုးသမီးတွေအပေါ် လူမှုရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာအရ အဓိပ္ပာယ်ခွဲခြား ဖွင့်ဆိုချက်တွေကို အမျိုးသား၊ အမျိုးသမီး လူမှုရေးဆိုင်ရာ ဂျန်ဒါ (Gender) လို့ ခေါ်ပါတယ်။

လူ့သမိုင်းတစ်လျှောက်မှာ မိန်းကလေး၊ ယောကျ်ားလေးတွေမှာရှိတဲ့ တူညီမှုတွေကို မြေတောင်မြှောက်ပေးရမယ့်အစား လူ့အဖွဲ့အစည်းနဲ့ ယဉ်ကျေးမှုတွေက ကွဲပြားခြားနားမှုတွေကိုပဲ အသားပေးနေကြပါတယ်။ ဒီလိုကွဲပြားခြားနားမှုတွေနဲ့ပဲ ရှင်သန်ကြီးထွားလာတာ ဖြစ်တဲ့အတွက် ကျားနဲ့မ ဘဝလမ်းကြောင်းတွေဟာလည်း သီးခြားစီ ကွဲထွက်သွားရတာပါ။ ဒီလိုမညီမျှမှုတွေဟာ အမျိုးသားတွေနဲ့ အမျိုးသမီးတွေကြားမှာ ဆက်ဆံရေးတင်းမာမှုနဲ့ အငြင်းပွားမှု၊ သဘောထားကွဲလွဲမှုနဲ့ ပဋိပက္ခတွေကို ဖြစ်ပေါ်စေခဲ့တာ ဖြစ်ပါတယ်။

တကယ်တော့ ကျားနဲ့မ မညီမျှမှု၊ ခွဲခြားမှုတွေကြောင့် မိန်းမတွေသာမက မိသားစု လူ့အဖွဲ့အစည်းနဲ့ နိုင်ငံမှာပါ ထိခိုက်နစ်နာမှုတွေ ဖြစ်ရပါတယ်။ ဆင်းရဲမှုတွေ လျှော့ချဖို့ဆိုရင် ကျားနဲ့မ မညီမျှ၊ ခွဲခြားမှုတွေ လျော့ကျသွားအောင် မဖြစ်မနေ ဆောင်ရွက်ဖို့လိုပါပြီ။ အမျိုးသမီးတွေကို ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နိုင်ဖို့ အရင်းအနှီး ထုတ်ပေးကြည့်ပါ။ အမျိုးသမီးတွေဟာ အမျိုးသားတွေထက် မတည်ရင်းနှီးငွေ နည်းနည်းနဲ့ အကျိုးအမြတ်ရှိအောင် လုပ်ကိုင်နိုင်စွမ်းရှိရုံသာမက အတိုးအရင်းငွေကိုလည်း မှန်မှန်ပေးဆပ်လေ့ရှိကြပါတယ်။ ရလာတဲ့ ဝင်ငွေကိုလည်း ဖြုန်းတီးမပစ်ဘဲ မိသားစုစားဝတ်နေရေး၊ ကျန်းမာရေးနဲ့ ပညာရေးတွေမှာ အသုံးပြုကြတာများပါတယ်။

ဒါကြောင့် မိန်းမတွေဟာ ယောကျ်ားတွေထက် မနိမ့်ကျဘူး။ အားမနည်းဘူးလို့ လက်ခံတဲ့ လူ့အဖွဲ့အစည်းအဖြစ် ဖန်တီးဖို့အချိန်ရောက်နေပါပြီ။ အမျိုးသမီး၊ အမျိုးသားတွေအပေါ် သတ်မှတ်တားတဲ့ စံ၊ အမူအကျင့်တွေကို ပြောင်းလဲပစ်ရပါမယ်။ အမျိုးသားတွေနဲ့ပဲ သင့်တော်တယ်၊ အမျိုးသမီးတွေသာ လက်ခံမယ်ဆိုတဲ့ အလုပ်အကိုင် နေရာချထားမှုအပေါ် လွဲမှားနေတဲ့ နားလည်ခံယူမှုတွေကိုလည်း ပြောင်းလဲရပါမယ်။ အရင်းအမြစ်တွေ၊ ရပိုင်ခွင့်တွေ ခွဲဝေမှုမှာ အမျိုးသမီး အမျိုးသား တန်းတူညီမျှဖြစ်ဖို့ လိုပါတယ်။ လူ့အဖွဲ့အစည်းအတွင်းမှာ အမျိုးသမီးတွေကို ဆုံးဖြတ်ပိုင်ခွင့်၊ ခေါင်းဆောင်ခွင့်အာဏာတွေ ခွဲဝေပေးဖို့လိုပါတယ်။ အမျိုးသမီးတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်ပေးနိုင်မယ့် ထိရောက်တဲ့ ဥပဒေတွေ ပြဋ္ဌာန်းပေးပြီး အတားအဆီးတွေကို ဖယ်ရှားပေးရမှာ ဖြစ်ပါတယ်။

အမျိုးသမီးများနဲ့ မိန်းကလေးများအတွက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံခြင်းဟာ မှန်ကန်တဲ့ ဆောင်ရွက်ချက်လို့ နိုင်ငံတကာက လက်ခံထားပါတယ်။ ကမ္ဘာ့လူသားတွေရဲ့ ပြဿနာတွေကို ဖြေရှင်းရာမှာလည်း အခရာကျပါတယ်။ အမျိုးသမီးတွေဟာ ပုံမှန်ဝင်ငွေရရင် သူတို့ရဲ့ မိသားစုအတွက် ပြန်လည်ရင်းနှီးမြှုပ်နှံလေ့ရှိကြပါတယ်။ မိန်းကလေးများနဲ့ အမျိုးသမီးများရဲ့ဘဝကို တိုးတက်စေခြင်းဟာ မိသားစုများရဲ့ ဘဝကို တိုးတက်စေသလို စီးပွားရေး ဖွံ့ဖြိုးမှု၊ ငြိမ်းချမ်းရေးနှင့် တန်းတူညီမျှ ရရှိမှုတို့ကိုပါ ဆင့်ပွားရရှိစေမှာ ဖြစ်ပါတယ်။ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများ မြှင့်တင်ခြင်းဖြင့် အမျိုးသမီးတွေရဲ့ စွမ်းရည်ဖွံ့ဖြိုးမှုကိုဖြစ်စေပြီး အနာဂတ်မျိုးဆက်သစ်များရဲ့ လူမှုဘဝကိုပါ တိုးတက်စေနိုင်ပါတယ်။

အမျိုးသမီးများအတွက် ရင်းနှီးမြှုပ်နှံခြင်းဖြင့် အနာဂတ်ကမ္ဘာအတွက် ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကို ဖော်ဆောင်နိုင်မှာ အမှန်ပါ။ ဒါကြောင့် စီဒေါကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ အမျိုးသမီးတွေ ရသင့်ရထိုက်တဲ့အခွင့်အရေးတွေ ပြည့်ပြည့်ဝဝရရှိအောင် အမျိုးသားထုတစ်ရပ်လုံးက ဖြည့်ကျင့်ပေးကြပါစို့လို့ တိုက်တွန်းနှိုးဆော်ရင်း ၂၀၁၃ ခုနှစ် မတ်လ ၈ ရက်မှာကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို ဂုဏ်ပြုအပ်ပါတယ်။

အမြို့ မြို့ အနယ်နယ်ပျံ့သည့် မြန်မာ့အလင်း တွင် ကြော်ငြာပါ။

ဇလီဖားတုံးများမီးလောင်၍ ရထားရပ်တန့်ရ

မော်လမြိုင် မတ် ၇

စက်ခေါင်းမောင်း ဦးတင်ရှိန် မောင်းနှင်ပြီး ရထားထိန်း ဦးတင်ထွန်း လိုက်ပါတာဝန်ထမ်းဆောင်သော အမှတ်(၁၇၃)အဆန် မော်လမြိုင်-ရေး လူစီးရထားသည် မတ် ၅ ရက် ညနေ ၃ နာရီ ၁၀ မိနစ်ခန့်က ကမာဝက်ဘူတာနှင့် သံဖြူဇရပ်ဘူတာအကြား မိုင်တိုင်အမှတ် ၂၁၁/၁၆ မှ ၂၄ ၌ သံလမ်းတွင်ခင်းထားသော ဇလီဖားတုံးများ မီးလောင်နေသဖြင့် ရထားကို မိုင်တိုင်အမှတ် ၂၁၁/၁၂ တွင် မိနစ် ၂၀ ခန့် ရပ်တန့်ခဲ့ရသည်။

အဆိုပါမီးလောင်ရာသို့ ရထားပေါ်တွင် လိုက်ပါတာဝန်ထမ်းဆောင်လာသော လက်မှတ်စစ်နှင့် လုံခြုံရေးရဲဝန်ထမ်းများ၊ ခရီးသည်များနှင့် အင်ဂျင်နီယာဌာနမှ လမ်းဗိုလ်လေးအဖွဲ့က ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သဖြင့် မီးငြိမ်းသွားခဲ့ပြီး ရထားပုံမှန်အတိုင်း ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။ **(ဦးတင်ထွန်း)**

ခေတ်အေးကျေးရွာအဝင်လမ်း၌ ဆိုင်ကယ်တိုက်မှုဖြစ်ပွား

နေပြည်တော် မတ် ၇

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာ၌ မတ် ၄ ရက် နံနက် ၁၀ နာရီခွဲက ကျေးရွာအဝင် မြေနီလမ်း၌ ဆိုင်ကယ်နှစ်စီး တိုက်မှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ယင်းကျေးရွာနေ ဦးအောင်သိုက် (၃၂) နှစ်သည် ပုဂ္ဂလိကဆန်စက်သို့ မိမိပိုင် စပါးအိတ်များချထားပြီး အိမ်အပြန်တွင် တစ်ရွာတည်းနေ အရွယ်မရောက်သေးသူ မောင်းနှင်လာသော မော်တော်ဆိုင်ကယ်နှင့် ရွာအဝင်လမ်းတွင် တိုက်မိကြသည်။

ဆိုင်ကယ်တိုက်မှုကြောင့် ခေတ်အေးကျေးရွာနေ ဦးအောင်သိုက်သည် ညာဘက်ပေါင်တွင် ဒဏ်ရာပြင်းထန်စွာရရှိပြီး ဆေးရုံသို့ တင်ပို့ကုသထားရကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်မောင်းနှင်နေသူများသည် အများအားဖြင့် အသက်အရွယ်မပြည့်ခြင်း၊ လိုင်စင်မရှိခြင်း၊ ဆိုင်ကယ်စီး ဦးထုပ်မဆောင်းခြင်း၊ ဥပဒေကို မျက်ကွယ်ပြုကာ မောင်းနှင်နေသူများ များပြားလျက်ရှိခြင်းတို့ကြောင့် မကြာခဏ ယာဉ်တိုက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရှိရသည်။

ကျော်သန်း (မော်လမြိုင်)

(၁၂၄)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် မတ် ၇

(၆၈)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်း၊ တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMB A) အမှုဆောင် သုဓမ္မမဏ္ဍိဇောတရဲဘွဲ့တံဆိပ်တော်ရ ဦးစိုးရှိန် (မောင်စိုးထိုက်-သုံးဆယ်) စာပေဆုများနှင့် လူမှုထူးချွန် (ပထမဆင့်) ဆုရှင် **(အပေါ်ယာပုံ)** သည် အမှတ် (၂) တပ်မတော်ဆေးရုံကြီး ခုတင် (၅၀၀)တွင် မတ် ၁ ရက်က (၁၂၄) ကြိမ်မြောက် သွေးလှူဒါန်းကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

လွှတ်တော်ရေးရာကဏ္ဍ

❖ ပြည်သူ့လွှတ်တော်မှ

စုစုပေါင်း ၂၁၄၀၀ အထိ ရှိကြသည်ကိုလည်း စိစစ်တွေ့ရှိရပါကြောင်း၊ ထို့အပြင် ၄-၁၂-၂၀၁၂ ရက်မှ ၅-၁၂-၂၀၁၂ ရက် အထိကျင်းပခဲ့သော ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၅၇)ပါး စုံညီအဋ္ဌရသမအစည်းအဝေး၌ ဆရာတော်ကြီးများက ထေရဝါဒဗုဒ္ဓဘာသာ ပိဋကတ်တော်များနှင့်ညီညွတ်မှုမရှိသော ရေးသား/အသံသွင်း/ ထုတ်ဝေမှုရှိသည့်အတွက် လွန်စွာစိတ်မချမ်းမသာစွာဖြင့် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ခဲ့ပြီး သာသနာရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော်အစိုးရထံ လိုအပ်သလိုဆောင်ရွက်ပေးရန် ဩဝါဒပေးခဲ့သည်ကို သိရှိရပါကြောင်း။

မိမိတို့နိုင်ငံတွင် စာနယ်ဇင်းဆိုသည်မှာ ဒီမိုကရေစီရှင်သန်မှုအတွက် အသက်ရှူရန် လေကောင်းလေသန့်လို အရေးကြီးပါကြောင်း၊ စာနယ်ဇင်းလောကသားများ၏ နိုးကြားတက်ကြွမှုရှိသလောက်၊ စိတ်ရင်းစေတနာကောင်းသလောက် လူ့အဖွဲ့အစည်း၏ ဒီမိုကရေစီအတွက် အရှေ့ကို တွန်းအားပေးကူညီနိုင်ပါကြောင်း၊ စာနယ်ဇင်းသမားများ၏ ဤမျှအရေးကြီးသည့် တာဝန်ကို ကောင်းမွန်စွာထမ်းဆောင်နိုင်အောင်အဟန့်အတားများ နည်းပါးသက်သာရအောင် မိမိတို့တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်လျက်ရှိသော်လည်း စာပေစိစစ်ရေးရုပ်သိမ်းပြီးသည့်အချိန်တွင် ဆရာတော်၊ သံဃာတော်များနှင့်ဗုဒ္ဓပြည်သူများသည် အထက်၌ ဖော်ပြခဲ့သကဲ့သို့ စာနယ်ဇင်းလောကထဲတွင် အဆိပ်အတောက် အဖိုးအငွေ့များ မွန်ထူလာနေသည်ကိုကြည့်ပြီး အနာဂတ်ဘာသာသာသနာရေးအတွက် လည်းကောင်း၊ မျိုးဆက်သစ်လူငယ်များနှင့် အလွန်နုနယ်လွန်းလှသည့် ကလေးသူငယ်များအတွက်လည်းကောင်း ရတက်မအေးဖွယ် ယနေ့ လက်တွေ့ ကြုံတွေ့နေရပါကြောင်း၊ ယင်းလွှတ်တော် ကိုယ်စားလှယ်ကြီးများကိုယ်တိုင်လည်း မိဘအရွယ်၊ အဘိုးအဘွားအရွယ်များ ဖြစ်ကြသည့်အတွက် မိမိတို့၏သားသမီးများ၊ မြေးမြစ်များကို အဖိုးအဆိပ်အတောက်

ချောင်ဦး မဲဆန္ဒနယ်မှ ဦးစောလှထွန်း။ (မြန်မာ့အလင်း)

ဝန်းကျင်ထဲတွင် ဤအတိုင်းပစ်ထားလိုကြမည်မဟုတ်ဟု မိမိယုံကြည်ပါကြောင်း၊ ထို့အတွက် မိမိတို့တစ်ခုခုလုပ်ရန်လိုပါကြောင်းဖြင့်လည်း ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့ ဤဘက်ခေတ်တွင် ပိုမိုလွတ်လပ်လာကြပါကြောင်း၊ ပိုမိုပွင့်လင်းလာကြပါကြောင်း၊ ထင်သာမြင်သာလည်း ရှိလာကြပါကြောင်း၊ မိမိတို့၏လူ့နေမှုဘဝတွင် ကမ္ဘာလွှမ်းခြုံပြောင်းလဲမှုဖြစ်စဉ်ကြီး၏ အကျိုးကျေးဇူးများလည်း မိမိတို့နေ့စဉ် ခံစားနေကြရပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့်တကွ မိဘပြည်သူတစ်ရပ်လုံး သိပြီးသားဖြစ်ကြပါကြောင်း၊ ကမ္ဘာ့လွှမ်းခြုံပြောင်းလဲမှုကြီး၏ ကောင်းကျိုးများနှင့်အတူ ဆိုးပြစ်များလည်းပါလာပါကြောင်း၊ ယင်းဆိုးပြစ်များထဲ၌ အဓိကကျသည့်အချက်တစ်ချက်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ မူလယုံကြည်တန်ဖိုးထားမှုများ၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုဓလေ့စရိုက်၊ အမွေအနှစ်များနှင့် ရှိရင်းစွဲလူနေမှုဘဝမှ ကောင်းမွေများအားလုံးကို ရပ်တန့်ဆုံးရှုံးသွားစေနိုင်သည် ဆိုသည့်အချက်ဖြစ်ပါကြောင်း၊ ဤဆိုးပြစ်များကို နိုင်ငံတိုင်း၊ နိုင်ငံသားတိုင်း၊ နိုင်ငံရေးပါတီတိုင်း၊ လူထုလူတန်းစားအဖွဲ့အစည်းတိုင်း၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ရှိသူတိုင်းက ကာကွယ်ရန်တာဝန်ရှိပါကြောင်း၊ အမျိုးဘာသာ၊ သာသနာ၊ စာပေ၊ ယဉ်ကျေးမှုနှင့်ပတ်သက်ပြီး ယင်းဆိုးပြစ်ကို ကာကွယ်ရန် မိမိတို့၌ဘာရှိပါသလဲ၊ လက်သုံးကိရိယာမမယ်ရရ ဘာမျှမရှိဘဲ ဖြစ်နေပါကြောင်း၊ ယနေ့မိမိ တင်သွင်းမည့်ဥပဒေကြမ်းသည် လွှတ်တော် ကိုယ်စားလှယ်ကြီးများအတွက် လိုအပ်နေသည့် လက်သုံးကိရိယာများထဲက တစ်ခုဖြစ်လာပါလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ဤနေရာတွင် အငြင်းပွားသူများက ထောက်ပြပြောဆိုနေသည့် ပုဒ်မ(၇)စည်းမျဉ်း စည်းကမ်းများကို လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများက စဉ်းစားပေးနိုင်ပါရန် ဆက်လက်တင်ပြသွားမည် ဖြစ်ပါကြောင်း။

ယင်းအချက်များမှာ (၁) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ မိမိလူမျိုး၏ ဘာသာ၊ သာသနာကိုလည်းကောင်း၊ အခြားဘာသာ သာသနာကိုလည်းကောင်း၊ ထိခိုက်နစ်နာစေမည့်အကြောင်းအရာများဖော်ပြခြင်း၊ (၂) တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေရန်သော်လည်းကောင်း၊ ဆူပူအကြမ်းဖက်မှု ဖြစ်ပွားစေရန်သော်လည်းကောင်း လှုံ့ဆော်ခြင်း၊ (၃) ညစ်ညမ်းစာများကို ဖော်ပြခြင်း၊ (၄) ရာဇဝတ်မှုရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ပြစ်မှုကျူးလွန်ခြင်းတို့ကို အား

မြို့သစ် မဲဆန္ဒနယ်မှ ဦးမြင့်သူ။ (မြန်မာ့အလင်း)

ပေးခြင်းနှင့်လှုံ့ဆော်ခြင်း၊ (၅)ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများအရ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ဖောက်ဖျက်ရာရောက်သည့် အရေးအသား၊ စာများထုတ်ဝေခြင်းတို့ဖြစ်ပါကြောင်း။

ဥပဒေ၌ထည့်သွင်း

သတင်းလွတ်လပ်ခွင့်နှင့် ပတ်သက်၍ ကမ္ဘာပေါ်တွင် အထင်ရှားဆုံးဖြစ်သည့် နိုင်ငံသားမှုနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများနှင့်ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် (International Covenant on Civil and Political Rights)Article 19 Para.3 တွင် မိမိအယူအဆ သဘောထားများကို လွတ်လပ်စွာ ဖော်ထုတ်ခွင့်ရှိသော်လည်း လူတစ်ဦး၏ အခွင့်အရေးနှင့် ဂုဏ်သတင်းကိုလည်းကောင်း၊ အမျိုးသား လုံခြုံရေး၊ အများပြည်သူ စနစ်တကျရှိရေး၊ ပြည်သူ့ကျန်းမာရေးနှင့် ကိုယ်ကျင့်တရားတို့ကို လည်းကောင်း အလေးထားရမည့် တာဝန်အဖြစ် ဖော်ပြထားပြီး လိုအပ်ပါက ဥပဒေ၌ ထည့်သွင်းဖော်ပြရမည်ဟု ပါရှိပါကြောင်း။

ဤနေရာတွင် အမျိုးသားလုံခြုံရေး (National Security) နှင့် ပတ်သက်၍အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တင်ပြလိုပါကြောင်း၊ အမျိုးသားလုံခြုံရေးဆိုသည်မှာ စီးပွားရေးလုံခြုံရေး၊ ငွေကြေးလုံခြုံရေး၊ စွမ်းအင် လုံခြုံရေး၊ သဘာဝပတ်ဝန်းကျင်လုံခြုံရေး၊ စစ်ဘက်ဆိုင်ရာ လုံခြုံရေး၊ နိုင်ငံရေးလုံခြုံရေးနှင့် သဘာဝအရင်းအမြစ် လုံခြုံရေးတို့ ပါဝင်သည့်အတွက် အများကြီး ကျယ်ပြန့်ပါကြောင်းထို့အပြင် အများပြည်သူ စနစ်တကျရှိရေးနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာလည်း လူတိုင်းသည် စိုးရိမ်မှု၊ နှောင့်ယှက်မှုမရှိဘဲ အများပြည်သူဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများအတိုင်း စုဝေးဝင်ထွက်သွားလာပိုင်ခွင့်ရှိပါကြောင်း၊ သို့သော်အများပြည်သူဆိုင်ရာနေရာများတွင် အန္တရာယ်ကို သယ်ဆောင်လာခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဆူပူသောင်းကျန်းခြင်းတို့ကို တားမြစ်သည်ဟုဖော်ပြထားပါကြောင်း။

အမျိုးသားလုံခြုံရေးနှင့် အများပြည်သူစနစ်တကျရှိရေးဆိုသည့်စကားသည် ကျယ်ပြန့်သော်လည်း မိမိတို့က အနည်းဆုံးလိုအပ်ချက် အနှစ်သာရကိုသာ အကျဉ်းချုံးဖွင့်ဆိုခြင်းသည် သတင်းသမားများအတွက် အဟန့်အတားမဖြစ်စေရန်နှင့် သတင်းလွတ်လပ်ခွင့်ကို အတတ်နိုင်ဆုံး ဖွင့်ပေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေကြမ်းပုဒ်မ (၇)ပါ စည်းကမ်းသတ်မှတ်ချက်များသည် နိုင်ငံတကာ စံနှုန်းများနှင့်အညီ ထည့်သွင်းထားခြင်းဖြစ်ကြောင်း တင်ပြလိုပါကြောင်း၊ ပုဒ်မ (၈)အရ အဆိုပါစည်းကမ်းချက်များနှင့် မညီသည့်စာကိုလည်း Invalid publication တရားမဝင်ထုတ်ဝေစာအဖြစ် သတ်မှတ် ကြေညာမည်ဖြစ်ပါကြောင်း၊ ထိုသို့ကြေညာလျှင် ဆက်လက်ပုံနှိပ်ခြင်းမပြုရန်နှင့် ထုတ်ဝေခြင်းမပြုရန် သာဖြစ်ပါကြောင်း၊ ယင်းကိစ္စအတွက် ဖမ်းဆီးခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်းများ လုံးဝမရှိပါကြောင်း၊ ဆိုးရွားစွာဖောက်ဖျက်ခြင်း (သို့မဟုတ်) ထပ်မံဖောက်ဖျက်မှသာ တရားမကြောင်းအရ တရားစွဲနိုင်မည် ဖြစ်သည့်အတွက် ယင်းသည်လည်း ယခင်ဥပဒေများအရ ပြစ်မှုကြောင်းအရအရေးယူပြီး နိုင်ငံပိုင်သိမ်းဆည်းခြင်းစသည်တို့နှင့် နှိုင်းယှဉ်မည်ဆိုလျှင် နှိုင်းယှဉ်၍မရအောင် တရားမျှတမှုကို ဦးစားပေးထားပါကြောင်း၊ မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနက ရေးဆွဲတင်ပြထားသည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းသည် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားထုတ်ဝေခွင့်တို့ကို ဟန့်တားနှောင့်ယှက်ခြင်း လုံးဝမရှိစေဘဲ ပုံနှိပ်သူ၊ ထုတ်ဝေသူများ၊ စာနယ်ဇင်းသမားများ အားလုံးအတွက် လုံခြုံစိတ်ချရမှုနှင့် လုပ်ငန်းလွယ်ကူအဆင်ပြေစေရန်တို့ကို အဓိကထားပြီး အနာဂတ်ကာလစာပေ အဆိပ်အတောက်ကင်းစင်စွာ ရှင်သန်ဖွံ့ဖြိုးနိုင်ရေး မျှော်မှန်းချက်ဖြင့် ရေးသားထားသော ဥပဒေကြမ်းဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်ကြီးများက လက်ခံဆွေးနွေးစဉ်းစားပေးနိုင်ပါရန် လေးစားစွာအဆိုတင်သွင်းအပ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၄ သို့

◆ အမျိုးသားလွှတ်တော်မှ

ညီညွတ်စေရန် အကောင်အထည်ဖော်နိုင်ရေးနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်တံခါးမုခ်ဖြစ်သည့် မူဆယ်မြို့အား နိုင်ငံကျက်သရေဆောင်မြို့ပြုစီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်(၉)ဦးတို့က ဆွေးနွေးကြသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာစိုးဝင်းက ကုန်သွယ်ရေးဇုန်တွင် လမ်း၊ တံတား၊ ရေ၊ မီး၊ တည်းခိုစခန်းများ၊ စားသောက်ဆိုင်များ၊ ဖျော်ဖြေမှုနှင့်ဝန်ဆောင်မှုလုပ်ငန်းများစသည့် အခြေခံအဆောက်အအုံများပြည့်စုံအောင်စီမံထားရန်၊ လျှပ်စစ်မီးလုံလောက်စွာရရှိရေး၊ သတင်းအချက်အလက်နည်းပညာဝန်ဆောင်မှုရုံးနေရာများပြည့်စုံရေး၊ တစ်ဖက်နိုင်ငံမှ ကုန်သည်များ၏ပစ္စည်းများလုံခြုံရေးကို စိတ်ချစေရန်ဆောင်ရွက်ပေးရေး၊ တစ်ဖက်နိုင်ငံမှ နိုင်ငံခြားသားများ၊ ကုန်သည်များ၊ မော်တော်ယာဉ်များ ဝင်/ထွက်မှု၊ တည်းခိုနေထိုင်သွားလာရန် လွယ်ကူစေမှုနှင့် စိတ်ပျော်ရွှင်မှုကို အပြည့်အဝ ခွင့်ဆောင်နိုင်ရန် အုပ်ချုပ်ရေးစည်းမျဉ်းစည်းကမ်းများ လိုက်လျောညီထွေမှုရှိစေရေး၊ ဈေးကွက်ယှဉ်ပြိုင်ရရှိရန် အမြဲတမ်းသုတေသနအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးဆောင်ရေး၊ ကုန်သွယ်ရေးဇုန်အတွင်းရှိ ဂိုဒေါင်များ၊ အအေးခန်းသိုလှောင်ရုံများမှာ တစ်ဖက်နိုင်ငံမှ ကုန်ပစ္စည်းများ စာရင်းမှတ်စနစ်ဖြင့် အခွန်မယူဘဲလာရောက် သိုလှောင်ခွင့်ပြုရန်နှင့် ရောင်းချသည့်အခါမှသာ သတ်မှတ်အခွန်အတိုင်း အခွန်ဆောင်စေရေးတို့ကို ဆောင်ရွက်ပေးသင့်ပါကြောင်း။

ပို့ကုန် အရည်အသွေးတိုးမြှင့်နိုင်ရန်နှင့် တန်ဖိုးမြှင့်ကုန်ချောများ ထုတ်လုပ်နိုင်ရန် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်အားပေးသင့်ပါကြောင်း၊ မူဆယ်မြို့တွင် ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားငွေလဲလှယ်ရေးဌာနများ တိုးချဲ့ဖွင့်လှစ်ရန် အကြံပြုလိုပါကြောင်း၊ ပြည်တွင်းပြည်ပပညာရှင်များ အကူအညီဖြင့် ယခုကတည်းကစပြီး စီမံကိန်းရေးဆွဲ ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ရှင်းလင်းဆွေးနွေးရာတွင် ကုန်သွယ်ရေးဇုန်အား အဆင့်မီဖွံ့ဖြိုး တိုးတက်သည့် ဇုန်အင်္ဂါရပ်များနှင့်ညီညွတ်စေရန်အတွက် မိမိနိုင်ငံဘက်တွင် ဈေးကွက်ဖြစ်ပေါ်စေရေး၊ မိမိနိုင်ငံထွက်ကုန်ပစ္စည်းများကို ကြိုက်ဈေးဖြင့် ဈေးပြိုင်ရောင်းချကာ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအပြင် မိမိ နိုင်ငံထွက်ကုန် ပစ္စည်းများကို တန်ဖိုးမြှင့်(Value Added) ပြုပြီး ထုတ်လုပ်တင်ပို့လာနိုင်သည့်အတွက် အတိုင်းအတာ တစ်ခုအထိ တိုးတက်အောင်မြင်မှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့ကြောင့် ကုန်သွယ်မှုပမာဏသည် ကုန်သွယ်ရေးဇုန်ဖွင့်လှစ်မီ ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၄၈၁ ဒသမ ၅၅၇ သန်း ဆောင်ရွက်နိုင်ခဲ့ရာမှ နှစ်စဉ်တိုးတက်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ (၂၄၆၈ ဒသမ ၈၉)သန်းအထိ တိုးတက်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း။

ကုန်သွယ်မှုလျှင်မြန်ချောမွေ့စေရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် မြန်ဆန်သွက်လက်စေရန် ခေတ်မီနည်းပညာနှင့် နည်းစနစ်များကို အသုံးပြုဆောင်ရွက်လျက် ရှိပါ

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ကြောင်း၊ ကုန်သွယ်ရေးဇုန်ကို ရေရှည်တည်တံ့ထိန်းသိမ်းဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတကာအဆင့်မီ ဖြစ်စေရန် တိုးချဲ့နိုင်ရေး ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကုမ္ပဏီများကလည်း နိုင်ငံတကာအဆင့်မီ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို BOT စနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုရန် တင်ပြထားချက်များကို လက်ခံရရှိထားပါကြောင်း။

မူဆယ်မြို့အား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် နိုင်ငံကျက်သရေဆောင် မြို့ပြစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ခေတ်မီ မြို့ပတ်လမ်းနှင့် အဆင့်မြင့်မြို့ပြစီမံကိန်းလုပ်ငန်း၊ အဝေးပြေးယာဉ်ရပ်နားစခန်းတည်ဆောက်ရေး စီမံကိန်းလုပ်ငန်း၊ အဆင့်မြင့်အိမ်ရာ စီမံကိန်းလုပ်ငန်း၊ ကုန်တင်ကုန်ချနှင့် ကုန်သိုလှောင်ရုံများ တည်ဆောက်ရေးစီမံကိန်း လုပ်ငန်း၊ အဆင့်မြင့်လေယာဉ်ကွင်းတည်ဆောက်ရေးလုပ်ငန်း၊ အဆင့်မြင့်ဟိုတယ်များ တည်ဆောက်ရေးလုပ်ငန်း၊ (၁၀၅)မိုင် ဟိုနောင်-ပန်ဆိုင်း(ကြူကုတ်) ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းနှင့် မြို့ရှောင်လမ်းဖောက်လုပ်ရေးလုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိသည်ဟုသိရှိရပါကြောင်း၊ ဆောင်ရွက်ရန်စီစဉ်ထားသည့် စီမံကိန်းလုပ်ငန်းများအားလုံးဆောင်ရွက်ပြီးပါက တစ်ဖက်နိုင်ငံနှင့်စီးပွားရေး၊ လူမှုရေးနှင့်ကုန်သွယ်ရေးလုပ်ငန်းများကို ရင်ပေါင်တန်း ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုသည်။

အဆိုနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုးသန့်ဇင်က "မူဆယ်မြို့ကို နိုင်ငံ့ကျက်သရေဆောင် မြို့ပြစီမံကိန်းတည်ဆောက်နိုင်ရန်အဆိုဟာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးအဆင့်မီဖွံ့ဖြိုးတိုးတက်တဲ့ဇုန်အင်္ဂါရပ်တွေနဲ့ ညီညွတ်စေဖို့အောင် အထည်ဖော်နိုင်ရေးအတွက် ဆက်စပ်ပြီးတင်ပြထားတဲ့ အချက်လေးတစ်ချက် ဖြစ်ပါတယ်။ တရုတ်နိုင်ငံဘက်မှာ ကျယ်ဂေါင်-ရွှေလီကနေ ဝမ်တိန်မြို့နယ်အထိ အထူးစီးပွားရေးစမ်းသပ်ဇုန်ကြီး တည်ဆောက်သလို မူဆယ်မြို့ကို မြို့ပြစီမံကိန်း တည်ဆောက်ဖို့ ထည့်သွင်းထားတယ်လို့ ယူဆပါတယ်။ ဒါပေမယ့် တရုတ်နိုင်ငံရဲ့ နိုင်ငံရေးစနစ်နဲ့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးစနစ်မတူညီသလို မြန်မာနိုင်ငံရဲ့ နိုင်ငံရေးစနစ်အရ ဈေးကွက်ယှဉ်ပြိုင်မှုမှာ အသာရရှိဖို့

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဒေါက်တာစိုးဝင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

အတွက် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရဲ့ လုပ်ထုံးလုပ်နည်းများ၊ ကုန်သွယ်မှုအခွန်စနစ်များ၊ ခေတ်စနစ်များနဲ့ အံဝင်ခွင်ကျမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးနဲ့ဝန်ဆောင်မှု စတဲ့ အခြေခံအဆောက်အအုံများ အားနည်းခြင်းတို့ဖြစ်တယ်ဆိုတာကိုအဓိကထားတင်ပြထားပြီး မူဆယ်မြို့ကို နိုင်ငံ့ကျက်သရေဆောင် မြို့ပြစီမံကိန်းတည်ဆောက်ခြင်းကို ထည့်သွင်းစဉ်းစားထားခြင်းဖြစ်ပါတယ်။ ဈေးကွက်လိုအပ်ချက်အရ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ကို အကောင်အထည်ဖော်ရာမှာ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားတွေအားလုံးရဲ့ အကျိုးစီးပွားနဲ့ ဆက်စပ်လျက်ရှိတဲ့အတွက် ၎င်းတို့ရဲ့သဘောထားကိုရယူဖို့ ပွင့်လင်းမြင်သာစွာဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်" ဟု ပြောပြသည်။

အစည်းအဝေးကို ညနေ ၃ နာရီ ၅၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး (၂၄)ရက်မြောက် နေ့ကို မတ် ၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

လွှတ်တော်များသို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် မတ် ၇

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၂၁ ဦးနှင့် ဆေးတက္ကသိုလ်အမှတ်(၂) (ရန်ကုန်)မှ နောက်ဆုံးနှစ်အပိုင်း (က) ကျောင်းသားကျောင်းသူ ၁၄ ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ ကျင်းပနေပုံများကို လေ့လာပြီး လွှတ်တော်အဆောက်အအုံများသို့ လှည့်လည်ကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ဒီမိုကရေစီစနစ်၏အခြေခံသည်ရွေးကောက်ပွဲဖြစ်၊ မဲပေးခွင့်ရှိသူတိုင်း မဲပေးခွင့်ရရှိရန်လို

ယခုအချိန်မှစတင်၍ ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင် စာရင်းပြုစုသွားမည်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ပြည်ထောင်စုရွေးကောက်ပွဲ... တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၇

မိမိတို့ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွှတ်တော်ရွေးကောက်ပွဲများကို ကျင်းပခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၂ ခုနှစ် ဧပြီလ ၁ရက်နေ့တွင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (၃၇) နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် (၆) နယ်နှင့် တိုင်းဒေသကြီး မဲဆန္ဒနယ် (၂)နယ်တို့၌ ကြားဖြတ်ရွေးကောက်ပွဲများကို အောင်မြင်စွာ ကျင်းပပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အတူ ကြားဖြတ်ရွေးကောက်ပွဲမှ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှု (အပြန်အလှန်တရားစွဲဆိုမှု) ရှစ်မှုကို ဥပဒေနှင့်အညီ ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းစစ်ဆေးစေခဲ့ပြီး ဆုံးဖြတ်ချက်များ ချမှတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ မိမိတို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို တာဝန်မပေးအပ်မီ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီ (၃၇) ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ယခု မိမိတို့ကော်မရှင်က နိုင်ငံရေးပါတီ (၁၈) ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့သည့်အတွက် ယခုဆိုပါက မှတ်ပုံတင်ခွင့်ပြုခဲ့သည့် နိုင်ငံရေးပါတီ (၅၅)ပါတီရှိလာပြီဖြစ်ကြောင်း။

နိုင်ငံရေးပါတီများသည် နိုင်ငံတော်က ကျင့်သုံးလျက်ရှိသည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဖော်ဆောင်ရာတွင် အဓိကကျသည့် နိုင်ငံရေးအင်အားစုများ ဖြစ်ကြကြောင်း၊ နိုင်ငံရေးပါတီများသည် ပြည်သူများနှင့်ထိစပ်နေပြီး ပြည်သူတို့နှင့်သက်ဆိုင်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးရာကိစ္စများတွင် ပညာပေးခြင်း၊ ဆွေးနွေးခြင်း၊ ညှိနှိုင်းဖြေရှင်းပေးခြင်း၊ သဘောထားရပ်တည်ချက် ထုတ်ဖော်ပြောကြားခြင်းတို့ဆောင်ရွက်ကြရကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေတို့ကို ချိုးဖောက်ခြင်းများ မပြုမိစေရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်းဖြင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ပြောကြားသည်။

ထို့အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဆက်လက်ပြောကြားရာ၌ ယနေ့ကျင်းပသည့် အစည်းအဝေးတွင် မိမိတင်ပြလိုသည့် အဓိကအချက်မှာ ကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များတွင် ပါဝင်သော လွှတ်တော်ရွေးကောက်ပွဲကျင်းပခြင်း ကိစ္စပင်ဖြစ်ပါကြောင်း၊ မိမိတို့သည် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုလည်းကောင်း၊ ၂၀၁၂ ခုနှစ် ဧပြီလ ၁ရက်နေ့တွင် ကြားဖြတ်ရွေးကောက်ပွဲကို လည်းကောင်း အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပါကြောင်း၊ သို့သော် အဆိုပါရွေးကောက်ပွဲများတွင် ပြုစုအသုံးပြုခဲ့သည့် မဲစာရင်းများကို ပြည့်စုံမှန်ကန်သည့် မဲစာရင်းအဖြစ် မဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ဒီမိုကရေစီအစစ်အမှန်သည် ရွေးကောက်ပွဲကို အခြေခံကြောင်း၊ ဒီမိုကရေစီစနစ်၏ အခြေခံသည် ရွေးကောက်ပွဲဖြစ်ကြောင်း၊ မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးခွင့်ရရှိရန်လိုအပ်ကြောင်း၊ ယခုအချိန်မှစတင်၍ ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းပြုစုသွားမည် ဖြစ်ပါကြောင်း၊ မိမိတို့ကော်မရှင်အနေဖြင့် ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများကို ပြန်လည်သုံးသပ်ကာ အားနည်းချက်များကို ပြုပြင်၍ နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် အားနည်းချက် နည်းနိုင်သမျှ နည်းအောင်၊ ဖြစ်နိုင်ပါက အားနည်းချက်မရှိအောင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ယခုအခါ အချို့နိုင်ငံများတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် အဓိကကျသော မဲစာရင်းကိစ္စနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင် မှတ်ပုံတင်ခြင်းလုပ်ငန်းကို ခေတ်မီကွန်ပျူတာများဖြင့် ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ယင်းသို့ဆောင်ရွက်မှုမျိုးပြုလုပ်ပါက ဖြစ်နိုင်သော်လည်း နည်းပညာအကူအညီနှင့် နိုင်ငံခြားငွေများစွာ ကျခံသုံးစွဲရမည် ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်အတွင်း ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မှန်ကန်ပြည့်စုံသော မဲစာရင်းရရှိနိုင်စေရန် မဲစာရင်းကောက်ယူရေး လုပ်ငန်းများကိုရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်သည့်အခါ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ကော်မရှင် အဖွဲ့ခွဲ၊ နေပြည်တော် ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ကော်မရှင်အဖွဲ့ခွဲနှင့်ခရိုင်ကော်မရှင် အဖွဲ့ခွဲများက ဝိုင်းဝန်းကြပ်မတ်ကြီးကြပ်ပေးရန် မှာကြားလိုကြောင်း၊ မိမိတို့ကော်မရှင် အနေဖြင့်လည်း ယခုကဲ့သို့မှန်ကန်ပြည့်စုံသည့် မဲစာရင်းရရှိစေရန် ဆောင်ရွက်သည့် နည်းတူ ဆန္ဒမဲပေးသူများအတွက် မဲပေးခြင်းဆိုင်ရာ အသိပညာပေးမှု လုပ်ငန်း၊ မဲရုံမှူး/ မဲရုံအဖွဲ့ဝင်သင်တန်းများ စသည်ဖြင့် ရှေ့လုပ်ငန်းစဉ်များကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူအသီးသီးတို့က မိမိတို့ နယ်မြေဒေသအလိုက် လုပ်ငန်းဆောင်ရွက်ရမှု အခြေအနေများနှင့် တွေ့ကြုံရင်ဆိုင်ရသည့်အခက်အခဲများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည့် လိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရှင်းလင်းတင်ပြ

ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နေမှုများ ဆွေးနွေး

နေပြည်တော် မတ် ၇

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကိုယ်စား ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဇော်သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ အခြေစိုက် Think Tank အိန္ဒိယကမ္ဘာ့ရေးရာကောင်စီ (Indian Council of world Affairs-ICWA) ညွှန်ကြားရေးမှူးချုပ် Ambassador R.K Bhatia ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ကော်မတီဆောင် (I-1) ၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ဖော်ဆောင်ရေးကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှု ကော်မတီအတွင်းရေးမှူး ဒေါ်ဒွဲဘူ၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးဦးရယ်၊ ဦးခင်မောင်ဌေး၊ ဦးစိုင်းအောင်ကြည်၊ ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာတိုက်စံ၊ ဦးခင်မောင်စိုး၊ ဦးတင်ဝင်း၊ ဦးထင်ဇော်၊ ဦးအောင်မြင့်ထွန်းနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၇ မှ

ထို့နောက် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်စာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မတ် ၁၈ ရက်နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်းက "ဥပဒေကြမ်းပုဒ်မ (၇)မှာ ပြဋ္ဌာန်းထားတဲ့ ပုံနှိပ်ခြင်းနဲ့ ထုတ်ဝေခြင်းလုပ်ငန်းများအတွက် လိုက်နာရမယ့် စည်းကမ်းချက်(၅)ခုကတော့ တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုး အချင်းချင်းကိုသော်လည်းကောင်း၊ အခြားဘာသာသာသနာကိုလည်းကောင်း၊ ထိခိုက်နစ်နာစေမည့် အကြောင်းအရာများကို ဖော်ပြခြင်း၊ တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေရန်သော်လည်းကောင်း၊ ဆူပူအကြမ်းဖက်မှု ဖြစ်ပွားစေရန်သော်လည်းကောင်း လှုံ့ဆော်ခြင်း၊ ညစ်ညမ်းစာများဖော်ပြခြင်း၊ ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ပြစ်မှုကျူးလွန်ခြင်းတို့ကိုအားပေးခြင်းနှင့်လှုံ့ဆော်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများအရ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ဖောက်ဖျက်ရာရောက်သည့် အရေးအသားစာများ ထုတ်ဝေခြင်းတို့ဖြစ်ပါတယ်။ အဲဒီအချက်(၅)ချက်ကို သုံးသပ်ကြည့်ရင် နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ကိုယ်ကျင့်တရားဆိုင်ရာကိစ္စရပ်များ ပြဋ္ဌာန်းထားခြင်းဖြစ်၍ နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်တဲ့ ပြဋ္ဌာန်းချက်များဖြစ်တယ်လို့ထင်ပါတယ်။ အဲဒီအတွက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ (၃၅၄) အပိုဒ်ခွဲ (ဃ)တွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာ အေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေများကို မဆန့်ကျင်လျှင်၊ မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာဖော်ထုတ်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပါတယ်။

ထို့အပြင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများနှင့် ပတ်သက်သည့်သဘောတူညီချက် (International Convenant on Civil and Ploitical Rights) အပိုဒ်(၁၉) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားကြောင်း တွေ့ရပါတယ်-

Article-19

1. Everyone shall have the right to hold opinions without interference.
2. Everyone shall have the right to freedom of expression;regardless of Frontiers, either orally,in writing or in print, in the form of art, or throuth any other media of his choice.
3. The exercise of the rights provided for in paragraph 2 of this article carries with it special duties and responsibilities. It may there fore be subject to certain restrictions, but these shall only be such as are provided by law and are necessary:
   (a) For respect of the rights or reputations of others;
   (b) For the protection of national security or of public order (or-der public), or of public health or morals.

အဆိုအပါ ပြဋ္ဌာန်းချက်များအရလည်း မိမိ၏ အယူအဆ၊ သဘောထားများကို လွတ်လပ်စွာဖော်ထုတ်ခွင့်ရှိသော်လည်း လူတစ်ဦး၏ အခွင့်အရေးနှင့် ဂုဏ်သတင်းကိုလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ ပြည်သူ့ကျန်းမာရေးနှင့် ကိုယ်ကျင့်တရားတို့ကိုလည်းကောင်း အလေးထားရမည့် တာဝန်အဖြစ် ဖော်ပြထားပါတယ်။ ထို့အပြင် ယင်းအချက်ကို ဥပဒေတွင်ပြဋ္ဌာန်းထားရန် လိုအပ်ကြောင်းကိုလည်း အဆိုပါသဘောတူညီချက်တွင် ဖော်ပြထားတာကို တွေ့ရပါတယ်။ အဲဒီအချက်များကို ထောက်ရှုပါက ပုဒ်မ(၇)တွင် ပြဋ္ဌာန်းထားတဲ့ စည်းကမ်းချက်များသည် စာနယ်ဇင်းလွတ်လပ်ခွင့်ကို ထိပါးခြင်းမရှိဘဲ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေအရလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ပြဋ္ဌာန်းချက်အရ လည်းကောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့အား အကာအကွယ်ပေးရန် ထည့်သွင်းပြဋ္ဌာန်းခြင်းဖြစ်တယ်လို့ ယူဆပါတယ်။ ဒီနေရာမှာ National Security ဆိုသည့်စကားရဲ့ အဓိပ္ပာယ်ဟာ ကျယ်ဝန်းပါတယ်။ ကာကွယ်ရေးသဘောအရ လုံခြုံမှုကိုတင် ဆိုလိုတာမဟုတ်ပါဘူး။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ ဘက်ပေါင်းစုံရဲ့ လုံခြုံမှုကို ဆိုလို

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲများ
။ (သတင်းစဉ်)

င်ပြု
တိုင်းဒေသကြီး၊
ကော်မရှင်အဖွဲ့
အတွင်းရေးမှူး
အသီးသီးတို့က
ဒေသအလိုက်
ရှုမှု အခြေ
ဖွဲ့ကြုံရင်ဆိုင်ရ
၊ ရွေးကောက်
များဆောင်ရွက်
ဲ့ လိုအပ်ချက်
ဆောင်ရွက်သွား
စပ်လျဉ်း၍
လင်းတင်ပြကြ
င်းလင်းတင်ပြ

ချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ ယနေ့အစည်းအဝေးအောင်မြင်စွာ ကျင်းပနိုင်ခြင်းအတွက် မှတ်တမ်းတင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ၂၀၁၅ ခုနှစ် လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲကြီး ပေါ်ပေါက်လာစေရန်အတွက် အားလုံးဝိုင်းဝန်း၍ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မည်သို့သော အခက်အခဲများပင်ရှိရှိ အောင်မြင်အောင် စွမ်းဆောင်ကြိုးပမ်းကြသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ အရာရာကို တရားဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တင်ပြချက်များနှင့် စပ်လျဉ်းသည့် လိုအပ်ချက်များဖြစ်သော ငွေကြေး၊ အသုံးအဆောင်နှင့်နည်းပညာ၊ အတတ်ပညာပိုင်းများတွင် တတ်နိုင်သမျှ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အလေးအနက်ထားမှာကြားပြီး ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်းဆွေးနွေးမှာကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

nly be such
ded by law
essary:
pect of the
reputations
s;
protection of
security or of
order (or-der
or of public
or morals.
ဋ္ဌာန်းချက်များ
အယူအဆ၊
လွတ်လပ်စွာ
လည်း လူတစ်
ဂုဏ်သတင်း
င်ငံတော်လုံခြုံ
ချမ်းရေး၊ ပြည်
ကိုယ်ကျင့်
ကောင်း အလေး
အဖြစ် ဖော်ပြ
အပြင် ယင်း
င်ပြဋ္ဌာန်းထား
လည်း အဆိုပါ
င် ဖော်ပြထား
်။ အဲဒီအချက်
ပုဒ်မ(၇)တွင်
းကမ်းချက်များ
ွတ်လပ်ခွင့်ကို
တော်ဖွဲ့စည်းပုံ
လည်းကောင်း၊
လူ့အခွင့်အရေး
လည်းကောင်း၊
ငံသားတို့အား
န် ထည့်သွင်း
လို့ ယူဆပါ
National
သည့်စကားရဲ့
ဝန်းပါတယ်။
အရ လုံခြုံမှု
မဟုတ်ပါဘူး။
လူမှုရေးစတဲ့
ခြုံမှုကို ဆိုလို

တာပါ။ ဒီ့အတွက် စာအုပ်၊ စာစောင်တွေဟာ အဆိပ်အတောက်တွေ ကင်းရပါမယ်။ နိုင်ငံနဲ့ လူထုအကျိုးပျက်ရာ ပျက်ကြောင်းတွေ မပါသင့်ပါဘူး။ ဒါ့ကြောင့် ပြဋ္ဌာန်းသင့်တဲ့ စည်းကမ်းတွေလို့ပဲ ယူဆပါတယ်”ဟု ပြောပြသည်။

အလားတူ မြို့သစ်မဲဆန္ဒနယ်မှ ဦးမြင့်သူကပြောကြားရာတွင်“ဥပဒေကြမ်းအခန်း (၇) ပြစ်မှုနှင့် ပြစ်ဒဏ်များမှာ အရေးယူတဲ့ ပုဒ်မသုံးခုရှိပါတယ်။ ၁၉၆၂ ခုနှစ် ဥပဒေမှာ အရေးယူတဲ့ ပုဒ်မ ၅ ခုရှိပါတယ်။ ၁၉၆၂ ခုနှစ် ဥပဒေပုဒ်မ (၁၆)နဲ့ (၁၈)မှာ အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံးထောင်ဒဏ်ငါးနှစ်အထိဖြစ်စေ၊ အနည်းဆုံး ငွေဒဏ်ကျပ်နှစ်ထောင်မှ အများဆုံး ငွေဒဏ်ကျပ်နှစ်သောင်းအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်ဟုလည်းကောင်း၊ ပုဒ်မ(၁၇)၊ (၁၉)နဲ့(၂၀)မှာအနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှအများဆုံး ထောင်ဒဏ်(၇)နှစ် အထိလည်းကောင်း၊ အနည်းဆုံး ငွေဒဏ်ကျပ်သုံးထောင်မှ အများဆုံး ငွေဒဏ်ကျပ်သုံးသောင်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ ဒီလိုပြဋ္ဌာန်းချက်တွေကြောင့်လည်း ၁၉၆၂ ခုနှစ် ဥပဒေကို စာပေလောကသားတွေက အပြင်းအထန်ဝေဖန်ခဲ့ကြတာပါ။ သူ့ခေတ်အခြေအနေအရ ပြဋ္ဌာန်းခဲ့တာဖြစ်ပေမယ့် ဒီနေ့လို ဒီမိုကရေစီစနစ်ကို ဦးတည်လျှောက်လှမ်းနေချိန်မှာတော့ ဒီဥပဒေဟာ ဆက်လက်ကျင့်သုံးဖို့ မသင့်တော့ပါဘူး။ အခုပုံနှိပ်ခြင်းနဲ့ ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းမှာတော့ ပုဒ်မ(၂၀)၌ ငွေကျပ်ငါးဆယ်သိန်းမှ ကျပ်တစ်ရာသိန်းအထိ ချမှတ်ရမည်။ဒဏ်ငွေမဆောင်ပါက ထောင်ဒဏ်ခြောက်လအထိ ချမှတ်ရမည်ဟုလည်းကောင်း၊ ပုဒ်မ(၂၁)၌ ငွေဒဏ် ကျပ်တစ်ဆယ်သိန်းမှ ကျပ်ငါးဆယ်သိန်းအထိ ချမှတ်ရမည်ဟုလည်းကောင်း၊ ထောင်ဒဏ်သုံးလအထိ လည်းကောင်း၊ ပုဒ်မ (၂၂) ၌ ငွေဒဏ်ကျပ်တစ်သိန်းမှ ကျပ်သုံးသိန်းအထိ ချမှတ်ရမည်။ ဒဏ်ငွေမဆောင်ပါက ထောင်ဒဏ် ၇ ရက်အထိ ချမှတ်ရမည်ဟုလည်းကောင်း ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကလည်းအခန်း(၇)ပြစ်မှုနှင့်ပြစ်ဒဏ်များအခန်းရှိ ပုဒ်မ(၂၀)၊ (၂၁)၊(၂၂)တို့တွင် ငွေဒဏ်သာချမှတ်ရန်နှင့် ထောင်ဒဏ်ကို မလိုအပ်ပါသဖြင့် ပယ်ဖျက်ရန်လို့ သဘောထားမှတ်ချက်ပြုထားတဲ့အတွက် ကောင်းမွန်သင့်လျော်ကြောင်း တွေ့ရပါတယ်။ ပြဋ္ဌာန်းချက်တွေဟာ တင်းကျပ်ဖို့ မရည်ရွယ်ဘဲ စည်းမျဉ်းနဲ့အညီ လုပ်ကိုင်ဆောင်ရွက်အောင် သင့်လျော်တဲ့အတိုင်းအတာ သတ်မှတ်ထားခြင်းဖြစ်တယ်လို့ ယူဆပါတယ်။ ၁၉၆၂ ခုနှစ် ဥပဒေပါ ပြစ်မှုများဟာ ရဲအရေးပိုင်တဲ့ ပြစ်မှုများဖြစ်သော်လည်း ဒီဥပဒေကြမ်းပါ ပြစ်မှုတွေဟာ ဒဏ်ငွေသက်သက်သာ ပြဋ္ဌာန်းထားတဲ့အတွက် ရဲအရေးမပိုင်အတဲ့အမှုတွေဖြစ်လို့ တရားရုံးကိုသာ ဦးတိုက်လျှောက်ထားရတဲ့ အမှုတွေအဖြစ် ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။ တကယ်တော့ ဒဏ်ငွေရော ထောင်ဒဏ်ပါ ပူးတွဲသတ်မှတ်တာမျိုး၊ တစ်ခု မဟုတ်တစ်ခု ချတာမျိုး မဟုတ်ပါဘူး၊ ဒဏ်ငွေကိုပဲ သတ်မှတ်တာပါ။ ဒဏ်ငွေမဆောင်နိုင်မှ ထောင်ဒဏ်ချမှတ်လို့ ပြဋ္ဌာန်းထားတာပါ။ ဒါကလည်း ရာဇသတ်ကြီးမှာပါပြီးသားပေမယ့် အဲဒီအတိုင်းဆိုရင် ထောင်ဒဏ်တွေက များမှာစိုးလို့ အခုလို လိုအပ်သလောက် အနည်းဆုံး သတ်မှတ်တယ်လို့ မြင်ပါတယ်” ဟု ပြောပြသည်။

လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်းက ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်ကို နိုင်ငံတော်အဆင့် ပြုပြင်ထိန်းသိမ်းမှုများ ရှိ မရှိ မေးမြန်းရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က နိုင်ငံတော်အဆင့်နှင့်အညီ ပြန်လည်ပြင်ဆင်မွမ်းမံမှုများ ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဆောင်ရွက်ပြီးပါက အများပြည်သူ ဂါရဝပြုနိုင်ရန် တစ်ပတ်လျှင် ပိတ်ရက်တစ်ရက်သာ ထားရှိပြီး ဖွင့်လှစ်ရန် စီစဉ်ထားရှိပါကြောင်း။

နိုင်ငံတကာမှနိုင်ငံ့ခေါင်းဆောင်များ၊ အကြီးအကဲများ လာရောက်သည့်အခါ Official Visit သည် နေပြည်တော်ဖြစ်ပါကြောင်း၊ ရန်ကုန်မြို့ရှိ ၎င်းတို့စိတ်ဝင်စားသည့် နေရာများကို လည်ပတ်သည့် အစီအစဉ်သည် အိမ်ရှင်နိုင်ငံက ကန့်သတ်ရေးဆွဲပေးခြင်းမဟုတ်ဘဲ ဧည့်သည်၏ သဘောဆန္ဒတောင်းဆိုမှုအရ စီစဉ် ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ ဧည့်သည်အဖွဲ့အနေဖြင့် သွားရောက်ဂါရဝပြုလိုပါက နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြင့် ဖြေကြားသည်။

ယင်းဖြေကြားချက်နှင့်စပ်လျဉ်း၍ ဇီးကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်က “ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးများရဲ့ ဂူဗိမာန်ကို အများပြည်သူအတွက် ဖွင့်လှစ်ပေးတာ လုပ်သင့်လုပ်ထိုက်ပါတယ်။ ပြည်သူတွေအနေနဲ့လည်း ဗိုလ်ချုပ်ကို ဂါရဝပြုဖို့ တာဝန်ရှိပါတယ်။ နယ်ချဲ့လက်အောက်က လွတ်လပ်ရေးရရှိဖို့ ကြိုးပမ်းခဲ့တဲ့ ဗိုလ်ချုပ်နဲ့တကွ အာဇာနည်ခေါင်းဆောင်းကြီးများကို ဂါရဝပြုခြင်းဖြင့် လူငယ်တွေမှာ မျိုးချစ်စိတ်တွေဖြစ်ပေါ်ပြီး တိုင်းပြည်ချစ်စိတ်တွေ နိုးကြားလာမှာပါ။ နိုင်ငံရပ်ခြားက လာရောက်သူတွေကိုလည်း နိုင်ငံရဲ့ အမျိုးသားခေါင်းဆောင်ကြီးအဖြစ် ဂုဏ်ယူဖွယ်ပြသနိုင်မယ်လို့ ပြောချင်ပါတယ်” ဟု ပြောပြသည်။

အစည်းအဝေးကို မွန်းလွဲ ၁၁ နာရီ ၃၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို မတ် ၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

● ကျောဖုံးမှ

တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ညနေ ၄ နာရီခွဲတွင် ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို စတင်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်း ဒေသကြီးအသင်းတို့သည် အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြပြီး ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ပြည်ထောင်စုဖလားကြီးကို ဆွတ်ခူးရရှိသွားသည်။

ထို့နောက် ညနေ ၆ နာရီတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြည်ထောင်စုဖလားအမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့်ရန်ကုန် တိုင်းဒေသကြီးဘောလုံးအသင်းအား ပြည်ထောင်စုဖလားနှင့် ငွေသားဆုများကို လည်းကောင်း၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးဘောလုံးအသင်းအား ဒုတိယဆုနှင့် ငွေသားဆုများကို လည်းကောင်း၊ တတိယဆုရရှိသည့် နေပြည်တော်ဘောလုံးအသင်းအား တတိယဆုနှင့် ငွေသားဆုများကို လည်းကောင်း ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲကြီးတွင် ရွှေတံဆိပ်ဆုနှင့် ဆုတံဆိပ်အများဆုံးရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆုနှင့် ငွေသားဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တာဝန်ရှိသူများက ပွဲစဉ်တစ်လျှောက်လုံး ရှေ့တန်းအကောင်းဆုံးအားကစားသမားဆုရစောနိုင်မိုးအောင် (ရန်ကုန်)၊ အလယ်တန်း အကောင်းဆုံးအားကစားသမားဆုရ သန်းထွန်းအောင် (မန္တလေး)၊ နောက်တန်း အကောင်းဆုံးအား ကစားသမားဆုရ ဝင်းထွဋ်(နေပြည်တော်)၊ အကောင်းဆုံးဂိုးသမားဆုရ ဝေလင်းအောင်(ရန်ကုန်)၊ အကောင်းဆုံး အားကစားသမားဆုရ ဝေလု (ရန်ကုန်)နှင့် အသန့်ရှင်းဆုံးအသင်းဆုရ မန္တလေးတိုင်းဒေသကြီးအသင်းတို့အား လည်းကောင်း၊ တစ်ဦးချင်းဆုနှင့် အသင်းလိုက်ဆုရရှိကြသူများအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့် ကြပြီး ဆုချီးမြှင့်ခြင်း အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အားကစားကွင်းကြီးအတွင်း လွှင့်တင်ထားသော အားကစားအလံနှင့် ပြိုင်ပွဲအလံတို့အားချ၍ဆလိုက်မီးများကို အမှောင်ချကာ ထွန်းညှိထားသော ပင်မမီးရှူးတိုင်ကြီးကို ညင်သာစွာ မီးငြိမ်းသတ်ပြီးပိတ်ပွဲအခမ်းအနားကို ညပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အထက်ပိုင်းဒေသများ နေ့အပူချိန်များ အနည်းငယ်တိုးနိုင်

နေပြည်တော် မတ် ၇

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ လွိုင်ကော်မြို့တွင် ၀ ဒသမ ၀၈ လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

ပြည်တွင်းသတင်း

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈-၃-၂၀၁၃ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	ကျန်းမာဖို့အတူကစားစို့
၇း၃၀	နံနက်ခင်းသတင်း
၈း၀၀	**ဝါသီးက ရွှေသီးဖြစ်ပြီ**
၈း၃၅	ရိုးရာကျေးလက်ကစားနည်း
၈း၅၀	တေးဂီတအစီအစဉ်

ညပိုင်း

၄း၀၀	မြန်မာ့ရုပ်မြင်သံကြားအဖွင့်တေး
၄း၂၅	အလင်းတံခါးဖွင့်လှစ် လွှမ်းခြုံနေမှာ ရေအားလျှပ်စစ်စက်ရုံ ရဲရွာ
၄း၃၅	နှောင်းခေတ်တေးပဒေသာ
၄း၄၀	၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ရူပဗေဒဘာသာရပ်)
၅း၂၅	အိန္ဒိယရုပ်ရှင် **ဖြူစင်မေတ္တာ** (အပိုင်း-၄၈)
၆း၀၀	ညနေခင်းသတင်း
၆း၂၀	**ချစ်သောဤကမ္ဘာမြေ**
၇း၀၀	ပြည်တွင်းသတင်း
၇း၁၀	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာ သစ္စာ** (ဒုတိယတွဲ) (အပိုင်း-၁၉)
၈း၀၀	ပြည်တွင်းသတင်း - ပြည်သူတို့ရဲ့စကားသံများ - နိုင်ငံတကာသတင်းများ - မိုးလေဝသအခြေအနေ - ပြန်လည်ခံစားအနုပညာရုပ်များ **မုန်းလို့မဟုတ်ဘူး** ချမ်းသာ၊ အောင်သန်းတင်၊ လှလှသန်း၊ တိမ်ညွန့် (ဒါရိုက်တာ-ဦးသစ္စာ)
၁၀း၀၀	ပြည်တွင်းသတင်း - **အရှုံးအနိုင်** သတ္တိ၊ မိုးဒီ၊ ကြည်လဲ့လဲ့ဦး၊ နွဲ့နွဲ့စန်း (ဒါရိုက်တာ-သက်တင်)

ဘားအံမြို့စက်မှုဇုန်ရှိ UMH အထည်ချုပ်စက်ရုံ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၇

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့်အတူ မတ် ၆ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ဘားအံမြို့ စက်မှုဇုန်ရှိ UMH အထည်ချုပ်စက်ရုံသို့ သွားရောက်ပြီး စက်ရုံမှ တာဝန်ရှိသူများနှင့် အလုပ်သမားများအား တွေ့ဆုံဆွေးနွေးသည်။ **(အပေါ်ပုံ)**

ထို့နောက် အထည်ချုပ်စက်ရုံအတွင်း အလုပ်သမားများ၏ အထည်ချုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အလုပ်သမားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂျော်ဒန်နိုင်ငံသို့ တရားမဝင်သွားရောက် အလုပ်လုပ်နေသော အလုပ်သမားများ၏ အရေးကိစ္စအား တာဝန်ရှိသူများက အမြန်ဆုံးညှိနှိုင်းဆောင်ရွက်ပေးသွားမည်

နေပြည်တော် မတ် ၇

ဂျော်ဒန်နိုင်ငံ Ramtha မြို့ Century Miracle Apparel Mfg. Co., Ltd. အထည်ချုပ်စက်ရုံတွင် လုပ်ကိုင်လျက်ရှိသော မြန်မာအလုပ်သမား ၁၃၀၀ ရှိသည့်အနက် အလုပ်သမား ၁၂၀၀ ခန့်သည် ဖေဖော်ဝါရီ ၁၄ ရက်မှ စတင်ပြီး အလုပ်ရှင်အား ဆန္ဒပြမှုဖြစ်စဉ်ကို ဂျော်ဒန်နိုင်ငံနှင့် အနီးစပ်ဆုံးဖြစ်သော အစ္စရေးနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှတစ်ဆင့် ပြဿနာကိုဖြေရှင်းနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာသံရုံး၏ ညှိနှိုင်းဆောင်ရွက်ပေးမှုနှင့် တရားဝင်လိုင်စင်ရအေဂျင်စီမဟုတ်သော်လည်း အလုပ်သမားများ စေလွှတ်ခဲ့သော New Covenant ကုမ္ပဏီမှ တာဝန်ခံ ဦးစိုင်းတင်ထွန်း၏ ဂျော်ဒန်နိုင်ငံသို့ သွားရောက်၍ ဖြေရှင်းဆောင်ရွက်မှုများအရ လုပ်ခလစာတိုးမြှင့်ရေးမှအပ ကျန်အချက်များအား ညှိနှိုင်းဖြေရှင်းပေးနိုင်ခဲ့သည်။

မတ် ၂ ရက် နံနက်ပိုင်းတွင် အလုပ်ရှင်မှ မြန်မာအလုပ်သမားများအား အလုပ်ပြန်ဆင်းရန် ဆောင်ရွက်စဉ် မြန်မာအလုပ်သမား အမျိုးသမီးလေးဦး အနည်းငယ်ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု သတင်းများအရ သိရှိရသည်။

မြန်မာအလုပ်သမားများ ဆန္ဒပြမှုအား ဂျော်ဒန်နိုင်ငံ၏ဥပဒေအရ ဖြေရှင်းဆောင်ရွက်ရမည် ဖြစ်သော်လည်း ပြေလည်မှုမရရှိဘဲ အချိန်ကြာမြင့်စွာ လိပ်ခဲတည်းလည်း ဖြစ်နေမှုများအား ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ရန် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ အလုပ်သမားရေးရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် အတွေ့အကြုံရှိသည့် ညွှန်ကြားရေးမှူးတစ်ဦးနှင့် ဒုတိယညွှန်ကြားရေးမှူးတစ်ဦးတို့အား ဂျော်ဒန်နိုင်ငံသို့ အမြန်ဆုံးစေလွှတ်၍ ပြဿနာများ ပြေလည်မှုရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်ပင်စိုက်လျှင် ဒီ့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ယွန်းပညာဒီပလိုမာ အပ်နှင်းပွဲကျင်းပ

ညောင်ဦး မတ် ၇

သမဝါယမဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညောင်ဦးမြို့နယ် ပုဂံယွန်းပညာကောလိပ်၏ အဌမအကြိမ် ယွန်းပညာဒီပလိုမာအောင်လက်မှတ်အပ်နှင်းပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၈ နာရီက ပုဂံယွန်းပညာကောလိပ် Conference Hall ၌ ကျင်းပရာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ငွေ၊ သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းနိုင်၊ ညောင်ဦးမြို့နယ် သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဦးကျော်သန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပုဂံယွန်းပညာကောလိပ် ကျောင်းအုပ်ကြီး ဦးဝင်းဇော်စိုးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ငွေက အမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီး ဦးဝင်းဇော်စိုးက ကျောင်းသား ကျောင်းသူ ၆၂ ဦးတို့အား ယွန်းပညာဒီပလိုမာအောင်လက်မှတ်များပေးအပ်ချီးမြှင့်၍ ညွှန်ကြားရေးမှူးချုပ်က ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူ သုံးဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သီဟကျော်(ပုဂံ)

မိုးညှင်းမြို့ ရန်အောင်မြင်ဘုရားဗုဒ္ဓပူဇနီယပွဲနှင့် စတီးရွှေရောင်ထီးတော်အသစ်တင်လှူမည်

မိုးညှင်း မတ် ၇

မိုးညှင်းမြို့ ရွှေဟောင်းသမိုင်းဝင် စဥ့်ခေါဖိတ် (ခေါ်) ရန်အောင်မြင်ဘုရား ဗုဒ္ဓပူဇနီယပွဲတော်နှင့် စေတီတော်ကြီး စိန်ဖူးတော်ထီးတော်အသစ်တင်လှူပူဇော်ပွဲကို ၁၃၇၄ ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မူလတင်လှူထားသော ကြေးထီးတော်မှာ နှစ်ပေါင်း ၃၅ နှစ်သို့ ရောက်ရှိလာပြီဖြစ်၍ ယခု စတီးရွှေရောင်ထီး၊ သဘာဝစလင်းအစစ် စိန်ဖူးတော်ကို တင်လှူပူဇော်မည်ဖြစ်ကြောင်း၊ ထီးတော်ဟောင်းကို ရန်အောင်မြင်စေတီကြီးအနီး ပဒုမ္မာကြာရေကန်တွင် ပူဇော်ထားရှိမည်ဖြစ်ကြောင်း ဘုရားကြီးကျောင်းတိုက် ဆရာတော်က ပြောကြားသည်။ သဘာဝစလင်းစိန်ဖူးနှင့် ရွှေအရောင်စတီးထီးတော် အလှူရှင်မှာ မိုးညှင်းမြို့နယ် ၇ မိုင် ကုန်းတန်းကျေးရွာမှ ဦးကျော်ထွေး-ဒေါ်ကြူကြူမွှေးတို့ဖြစ်သည်။ စိန်ဖူးတန်ဖိုးငွေကျပ် ၁၂ သိန်း၊ ရွှေရောင်စတီးထီးတော်တန်ဖိုးငွေကျပ် သိန်း ၄၀ နှင့် အခြားလိုအပ်သောအလှူငွေများ အပါအဝင် စုစုပေါင်း ငွေကျပ် သိန်းတစ်ရာကျော် လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

(ဝဇ၃)

မိုးစပါး၊နွေစပါး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးရေးဆွေးနွေး

နေပြည်တော် မတ် ၇

မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ သင်တန်းပို့ချလျက်ရှိသော မင်းဘူး(စကု)မြို့နယ်အတွင်းမှ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် မတ် ၁ ရက် နံနက် ၈ နာရီတွင် သွားရောက်၍ သင်တန်းသားများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီး စိုက်ပျိုးရေးမန်နေဂျာနှင့် တိုင်းဒေသကြီး မြေစာရင်းဦးစီးမှူးတို့က ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ ဥပဒေ၊ နည်းဥပဒေ၊ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ထုတ်ပေးရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးရေး၊ အထွက်ကောင်းမျိုးသန့်များစိုက်ပျိုးရေးတို့ကို ရှင်းလင်းမှာကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းရပ်များ ဆောင်ရွက်နေမှုများ၊ မီးဘေးလုံခြုံရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့အတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးအတွက် မိုးစပါး၊ နွေစပါးလျာထားချက် ပြည့်မီအောင် စိုက်ပျိုးရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေးပွင့်ဆိုင်ဖိတ်ခေါ်ဖလား မန္တလေး(ခ) အသင်းဗိုလ်စွဲ

မန္တလေး မတ် ၇

မန္တလေး-စစ်ကိုင်းလက်ရွေးစင်ဟောင်း လေးပွင့်ဆိုင် ဖိတ်ခေါ်ဖလား ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို မတ် ၅ ရက် ညနေ ၄ နာရီက မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ကျင်းပရာ လက်ရွေးစင်ဟောင်းများ မန္တလေး(ခ)အသင်းက လက်ရွေးစင်ဟောင်းများ (စစ်ကိုင်း) အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ပြိုင်ပွဲအပြီး ချစ်ကြည်ရေး လေးပွင့်ဆိုင်ဖလား ဘောလုံးပြိုင်ပွဲ အဓိကပံ့ပိုးအလှူရှင် မိုးသောက်နှင်းကုမ္ပဏီလီမိတက် သုံးဘီးအစီးလိုက် ဆိုင်ကယ်နှင့် အပိုပစ္စည်းရောင်းဝယ်ရေး မန်နေဂျင်းဒါရိုက်တာ ဒေါ်မိုးမိုးထွန်းကိုယ်စား အုပ်ချုပ်မှုမန်နေဂျာ ဒေါ်ယုယုအေးက ဒုတိယဆုရ စစ်ကိုင်းအသင်းအား ဒုတိယ ဆုဖလားနှင့်ဗိုလ်စွဲသည့် မန္တလေး(ခ)အသင်းအား ပထမတံခွန်စိုက်ဆုဖလားကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

တင်မောင်(ကိုယ်ပွား)

တိရစ္ဆာန်ဆေးကုဆရာဝန်များ(မန္တလေး) ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံ

မန္တလေး မတ် ၇

တိရစ္ဆာန်ဆေးကု ဆရာဝန်များ (မန္တလေး)သည် တစ်ဦးတည်း ကာကွယ်ဆေးများ အလှူရှင် ဒေါက်တာသန်းထွန်းဦးနှင့်အတူ ကျေးရွာသားများအား အဖွဲ့သုံးဖွဲ့ခွဲ၍ ဖေဖော်ဝါရီ ၂၆ ရက် နံနက်က အမရပူရမြို့နယ် မိကျောင်းတက်ကျေးရွာနေ ပြည်သူများ ခွေးရူးပြန်ရောဂါအန္တရာယ်ကင်းဝေးစေရန် ကျေးရွာအတွင်း မွေးမြူထားရှိသော ခွေးများကို ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ကျေးရွာအတွင်းအပြင် စိုက်ခင်းခြံများ၊ ကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်း သုံးကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း တစ်ကျောင်း၊ လူနေအိမ်ခြေ ၂၈၀ နှင့် စိုက်ခင်းခြံ ၁၀၀ ကျော်တို့တွင် မွေးမြူထားသော ခွေးအကောင်ရေ ၃၅၀ တို့ကို ကွင်းဆင်းဆောင်ရွက်ပေးကြပြီး တိရစ္ဆာန်ဆေးကု ဆရာဝန်များ မန္တလေးမှ ကျေးရွာနေပြည်သူများအား ခွေးရူးပြန်ရောဂါအန္တရာယ်နှင့် ပတ်သက်၍ အသိပညာပေးဟောပြောကြသည်။

အလားတူ တိရစ္ဆာန်ဆေးကုဆရာဝန်များ(မန္တလေး)သည် မတ် ၂ ရက်က မန္တလေးတောင်ပေါ်နှင့် တောင်ခြေရှိ သံသရာဇကျောင်းတိုက်၊ ဓမ္မပါလကျောင်းတိုက်၊ သစ်ဆိမ့်တိုက်အတွင်းရှိ ကျောင်းတိုက်ခွဲသုံးကျောင်းနှင့် ဆင်တဲတိုက်အတွင်းရှိ နံ့သာကျောင်းတို့တွင် မွေးမြူထားသော ခွေးကောင်ရေ ၄၂ ကောင်နှင့် ကြောင်တစ်ကောင်တို့ကို ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြသည်။ ထို့ပြင် ဘာသာရေးဆိုင်ရာနေရာများ၊ စာသင်ကျောင်းများနှင့် ပရဟိတလူမှုရေးအဖွဲ့အစည်းများတွင်ရှိသော ခွေးများအား ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ အခမဲ့ဆက်လက်ထိုးနှံပေးမည်ဖြစ်ရာ ခွေးရူးပြန် ရောဂါ ကာကွယ်ဆေးနှင့်အလှူငွေ လှူဒါန်းလိုပါက ဒေါက်တာ သောင်းထိုက် ဖုန်း-၀၉-၄၃၁၇၈၈၃၁၊ ဒေါက်တာကျော်ထင် ဖုန်း-၀၉-၂၀၀၁၀၅၇ နှင့် ဒေါက်တာခင်မောင်ထွေး ဖုန်း-၀၉-၂၀၂၄၁၀၅ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(ဝ၄ဝ)

အဖေနေ့ ကျင်းပမည်

မန္တလေး မတ် ၇

မန္တလေးတွင် ပဉ္စမအကြိမ်မြောက် အဖေနေ့အခမ်းအနားကို မတ် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ၃၂ လမ်း၊ ၈၅ လမ်းနှင့် ၈၆ လမ်းကြားရှိ မလွန်ဆန်လှူအသင်းကြီး ညီမူရာခန်းမ မန္တလေးမြို့၌ ကျင်းပမည်ဖြစ်သည်။

အဖေနေ့အထိမ်းအမှတ် အလွတ်တန်း ဝတ္ထုတိုပြိုင်ပွဲ ကျင်းပမည်ဖြစ်ရာ "အဖေမေတ္တာဖွဲ့"စာမူများကို မတ် ၁၅ ရက် နောက်ဆုံးထားပြီး ဦးဖုန်းမြင့်အောင် အမှတ် ၄၁၊ ၆၉ လမ်း၊ လမ်း ၄၀ နှင့် ၄၁ လမ်းကြား မဟာမြိုင်(၁) ရပ်ကွက် မန္တလေးမြို့နှင့် ထွန်းဦးစာပေ ၈၄ လမ်းနှင့် ၂၉လမ်းထောင့် မန္တလေးတို့သို့ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

ရွှေတိဂုံစေတီတော်ကြီး
(၂၆၀၀)နှစ်ပြည့်
ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ
ကြော့ကောင်းခံ

မဟာစေတီတော်ကြီးကိုးပါး၊ ရှုံနိမ့်ခဲ့ရသောဘုရင်များ၊ ရှေမြန်ဓမ္မ ခေါင်းလောင်း၊ အမေကြီးရှင်စောပုစံနှန်း၊ လောကီကို ကောသိချေးနည်း၊ ရွှေတိဂုံစေတီ မင်းမွေစေတီနှင့် မြန်မာ့ရွယ် ခေါင်းလောင်းကြီးကို ဘယ်သူဆယ်၊ ရွှေတိဂုံမှာ လာပေးတဲ့ ထွက်ရပ်ပေါက်စာတော်လှုံး၊ ရွှေတိဂုံဆံတော်ရှင်နှင့် လျောင်ကြီး အကြိမ်ကြိမ်၊ ရွှေတိဂုံ ရောက် ဟိမဝန္တာဝှတ်များ စသည့် ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များ...

နွေရာသီသင်တန်း ဖွင့်လှစ်မည်

မန္တလေး မတ် ၇

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းဖောင်တော်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ကျောင်းသား ကျောင်းသူများအား နွေရာသီအခြေခံ အင်္ဂလိပ်စာ၊ အခြေခံကွန်ပျူတာနှင့် အခြေခံပန်းချီသင်တန်းကို မတ် ၈ ရက်မှ မေ ၅ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။ အဆိုပါသင်တန်းများတွင် အခြေခံပန်းချီသင်တန်းကို တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့များတွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ၊ အခြေခံအင်္ဂလိပ်စာသင်တန်းကို မွန်းလွဲ ၁ နာရီ မှ ညနေ ၃ နာရီအထိလည်းကောင်း၊ အခြေခံကွန်ပျူတာသင်တန်းကို သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၉နာရီ မှ ညနေ ၃ နာရီအထိလည်းကောင်း ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး တက်ရောက်လိုသည့် ကျောင်းသား ကျောင်းသူများ အနေဖြင့် အဆိုပါ ဖောင်တော်ဦး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ဝ၄ဝ)

ကြော်ငြာဆိုင်းဘုတ် လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်အား သန့်ရှင်းသပ်ရပ်မှု ရှိစေရေးအတွက် ကြော်ငြာဆိုင်းဘုတ်များကိုလည်း စနစ်တကျ စိုက်ထူထားရှိစေရေး ဆောင်ရွက်လျက်ရှိပါသည်။ ကြော်ငြာဆိုင်းဘုတ်များနှင့်ပတ်သက်၍ မြို့နယ်များအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက သတ်မှတ်ထားသည့်နေရာများ၌ ကြော်ငြာလိုသည့်လုပ်ငန်းများကို ဖော်ပြ၍ လျှောက်ထားနိုင်ပါသည်။ ကြော်ငြာဆိုင်းဘုတ် လျှောက်ထားလိုသူများသည် မြို့တော်ခန်းမရှိ စီမံရေးရာဌာန၊ လုပ်ငန်းရေးရာဌာနခွဲ၊ ကြော်ငြာဌာနစိတ်တွင် ၁၁-၃-၂၀၁၃ရက်မှ ၂၀-၃-၂၀၁၃ရက် အထိ ရုံးချိန်အတွင်း လာရောက်ဆက်သွယ် လျှောက်ထားနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ (အသေးစိတ်အချက်အလက်များကို စီမံရေးရာဌာန၊ ကြော်ငြာသင်ပုန်းတွင် ကြည့်ရှုနိုင်ပါသည်။)

စီမံရေးရာဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းဗိုလ်စွဲ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုကို ရန်ကုန်မှ နော်အားလိုဝါးဖော ဆွတ်ခူး

နေပြည်တော် မတ် ၇

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို မတ် ၇ ရက် နံနက် ၇ နာရီက ဝဏ္ဏသိဒ္ဓိကွင်းကြီး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအသင်းက ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့တွင် မြန်မာ့လက်ရွေးစင်အားကစားသမားများနှင့် ယူ- ၁၉ လက်ရွေးစင် ကစားသမား အများစုပါဝင်ကစားခဲ့ရာ ပွဲမှာ သူတင်ကိုယ်တင်ဖြင့် အကြိတ်အနယ်ဖြစ်ခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီးအသင်းတွင် မြန်မာ့လက်ရွေးစင်အသင်းက အသင်းခေါင်းဆောင် စန်းစန်းမော် မကစားနိုင်သဖြင့် အားနည်းခဲ့ရပြီး ရန်ကုန်တိုင်းဒေသကြီးအသင်းက အကွက်စေ့စေ့ဖြင့် ကစားသွားနိုင်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးအသင်း၏ တစ်လုံးတည်းသောအနိုင်ဂိုးကို နီလာမြင့်က စည်းအပြင်ဘက် ကိုက် ၂၀ လောက်မှ ထောင့်ဖြတ်ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

ပွဲအပြီးတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနည်းပြ ဦးဝင်းစိန်က "ပြိုင်ပွဲတစ်လျှောက် ကစားခဲ့ရတဲ့ပွဲတွေမှာ ဒီနေ့ပွဲက အခက်အခဲဆုံးကစားရတဲ့ပွဲပါ။ ကျွန်တော်တို့အသင်း စုစုစည်းစည်းနဲ့ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်နဲ့ ကစားနိုင်ခဲ့လို့သာ အခုလိုအနိုင်ရဗိုလ်စွဲခဲ့တာပါ" ဟု ပြောခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုများ ဆက်လက်ချီးမြှင့်ခဲ့ရာ မြန်မာနိုင်ငံအမျိုးသား အားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်တို့က ဆုများချီးမြှင့်သည်။ အမျိုးသမီးဘောလုံး ပြိုင်ပွဲတွင် ပထမဆု ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆု ဧရာဝတီတိုင်းဒေသကြီး၊ တတိယဆု မန္တလေးတိုင်းဒေသကြီးတို့ကရရှိခဲ့ပြီး အသင်းလိုက် ဆုကြေး များအဖြစ် ပထမဆု ကျပ် သိန်း ၂၀၊ ဒုတိယဆု ကျပ် ၁၅သိန်း၊ တတိယဆု ကျပ် ၁၀ သိန်း ရရှိခဲ့ကြသည်။

တစ်ဦးချင်းဆုများတွင် အကောင်းဆုံးဂိုးသမားဆုကို သင်းသင်းစိုး (ရန်ကုန်တိုင်းဒေသကြီး)၊ အကောင်းဆုံးနောက်တန်းဆုကို ချစ်ချစ် (ရှမ်းပြည်နယ်)၊ အကောင်းဆုံး အလယ်တန်းဆုကို ခင်မာလာထွန်း (မန္တလေး)၊ အကောင်းဆုံး ရှေ့တန်းဆုကို လှယဉ်ဝင်း(ဧရာဝတီ)၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုကို နော်အားလိုဝါးဖော (ရန်ကုန်တိုင်းဒေသကြီး)က ရရှိပြီး အသန့်ရှင်းဆုံးအသင်းဆုကို မန္တလေးတိုင်းဒေသကြီး အမျိုးသမီးအသင်းက ရရှိသွားသည်။ **သတင်း-ရာဇာစိုး**

ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသားတံခွန်စိုက်ဒိုင်းဆုရရှိသွားသော ကာကွယ်ရေးဝန်ကြီးဌာနအသင်း။

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ ပြေးခုန်ပစ်ပြိုင်ပွဲများကျင်းပပြီးစီး အမျိုးသားတံခွန်စိုက်ဒိုင်းဆုကြီးကို ကာကွယ်ရေးဝန်ကြီးဌာနဆွတ်ခူး

နေပြည်တော် မတ် ၇

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ ပြေးခုန်ပစ်ပြိုင်ပွဲများကို မတ် ၆ ရက်တွင် နောက်ဆုံးနေ့အဖြစ် ကျင်းပရာ ပွဲစဉ်အချို့ကို နံနက်ပိုင်းတွင် ကျင်းပခဲ့ပြီး ကျန်ရှိသော ပွဲစဉ်များကို ညနေ ၆ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီး၌ ဆက်လက် ကျင်းပခဲ့သည်။

အမျိုးသား တန်းမြင့်ခုန်ပြိုင်ပွဲတွင် အောင်ဇော်မင်းက ပထမ၊ ထွန်းလင်းနိုင်က ဒုတိယ၊ ထင်လင်းက တတိယရရှိပြီး ၄×၄၀၀ အမျိုးသား လက်ဆင့်ကမ်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယ၊ မွန်ပြည်နယ်က တတိယရရှိသည်။

အမျိုးသမီး ပြိုင်ပွဲများတွင် ၄×၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီး အသင်းက ပထမ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ဒုတိယ၊ မွန်ပြည်နယ်က တတိယရရှိပြီး အမျိုးသမီး မီတာ ၁၅၀၀ ပြိုင်ပွဲတွင် ဖြူဝါသက်က ပထမ၊ ခင်မာဆယ်က ဒုတိယ၊ ဆွေလီမြင့်က တတိယရရှိခဲ့သည်။

အမျိုးသမီး မီတာ ၄၀၀တန်းကျော် ပြိုင်ပွဲတွင် နီနီတိုးက ပထမ၊ တင်ဇာခိုင်က ဒုတိယ၊ ဖြူဇင်စိုးက တတိယရရှိပြီး အမျိုးသမီးမီတာ ၁၀၀ တန်းကျော်ပြိုင်ပွဲတွင် တင်ဇာမိုးက ပထမ၊ မိုးမိုးမြင့်က ဒုတိယ၊ နော်ရီရီသန့်က တတိယ အသီးသီးရရှိကြသည်။

အမျိုးသမီး အလျားခုန်ပြိုင်ပွဲတွင် နှင်းရည်ဝေက ပထမ၊ မြင့်မြင့်ဝေက ဒုတိယ၊ မြတ်ဆုက တတိယရရှိပြီး အမျိုးသမီးသုံးဆင့်ခုန်ပြိုင်ပွဲတွင် မြင့်မြင့်ငွေက ပထမ၊ ငွေသန္တာဦးက ဒုတိယ၊ စုစုမောင်က တတိယရရှိသည်။ အမျိုးသမီးလှံတံပစ်ပြိုင်ပွဲတွင် စိုးစိုးထွေးက ၃၉ ဒသမ ၇၈ မီတာဖြင့် ပထမ၊ ခိုင်သဇင်စိုးက ၃၆ ဒသမ ၉၃ မီတာဖြင့် ဒုတိယ၊ မေသရဖီစိုးက ၃၂ ဒသမ ၉၉ မီတာဖြင့် တတိယရရှိသည်။

နံနက်ပိုင်းတွင် ကျင်းပသော ပွဲစဉ်များအနက် ၁၀ မျိုးစုံပြိုင်ပွဲတွင် ထွန်းလတ်က ၅၄၉၄ မှတ်ဖြင့် ပထမ၊ မြတ်စိုးသူက ၅၂၂၉ မှတ်ဖြင့် ဒုတိယ၊ မျိုးမင်းက ၄၅၀၅မှတ်ဖြင့် တတိယရရှိပြီး မီတာ ၁၅၀၀ အမျိုးသားပြိုင်ပွဲတွင် မောင်ချက်(ခ)သက်နိုင်က ပထမ၊ ချမ်းမြေ့အောင်က ဒုတိယ၊ စန်းနိုင်က တတိယရရှိသည်။

အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် ဒီယဲဗူက ပထမ၊ သိန်းဇော်မျိုးက ဒုတိယ၊ ကျော်ညီညီထွေးက တတိယရရှိပြီး ၁၁၀ တန်းကျော် အမျိုးသားပြိုင်ပွဲတွင် စိုးမိုးဝင်းက ပထမ၊ အောင်မျိုးမင်းက ဒုတိယ၊ စောမင်းနိုင်က တတိယရရှိသည်။

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားတံခွန်စိုက်ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပထမဒိုင်းဆုကြီးကို ဆွတ်ခူးရရှိသွားသည်။ ကာကွယ်ရေးဝန်ကြီးဌာန အသင်းသည် အမျိုးသမီးတံခွန်စိုက်ဒိုင်းနှင့် အမျိုးသား၊ အမျိုးသမီးတံခွန်စိုက် ဒိုင်းဆုများကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာန အသင်းသည် ယခုပြိုင်ပွဲသို့ အမျိုးသား ၃၂ ဦး၊ အမျိုးသမီး ၂၆ ဦး စုစုပေါင်း ၅၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အဆိုပါ အောင်မြင်မှုများကို ရရှိခဲ့ခြင်းဖြစ်သည်။

သတင်းနှင့်ဓာတ်ပုံ-ဖေမြင့်ဦး

တိုက်ဂါးမြန်မာ အပျော်တမ်းအိုးပင်းဂေါက်သီးရိုက်ပြိုင်မည်

ရန်ကုန် မတ် ၇

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ Tiger Golf က အဓိက ကူညီပံ့ပိုးသည့် ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၁၉ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ တည်းကုန်း ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် အပျော်တမ်းအဆင့်ပြိုင်ပွဲ (H'CAP 0-12) အဆင့်ရှိသူများသာ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။ ပြိုင်ပွဲကို R&A RULES LIMITED (ST.ANDREW) ဂေါက်စည်းမျဉ်း အတိုင်းနှင့်ဒေသန္တရ စည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုက ပြိုင်ပွဲဝင်ကြေးငွေကျပ် ၂၀၀၀၀ နှင့်အတူ မတ် ၁၇ ရက် မွန်းလွဲ ၁ နာရီနောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်။ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉-၂၀၃၇၆၇၁၊ ၀၉-၇၃၁၃၀၄၇၃၊ ၀၉-၄၉၁၀၂၀၀၉သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(မောင်ကျော်)**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အောင်မြင်ဇေယျစေတီတော် (ရခိုင်ဘုရားကြီး)မှာ လက်ရှိ ပဉ္စမပစ္စယာ အမြင့် ၆၄ပေအထိ တည်ထားပြီးစီးပြီးဖြစ်ပါသည်။
၂။ ယခုအခါတွင် အဆိုပါ ပဉ္စမပစ္စယာမှ အထက်ထီးတော်အထိ ပေ ၅၀ ဉာဏ်တော်အမြင့်ရှိသော စေတီတော်ကို ဆက်လက်တည်ထားမည်ဖြစ်ပါသည်။ ၎င်းအပြင် အရံစေတီ (၁၂)ဆူကိုလည်း တစ်ပါတည်း တည်ထားမည်ဖြစ်ပါသည်။
၃။ တာဝန်ယူတည်ဆောက်လိုသည့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များကို အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။
၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ဘုရားဂေါပကရုံးတွင် ရယူနိုင်ပါသည်။
၅။ တည်ထားမည့် ဘုရားစေတီ၏ အဆိုပြုပုံစံအချက်အလက်များကို လာရောက်လေ့လာနိုင်ပါသည်။
၆။ အိတ်ဖွင့်တင်ဒါများကို ၁၉-၃-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပါသည်။

ဂေါပကအဖွဲ့
မကွေးလမ်း၊ ရွှေကြာအင်း(၁)ရပ်ကွက်၊ တောင်တွင်းကြီးမြို့
ဖုန်း-၀၆၃-၅၀၄၈၂၊ ၀၉-၄၉၁၅၃၅၁၀

လုံခြုံရေးဝန်ထမ်း (၁၅)ဦး အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားမည်)

စက်ရုံနှင့် အရောင်းဆိုင်ခန်းအတွက် အသက်(၂၀)နှင့် (၃၀)ကြား လုံခြုံရေးဝန်ထမ်းများ အလိုရှိသည်။ လျှောက်ထားသူသည် ကျန်းမာရေးကောင်းမွန်၍ ကိုယ်အလေးချိန် ပေါင် ၁၂၀နှင့် အရပ် ၅ပေ၊ ၄လက်မ အထက်ရှိရမည်။ ပညာအရည်အချင်း ၁၀တန်းနှင့်အထက် ဘွဲ့ရများ လျှောက်ထားနိုင်သည်။ ကျန်းမာရေးအတွက် ဆေးစစ်ခြင်းခံယူနိုင်ရမည်။ လုံခြုံရေးမှူးမှ သင်တန်းပို့ချခြင်းကို သင်ကြားနိုင်ရမည်။ နေရေး၊ စားရေး ကုမ္ပဏီမှ တာဝန်ယူမည်။

(စိတ်ဝင်စားသူများ CV Form နှင့်အတူ တစ်လအတွင်း ရိုက်ထားသော ၄×၆ ဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပညာရေးအတွက် ထောက်ခံစာ၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မျှော်မှန်းလစာ၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်နှင့်အတူ ၂၄-၃-၂၀၁၃ရက် နောက်ဆုံးထားပြီး စာတိုက်သေတ္တာအမှတ် ၆၄၂၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

ပြည်တွင်းသတင်း

အပြောင်းအရွှေ့များအကြားမှ အရောင်းအဝယ်မပျက်သော ကားဈေးကွက်

သတင်း၊ ဓာတ်ပုံ - ကိုကြီးတင်

နိုင်ငံတော်မှ ယာဉ်အိုယာဉ်ဟောင်းအပ်နှံခြင်းကို ၂၀၁၁ ခုနှစ်စက်တင်ဘာလအတွင်းက စတင်ခဲ့သည်။ နှစ် ၄၀ ကျော် မှတ်ပုံတင် သက်တမ်းရှိ စ. ဆ. ဇ အက္ခရာများ၊ နှစ် ၃၀ မှ နှစ် ၄၀ သက်တမ်းအတွင်းရှိ ဈ၊ ည အက္ခရာနံပါတ်ဝင်ကားများ၊ နှစ် ၂၀ မှ နှစ် ၃၀ မှတ်ပုံတင်သက်တမ်းရှိ ထ. ဒ. ဓ. န. ပ. ဗ. ဘ အက္ခရာယာဉ်များ၊ လေလံမှတ်ပုံတင်ယာဉ်မာဇဒါအုပ်စုဝင်ယာဉ်များကို ကားပိုင်ရှင်များ အဆင်ပြေချောမွေ့စွာ အပ်နှံရေးအတွက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများတွင် လက်ခံဆောင်ရွက်ပေးခဲ့သည်။

ယခုအခါ 'လ'အက္ခရာနံပါတ်များကို ဖေဖော်ဝါရီ ၂၈ ရက်မှ စတင်လက်ခံနေပြီဖြစ်ရာ တိုက်တိုက်ဆိုင်ဆိုင်ပင် ကမာရွတ်မြို့နယ်ရှိ ဟံသာဝတီကားရောင်းဝယ်ရေးစခန်းအား မင်းရဲကျော်စွာယာဉ်ရောင်းဝယ်ရေးစခန်း(ယာယီ) နှင့် သီရိမင်္ဂလာယာဉ်ရောင်းဝယ်ရေး စခန်းများသို့ နောက်ဆုံးပြောင်းရွှေ့ပေးရသည့်ရက်နှင့်လည်း အကြောင်းအားလျော်စွာ တိုက်ဆိုင်သွားခဲ့သည်။

သို့သော်လည်း ထိုယာဉ်ရောင်းဝယ်ရေးစခန်းသစ်များသို့ ကြိုတင်ရောက်နှင့်နေသူကားအကျိုးဆောင်များအနေဖြင့် အရောင်းအဝယ်မပျက် ဆောင်ရွက်နိုင်နေကြသည်ကို တွေ့မြင်ကြားသိခဲ့ရသည်။

ကားများ အပ်နှံသည့်အခါ အရောင်းအဝယ်နှစ်မျိုးနှစ်စားဖြင့် ဝယ်ရောင်းနေကြသည်ကို မိတ်ဆွေကားအကျိုးတော်ဆောင်များထံမှ ကြားသိရသည်။

'လ' အက္ခရာရှေ့ 'ဘ'အက္ခရာယာဉ်များ စတင်အပ်နှံခွင့်ပြုသည့်အချိန်က စလစ်ဈေးမှာ ကျပ် ၉၂ သိန်း ၅ သောင်းမျှရှိခဲ့သည်။ ကားကိုတိုက် ရိုက်အရောင်းအဝယ်ပြုပါက ကျပ် ၈၈ သိန်း ၅ သောင်းမျှရှိခဲ့သည်။ 'လ' အက္ခရာယာဉ်များ အပ်နှံရန်ကြေညာပြီးနောက်ပိုင်း 'ဘ' အက္ခရာ စလစ်ဈေးကွက် ကျပ် ၈၅ သိန်းအောက်ထိုးကျသွားခဲ့ပြီး ကားချည်းတိုက်ရိုက်အရောင်းအဝယ် ပြုပါက ကျပ်သိန်း ၈၀ ပျော့ပျော့သာ ဈေးရှိခဲ့သည်။

ယနေ့ 'လ' အက္ခရာယာဉ်စလစ်ဈေး မှာ ကျပ် ၈၈ သိန်းရှိနေပြီး တိုက်ရိုက်ကားကို ဝယ်ရောင်းပါက ကျပ် ၈၃ သိန်းမျှ ဈေးရှိနေကြောင်း အကျိုးတော်ဆောင်များထံမှ ကြားသိခဲ့ရသည်။

ကားအကျိုးတော်ဆောင် ဦးကျော်ကျော်နိုင်က "အခုအပြောင်းအရွှေ့တွေကြားမှာ တက္ကစီအသုံးပြုလို့ရတဲ့ ကားတွေက ပိုအရောင်းအဝယ်ဖြစ်နေတယ်။ ဟွန်ဒါ(ဖစ်)၊ ပရိုဘောက်အေဒီဗင်ကားတွေက အရောင်းအဝယ်စွာလာတယ်" ဟု ဆိုပါသည်။ ယင်းအမျိုးအစားကားများမှာ အမျိုးအစားအလိုက် ငွေကျပ် ၁၃၅ သိန်း အကြားတွင် ဈေးရှိနေကြောင်း ကားဝင်းအတွင်းမှ ကြားသိရသည်။

အပြောင်းအရွှေ့အပြီး တစ်ပတ်အတွင်း၌ မင်းရဲကျော်စွာကားဝင်းအတွင်း သင်္ကြန်အတွက် ကြိုတင်ကားရှာသူများ၏ လှုပ်ရှားမှုများကို တွေ့မြင်ခဲ့ရသည်။ ဂျစ်ကားခေတ်မှ ဟိုင်းလပ်ကားခေတ်အထိ သင်္ကြန်ရေပက်ခံအငှားကားလိုက်သူ ဗဟန်းမြို့နယ်မှ ကိုအေးမင်းက"ဒီနှစ်သင်္ကြန်အတွက် ကားလာရှာတာ အရင် "ဘ"လေးက အပ်လိုက်ပြီလေ။ ဒီနှစ်တော့ လိုက်ထရပ်ကားနဲ့ ဆွဲမလားလို့"ဟု တွေ့ဆုံခိုက် ပြောခဲ့သည်။

သင်္ကြန်အတွက် ကားကြိုတင်ရှာသူများအနေဖြင့် ဆူဇူကီး၊ ချယ်ရီနှင့် လိုက်ထရပ်ကားများကို စိတ်ဝင်စားကြသည်။ လိုက်ထရပ်ကားထက် ဆူဇူကီး ချယ်ရီက ဈေးအနည်းငယ်နိမ့်ပြီး ဆီစားလည်း သက်သာသည်ဟု ဆိုကြသည်။

သီရိမင်္ဂလာကားစခန်းမှ ကားအကျိုးတော်ဆောင် ကိုဝင်းသူက "သင်္ကြန်အတွက် ဆူဇူကီးချယ်ရီကားလေးတွေက ပိုအရောင်းထွက်တယ်ဗျ။ ဒီနှစ်ထဲ အရောင်းအဝယ်မဆိုးပါဘူး။ နောက်တဖြည်းဖြည်းနဲ့တော့ ပိုကောင်းလာမှာပါ" ဟု သုံးသပ်ပြောကြားခဲ့သည်။

ကျိုက်ခနောက်ဆံတော်ရှင်စေတီတော် စိန်ဖူးတော်၊ ထီးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်မည်

ရန်ကုန် မတ် ၇

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင်တည်ရှိသော ရှေးဟောင်းသမိုင်းဝင် ကျိုက်ခနောက်ဆံတော်ရှင် စေတီတော်ကြီးသည် ယခုအခါ သုဝဏ္ဏဘူမိဆံတော်ရှင်များ သာသနာပိုင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပ (ကျိုက်ထီးဆောင်းဆရာတော်)၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇဘဒ္ဒန္တနာဂဒီပကြီးကြပ်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို) ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ(ဇေကမ္ဘာမိသားစု) က ပဓာနဒါယကာအဖြစ်ခံယူပြီး ခုနစ်ရက်သားသမီးအပေါင်း၏ လုပ်အားဒါနအလှူဒါနတို့ဖြင့် ပြန်လည်တည်ဆောက် တည်ထားကိုးကွယ်သော ကျိုက်ခနောက်ဆံတော်ရှင်စေတီတော်မြတ်ကြီးအား မတ် ၁၄ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် (မွန်) ရွှေထီးတော်ဘုံမကြီး ဆက်ကပ်တင်လှူပူဇော်မည်ဖြစ်သည်။ မတ် ၁၅ ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် (ရှမ်း) ရွှေထီးတော် ဆက်ကပ်တင်လှူပူဇော်မည်ဖြစ်သည်။ မတ် ၁၆ ရက် (စနေနေ့) နံနက် ၉ နာရီတွင် (မြန်မာ) ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်၊ စိန်ဖူးတော်များ ဆက်ကပ်တင်လှူပူဇော်မည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် တည်ရှိသော အရိန္ဒမာ ရန်အောင်မြင်စေတီတော်မြတ်ကြီးနှင့် ကျိုက်ကေသာစေတီတော်မြတ်အား မတ် ၁၇ ရက် နံနက် ၈ နာရီ မင်္ဂလာအချိန်တွင် ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်နှင့် စိန်ဖူးတော်များ ဆက်ကပ်တင်လှူပူဇော်မည်ဖြစ်ကြောင်း သိရသည်။

(ဖိုးသော်ဇင်)

ချစ်ကြည်ရေးတံတား သာယာလှပရေးဆောင်ရွက်

တာချီလိတ် မတ် ၇

တာချီလိတ်မြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေး တံတားအမှတ်(၁) သာယာလှပရေးအတွက် ဆွေးမြည့်သစ်ပင်ကြီးများ ခုတ်လှဲခြင်းနှင့် သန့်ရှင်းလှပရေးလုပ်ငန်းများကို မတ် ၆ ရက်က ဆောင်ရွက်ရာ တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနှင့် တာဝန်ရှိသူများက ကြီးကြပ်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက မြန်မာနိုင်ငံ၏ ဝင်ပေါက်တစ်ခုဖြစ်သော ချစ်ကြည်ရေးတံတားသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **(ယာပုံ)**

(ဝ၆ဝ)

စာအုပ် စာပေ
လူ့မိတ်ဆွေ

ချင်းပြည်နယ် အစိုးရအဖွဲ့၊ လမ်း/တံတားအသုံးပြုခကောက်ခံရေးလုပ်ငန်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ၁-၄-၂၀၁၃ မှ ၃၁-၃-၂၀၁၄အထိ လုပ်ပိုင်ခွင့်လုပ်ငန်းလိုင်စင်များကို မဲစနစ်ဖြင့် ရောင်းချရန်ကြော်ငြာ

၁။ ချင်းပြည်နယ်အစိုးရအဖွဲ့သည် ချင်းပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါ လမ်း/တံတားအသုံးပြုခကောက်ခံမည့် ဂိတ်လေးခု၏ ၁-၄-၂၀၁၃ ရက်မှ ၃၁-၃-၂၀၁၄ ရက်အထိ လုပ်ငန်းလုပ်ပိုင်ခွင့်လိုင်စင်များကို နိုင်ငံသားများအား မဲစနစ်ဖြင့် လေလံတင် ရောင်းချမည်ဖြစ်ပါသည်။

(က) မဲစနစ်ဖြင့်ရောင်းချမည့်ဂိတ်စာရင်းများ

စဉ်	လမ်းဂိတ်အမည်	ခရိုင်အမည်	လမ်းအမည်	ကောက်ခံသည့်ခရီးစဉ်
၁။	ခိုင်ကမ်း	ဖလမ်း	-ကလေး-ဖလမ်း ဟားခါးလမ်း -ကလေး-သိုင်းငင်း တီးတိန်လမ်း	-ခိုင်ကမ်း-သိုင်းငင်း(အသွားအပြန်) -ခိုင်ကမ်း-ဖလမ်း(အသွားအပြန်) -ခိုင်ကမ်း-ဟားခါး(အသွားအပြန်) -ခိုင်ကမ်း-တီးတိန်(အသွားအပြန်)
၂။	ဟိုင်မွှာလ်ရွာသစ်	ဖလမ်း	တီးတိန်-ရိဒ်လမ်း	တီးတိန်-ရိဒ်(အသွားအပြန်)
၃။	လေအွမ်	ဖလမ်း	ဟားခါး-ဂန့်ဂေါလမ်း	ဟားခါး-ဂန့်ဂေါ(အသွားအပြန်)
၄။	မံဆောင်းတံတား	ဖလမ်း	တီးတိန်-ရိဒ်လမ်း	

(ခ) မဲစနစ်ဖြင့် လေလံဖွင့်လှစ်မည့်ရက်/အချိန် - ၁၄-၃-၂၀၁၃ ရက် နံနက် ၉း၀၀နာရီ

(ဂ) မဲစနစ်ဖြင့် တင်ဒါဖွင့်လှစ်မည့်နေရာ - အင်ဂျင်နီယာမှူးကြီးရုံး၊ ဟားခါးမြို့

၂။ ဂိတ်တစ်ခုချင်းစီအလိုက် မဲစနစ်ဖြင့် လေလံလျှောက်လွှာတင်သွင်းရန် အသေးစိတ်စည်းကမ်းချက်များကို လျှောက်လွှာထုတ်ယူသည့်ရုံးတွင် စုံစမ်းနိုင်ပါကြောင်းနှင့် လျှောက်လွှာများအား အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဟားခါးမြို့တွင် ရယူပြီး ၁၂-၃-၂၀၁၃ ရက် ညနေ ၄း၀၀နာရီနောက်ဆုံးထား၍ စာရင်းတင်သွင်းနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုသော အချက်များကို ဖုန်း-၀၇၀-၂၁၀၃၃၊ ၀၇၀-၂၂၃၅၈တို့တွင်စုံစမ်းမေးမြန်းနိုင်ပါသည်။

လမ်း/တံတား အသုံးပြုခွင့်လေလံတင်ရောင်းချရေးကော်မတီ
ချင်းပြည်နယ်၊ ဟားခါးမြို့

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းနှင့်တံတား အသုံးပြုခကောက်ခံရေးလုပ်ငန်း လုပ်ကိုင်ခွင့်အား လေလံမဲစနစ်ဖြင့် ရောင်းချရန်ကြော်ငြာ

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင်းရှိ လမ်းအသုံးပြုခကောက်ခံသည့်ဂိတ် ရှစ်ခုနှင့် တံတားအသုံးပြုခကောက်ခံသည့် ဂိတ် ခြောက်ခုအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ၁-၄-၂၀၁၃ ရက်မှ ၃၁-၃-၂၀၁၄ ရက်အထိ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များကို နိုင်ငံသားများအား မဲစနစ်ဖြင့် အောက်ပါအတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

			ကြမ်းခင်းဈေး (ကျပ်-သိန်း)
(က) လေလံတင်ရောင်းချမည့်လမ်းဂိတ်များ			
(၁)	ခါးသျှိဂိတ်	(လားရှိုးမြို့)	၂၀၇
(၂)	သီပေါဂိတ်	(သီပေါမြို့)	၉၅
(၃)	မန်စံဂိတ်	(နမ္မတူမြို့)	၁၀၀
(၄)	မိုးမိတ်ဂိတ်	(မိုးမိတ်မြို့)	၃၅
(၅)	ကျောက်မဲဂိတ်	(ကျောက်မဲမြို့)	၁၅
(၆)	ဟိုယဂိတ်	(မိုင်းရယ်မြို့)	၆၁
(၇)	လောက်ကိုင်ဂိတ်	(လောက်ကိုင်မြို့)	၁၂၀
(၈)	တုံ့ခန်ဂိတ်	(မူဆယ်မြို့)	၁၀၀
(ခ) လေလံတင်ရောင်းချမည့် တံတားဂိတ်များ			
(၉)	ရွှေလီ(နမ့်ခမ်း)တံတားဂိတ်	(နမ့်ခမ်းမြို့)	၄၀
(၁၀)	မိုးတေတံတားဂိတ်	(သီပေါမြို့)	၁၁
(၁၁)	လေလုတံတားဂိတ်	(နမ့်ဆန်မြို့)	၁၀
(၁၂)	နမ့်တိန်တံတားဂိတ်	(ဟိုပန်မြို့)	၅၈
(၁၃)	နမ့်ပေါင်တံတားဂိတ်	(လားရှိုးမြို့)	၅၁
(၁၄)	တာကော်အက်တံတားဂိတ်	(တန့်ယန်းမြို့)	၃

(ဂ) လေလံဝင်ခွင့်လျှောက်လွှာထုတ်ယူရမည့်ရက်နှင့်နေရာ
၉-၃-၂၀၁၃ ရက် (စနေနေ့) နံနက် ၉း၃၀ နာရီ
တွဲဖက်ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လားရှိုး

(ဃ) လေလံလျှောက်လွှာတင်သွင်းခြင်း ပိတ်သိမ်းမည့်ရက်နှင့်အချိန်
၁၆-၃-၂၀၁၃ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီ

(င) လေလံပွဲကျင်းပမည့်ရက်နှင့်အချိန်
၁၇-၃-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၃၀ နာရီ

(စ) လေလံပွဲကျင်းပမည့်နေရာ
တွဲဖက်ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လားရှိုး

၂။ ဂိတ်တစ်ခုချင်းအလိုက် စိတ်ပါဝင်စားကြေးပေးသွင်းရမည်ဖြစ်ပြီး ပေးသွင်းရမည့် စိတ်ပါဝင်စားကြေး/လုပ်ကိုင်ခွင့် လိုင်စင်ရောင်းချခြင်း/လုပ်ကိုင်ခွင့်ရရှိပါက လိုက်နာရမည့်စည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုသောအချက်များအား စုံစမ်းမေးမြန်းနိုင်ပါသည်။

မှတ်ချက်။ ။ **ဆက်သွယ်ရန်ဖုန်းများ-**

အင်ဂျင်နီယာမှူးကြီးရုံး	-	ဖုန်း-၀၈၂-၂၃၈၇၄/၂၅၆၄၇
အင်ဂျင်နီယာမှူးကြီး	-	ဖုန်း-၀၈၂-၂၅၂၂၆
ဦးစီးအရာရှိ (စီမံ)	-	ဖုန်း-၀၉-၅၀၄၈၆၅၁၊ ၄၄၅၁၀၈၃၈၁

လမ်း/တံတား လေလံလုပ်ကိုင်ခွင့်ကြီးကြပ်ရေးအဖွဲ့
ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ဒေသခံပြည်သူများနှင့်တွေ့ဆုံ

နေပြည်တော် မတ် ၇

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် မတ် ၅ ရက် နံနက် ၉ နာရီက ရွာငံမြို့ ဗထူးခန်းမ၌ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ရှေးဦးစွာ ရွာငံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်က ဒေသဆိုင်ရာ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကိုက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး ဦးမြတ်ကျော်ကျော်က နိုင်ငံတော်သမ္မတရုံးမှ မြို့နယ်နှင့်ရပ်ကွက်(သို့) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးခြင်းနှင့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်နိုင်ရေးအတွက် နယ်မြေအလိုက်စွမ်းဆောင်ရှင်များ ရွေးချယ်တင်ပြရေး ကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပြီး ပြည်နယ်ဥပဒေချုပ် ဦးမောင်မောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားကာ ရွာငံမြို့နယ် ပြည်သူ့ဆေးရုံ တိုးချဲ့ဆောက်လုပ်နေမှုနှင့် ရွာငံမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့တော်အများပြည်သူသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် မတ် ၇

ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ (YCPTA) သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း Comprehensive Transport Network တည်ဆောက်ရန်ဆောင်ရွက်ရာတွင် ရန်ကုန်မြို့တော် သယ်ယူပို့ဆောင်ရေးစနစ်နှင့် ပတ်သက်၍ ပြုပြင်သင့်သည်များကို ကွင်းဆင်းလေ့လာခြင်း၊ ပြည်တွင်းရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် နည်းပညာတက္ကသိုလ်တို့မှ ပညာရှင်တို့နှင့် တွေ့ဆုံဆွေးနွေးခြင်းများ ပြုလုပ်လျက်ရှိသည်။

ပို့ဆောင်နှုတ်ဆက်

ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဗန်ကောက်မြို့ရှိ Comprehensive Transport Network များကို လာရောက်လေ့လာနိုင်ရန် ဖိတ်ကြားချက်အရ ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ ဦးကြည်သိန်း ခေါင်းဆောင်သည့် အဖွဲ့ဝင်ငါးဦးပါ လေ့လာရေး ကိုယ်စားလှယ်အဖွဲ့သည် မတ် ၆ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာသွားရာ YCPTA အဖွဲ့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

(သတင်းစဉ်)

နေပြည်တော် တပ်ကုန်းတွင်ယာဉ်တိုက်မှုဖြစ်ပွား

တပ်ကုန်း မတ် ၇

မတ် ၃ ရက် ည ၇ နာရီ ၄၅ မိနစ်က တပ်ကုန်းမြို့နယ် အဆုံဇီးကုန်းကျေးရွာ ရန်ကုန်-မန္တလေး ကားလမ်းမကြီး(လမ်းဟောင်း) မိုင်တိုင် ၂၇၁/၇ နှင့် ၂၇၂/၀ ကြားတွင် ယာဉ်တိုက်မှုဖြစ်ပွားရာ ယာဉ်မောင်းနှင့် လိုက်ပါလာသူ နှစ်ဦးစလုံး သေဆုံးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ နယ်မြေခံတပ်ရင်းမှ ဒုတပ်ကြပ်ကြီး ဇော်ဝမ်း မောင်းနှင်ပြီး ဒုတပ်ကြပ်လှဌေး လိုက်ပါလာသော ရှန်ယန်း-၁၁၀အနက်ရောင် ဆိုင်ကယ်သည် ကင်းသာလမ်းဆုံမှ တပ်ကုန်းဘက်သို့ မောင်းနှင်လာစဉ် မျက်နှာချင်းဆိုင်မှ ယာဉ်မောင်း ဦးတင်မြင့် မောင်းနှင်လာသော စ/. . . GMC ခြောက်ဘီးကား၏ ယာဉ်ကြောအတွင်း အရှိန်ပြင်းစွာ ဝင်ရောက်တိုက်မိသဖြင့် အခင်းဖြစ်နေရာတွင် ဆိုင်ကယ်မောင်းနှင်လိုက်ပါလာသူနှစ်ဦးစလုံး သေဆုံးသွားကြောင်း သိရသည်။

မောင်ဇော် (ကလေး)

ပြည်တွင်းသတင်း

အရာထမ်းအခြေခံသင်တန်းဆင်း

နေပြည်တော် မတ် ၇

ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) စစ်ရေးပြကွင်း၌ ယနေ့ နံနက် ၇ နာရီခွဲတွင် အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၁၉၂) သင်တန်းဆင်း အခမ်းအနားကျင်းပရာ ခေတ္တပါမောက္ခချုပ် ဦးထွဏ်းကြည်က သင်တန်းသား စံပြဆုနှင့် သင်တန်းသူစံပြဆုရရှိသူတို့အား လည်းကောင်း၊ သင်တန်းသား သင်တန်းသူ ပထမဆု၊ ဒုတိယဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြ ထူးချွန်ဆု ရရှိသူများအား လည်းကောင်း ဆုများချီးမြှင့်သည်။

ထို့နောက် အုန်းတောခန်းမ၌ သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။ **(သတင်းစဉ်)**

ရွှေပြည်သာမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် မတ် ၇

မတ် ၆ ရက် နံနက် ၀၀း၃၅ နာရီခန့်က ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ် (၁၆)ရပ်ကွက် ဗန္ဓုလလမ်း သာသနာ့နယ်မြေအမှတ် (၂၀၁၅၊၂၀၁၆၊ ၂၀၁၇) အာသောကရာမကျောင်းတိုက် ပရိဝုဏ်အတွင်းရှိ အလျား ပေ ၂၀၊ အနံ ပေ ၃၀ သစ်သားအုတ်ညှပ် တစ်ထပ် အဆောက်အအုံတစ်လုံး လျှပ်စစ်ဝိုင်ယာကြိုးအပူလွန်ကဲရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားသည်။ **(ယာပုံ)**

ထိုသို့မီးလောင်ရာတွင် ဒေသခံပြည်သူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်သုံးစီး၊ သန္ဓေမီးသတ် ၁၂ ဦး၊ အရန်မီးသတ် ၅၀ တို့က စုပေါင်းငြိမ်းသတ်ခဲ့ရာ နံနက် ၀၀း၅၅ နာရီတွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၁ နာရီတွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုမှာ Extention (10) meter မှတစ်ဆင့် Hot plate သုံးစွဲရာမှ ဝန်နှင့်အား မမျှတမှုကြောင့် အပူလွန်ကဲပြီး အနီးရှိသံဃာ့အသုံးအဆောင်ပစ္စည်းများနှင့်၊ မျက်နှာကြက်ဝါးထရံများပါ ကူးစက်လောင်ကျွမ်းခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီပံ့ပိုးခဲ့ကြကြောင်း သိရှိရသည်။

(၁၆၆)

မတ် ၁ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် စက်မှုဇုန်(၄) အမှတ် ၁၂၁ ပန်းတည်းဝန်ဦးရွှေဘင်လမ်းရှိ (RISINGSUN) သဘော်ဆေး စက်ရုံဝင်းအတွင်း၌ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဇော်ဝင်းဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းကို လက်တွေ့သရုပ်ပြစဉ်။

(မျိုးသန့်-အင်းစိန်)

VACANCY ANNOUNCEMENT

(LOCAL ONLY)

Myint & Associates Co., Ltd. is seeking applications from dynamic and highly motivated for the following vacancy.

Corporate Social Responsibility Field Coordinator - M/F (1) Post

- University Degree preferably in social science, development study or related field.
- At least 2-3 years proven experience.
- Experience working with NGO's is preferred
- Advanced Computer Literate
- High level of both spoken and written English is an asset
- Able to travel to any places in Myanmar

Interested person may submit detailed CV with relevant documents, a recent passport photo, labor registration card and contact phone No. to the following address.

Human Resources & Administration Department
Myint & Associates Co., Ltd.
84-85 Hlaing Myint Moh Lane #1 10th Quarter, Hlaing Tsp.
Yangon Myanmar
Tel : (95-1) 521 461 ~ 2 / 521 471 ~ 3
Fax : (95-1) 521 166
(or)
Email to: mprlhrteam@gmail.com

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၆)ရပ်ကွက်၊ ကရဏာလမ်း၊ မြေကွက်အမှတ် ၅၉၀၊ ပေ (၄၀×၆၀)ရှိ ဦးဇော်ဝင်း (ပါမစ်အမည်ပေါက်)ဟုခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟု ပြောဆိုလာသူ ဦးကျော်စွာမြင့် ၁၂/သဃက(နိုင်)၀၃၈၂၈၀ထံမှ ကျွန်မဒေါ်နှင်းဆီ ၁၂/သဃက(နိုင်)၁၄၅၅၈၅က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူရှိပါက ကျွန်မထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက် အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နှင်းဆီ ၁၂/သဃက(နိုင်)၁၄၅၅၈၅
အမှတ် ၂၀၂၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၂၅၃၈၀၊ ၀၁-၅၄၂၄၃၄

ငြိမ်းချမ်းရေးဆွေးနွေးပွဲမသွားခင် ဒီစာအုပ်ကို အရင်ဖတ်ပြီးမှသွား

ကိုယ်တိုင်တိုက် ကိုယ်တိုင်ရေးတိုက်ပွဲများ

စာရေးသူ-တိုက်ပွဲဝင်တပ်မှူးများ

ထွက်နေပါပြီ

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအထိမ်းအမှတ် သင်္ကေတ Theme Song ပြိုင်ပွဲကျင်းပရန် ပြိုင်ပွဲဝင်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၃ခုနှစ် မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရာ (ဖွင့်ပွဲ/ပိတ်ပွဲ) အခမ်းအနားတွင် အသုံးပြုရန်နှင့် ပြိုင်ပွဲမတိုင်မီ လှုံ့ဆော်ရေးသီချင်းအဖြစ် အသုံးပြုရန်အတွက် Theme Song အမျိုးအစား တေးသီချင်းအား အောက်ပါသတ်မှတ်ချက်များနှင့်အညီ မည်သူမဆို ရေးစပ်သီကုံး ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်-

(က) သီချင်းရေးစပ်ရာတွင် ပရိသတ်ပါးစပ်ဖျားတွင် ရေပန်းစားနိုင်သည့် မြူးကြွသည့် သံစဉ်စာသား ဖြစ်ရမည်။
(ခ) အားကစားပွဲတော်တစ်ခုလုံးကိုခြုံငုံ၍ မြန်မာ့အလှနှင့် ပေါင်းစပ်ရေးသားရမည်။
(ဂ) သီချင်း၏ Melody မှာ ရိုးစင်း၍ မိရိုးဖလာဂီတကို အခြေခံလျက် ဆန်းသစ်တီထွင်မှုရှိရမည်။
(ဃ) စာသားပိုင်းတွင်လည်း ခက်ခဲမှုမရှိဘဲ နိုင်ငံခြားသားများပင်လျှင် လိုက်လံသီဆိုရန် လွယ်ကူခြင်းရှိရမည်။
(င) သီချင်း Audio CD ပေးပို့ရာတွင် Melody အဆို(နမူနာ) အကြမ်း၊ အနီးစပ်ဆုံး(Tempo)၊ Chord Frame နှင့် Beating ၊ သီချင်းပိုဒ်နေရာချထားမှုတို့ ပါဝင်ရမည်။
(စ) Theme Song ဝင်ရောက်ယှဉ်ပြိုင်ရာ၌ မြန်မာဘာသာဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း၊ မြန်မာအင်္ဂလိပ် နှစ်ဘာသာဖြင့်လည်းကောင်း ပါဝင်ယှဉ်ပြိုင်နိုင်သည်။

၂။ သီချင်းများကို ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ အစီအစဉ်ဖြင့် ရွေးချယ်စိစစ်၍ ရွေးချယ်ခြင်းခံရသည့် သီချင်းအတွက် ဆုကြေးငွေ ကျပ်သိန်း ၁၅၀ ချီးမြှင့်ပေးအပ်ပြီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ မူပိုင်အဖြစ် အသုံးပြုသွားမည်ဖြစ်သည်။

၃။ ယခုပြိုင်ပွဲမှ ရွေးချယ်ရရှိသော Theme Song နှင့် ယခင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးအတွက် ဖန်တီးထားသော တေးသီချင်းများမှ အကောင်းဆုံး သီချင်းကို Theme Song အဖြစ် သတ်မှတ်ရွေးချယ်သွားမည်ဖြစ်သည်။

၄။ ပါဝင်ယှဉ်ပြိုင်သူများအနေဖြင့် လျှောက်လွှာများကို လူထုအားကစားနှင့် ပညာပေးဌာနခွဲ၊ ကျိုက္ကဆံကွင်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၄၀၀၄၃၁၊ ၀၁-၄၀၀၈၉၂ နှင့် လူထုအားကစားနှင့် ပညာပေးဌာနခွဲ၊ နေပြည်တော်၊ အားကစားဝန်ကြီးဌာန ရုံးအမှတ်(၃၁) ဖုန်း-၀၆၇-၄၂၂၆၁၈၊ ၀၆၇-၄၀၆၀၂၇နှင့် ၀၉-၂၀၀၂၁၉၆တို့သို့ ဆက်သွယ်ရယူနိုင်ပြီး ၂၀၁၃ခုနှစ် မတ်လ ၃၁ရက်နေ့ နောက်ဆုံးထားကာ ၎င်းဌာနများသို့ ပြန်လည်ပေးပို့ရမည်။

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ မင်းလမ်းရပ်ကွက်တွင်တည်ရှိသော အရှေ့လားသော် ဦးပိုင်အမှတ် ၁၆/ဆ၊ အနောက်လားသော် ကားလမ်း၊ တောင်လားသော် ဦးပိုင်အမှတ် ၁၆/ခ၊ မြောက်လားသော် ဦးပိုင်အမှတ် ၁၆/စ စသည့် နယ်လေးရပ်အတွင်းရှိ အကွက်အမှတ် ၄/ခ၊ ဦးပိုင်အမှတ် ၁၆/ဇ၊ ဧရိယာ ၀ဒသမ ၀၂၀ဧက အကျယ်ရှိသည့် နှစ် ၃၀ ဂရန်ပိုင်မြေကွက်နှင့်တကွ မြေပေါ်တွင် ဆောက်လုပ်တည်ရှိသည့် နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်သောင်းတင် ၅/စကန(နိုင်)၁၄၇၀၃၈ထံမှ လွှဲပြောင်းဝယ်ယူမှု ပြုရန် ကျွန်ုပ်တို့၏မိတ်ဆွေများမှ စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စရပ်အပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ပိုင်ဆိုင်ခွင့်အထောက်အထား(မူရင်း)ပြည့်စုံစွာဖြင့် ကန့်ကွက်လိုသူများကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူများ မရှိပါက အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးရဲဝင်း	ဒေါ်မျိုးမျိုးထွေး	ဒေါ်ဇာဇာမင်း
LL.B	LL.B	LL.B
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ
(စဉ်-၄၅၀၈)	(စဉ်-၃၅၈၇၄)	(စဉ်-၃၃၃၃၆)
ဈေးလမ်း၊မင်းလမ်းရပ်၊ စစ်ကိုင်းမြို့၊	ပွဲဆိပ်ရပ်၊စစ်ကိုင်းမြို့၊	မိုးဇာရပ်၊စစ်ကိုင်းမြို့၊
ဖုန်း-၀၉-၉၁၀၃၀၃၄၇	ဖုန်း-၀၉-၄၀၀၄၆၃၇၈၂	ဖုန်း-၀၉-၄၀၀၄၆၃၄၀၄

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ မအိမွန်ခိုင် ၁၂/ဥကမ(နိုင်)၁၉၂၄၅၀နှင့် နေကျော်လင်း ၁၂/ဥကမ (နိုင်)၁၈၇၆၄၅တို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်တော့ပါသဖြင့် ၆-၃-၂၀၁၃ရက်တွင် မြောက်ဥက္ကလာပမြို့နယ်တရားရုံး၌ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မအိမွန်ခိုင် ၁၂/ဥကမ(နိုင်)၁၉၂၄၅၀

နိုင်ငံတကာအားကစားသတင်း

ပီအက်စ်ဂျီ ကွာတားရောက်ပြီ

ပြင်သစ်ကလပ်ပီအက်စ်ဂျီနှင့် ဗလင်စီယာအသင်းတို့ မတ် ၇ ရက် နံနက်ပိုင်းက ချန်ပီယံလိဂ် ၁၆ သင်းရှုံးထွက် ဒုတိယအကျော့အဖြစ် ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားခဲ့သည်။

သို့သော်လည်း ပီအက်စ်ဂျီက နှစ်ကျော့ပေါင်း သုံးဂိုး-နှစ်ဂိုးဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။ ပီအက်စ်ဂျီသည် ပြီးခဲ့သည့်လက ဗလင်စီယာကွင်းတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ထားခဲ့သည်။ ဧည့်သည် ဗလင်စီယာအနေဖြင့် အနည်းဆုံး နှစ်ဂိုးအသာသွင်းယူနိုင်ပါမှ ကွာတားတက်နိုင်မည်ဖြစ်သည်။ ဗလင်စီယာတို့ ဦးဆောင်ဂိုးသွင်းယူနိုင်သော်လည်း ပီအက်စ်ဂျီက ပြန်လည်ချေပခဲ့သဖြင့် သရေပွဲဖြစ်ကာ ကွာတားတက်သွားသည်။ ပီအက်စ်ဂျီတို့ ၁၈ နှစ်အတွင်း ပထမဆုံးအကြိမ် ကွာတားတက်နိုင်ခြင်းဖြစ်သည်။

ဂျူဗင်တပ်စ် ကွာတားတက်ပြီ

ချန်ပီယံလိဂ် ၁၆ သင်းရှုံးထွက် ဒုတိယအကျော့ပွဲစဉ်များကို မတ် ၇ ရက်နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားရာ ဂျူဗင်တပ်စ်က ဆဲလ်တစ်ကို နှစ်ဂိုးပြတ်ဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။ ဂျူဗင်တပ်စ်အသင်းက ပထမကျော့ပြိုင်ပွဲတွင်လည်း သုံးဂိုးပြတ်သွင်းယူခဲ့သဖြင့် နှစ်ကျော့ပေါင်း ငါးဂိုးပြတ်သွင်းယူကာ ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဒေါ်လာ ငါးသန်းကျော်တန် မက်ဆီရွှေခြေထောက်

ကမ္ဘာကျော်ဘောလုံးသမား လီယိုနယ်မက်ဆီ၏ ဘယ်ဘက်ခြေထောက်ပုံစံတူ ရွှေစင်ရုပ်တုကို တိုကျိုမြို့၌ ဖွင့်လှစ်ပြသခဲ့သည်။ အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ သန်းတန်ဖိုးရှိ ရွှေခြေထောက်ကို ရတနာကုန်သည် ဂျင်ဇာတာနာကာက ပြုလုပ်ဖန်တီးခဲ့သည်။ **(အောက်ပုံ)**

ကောင်းမြတ်သူ - ရေးသားသည်

ဘာစီလိုနာတို့ နိုင်ပွဲရဦးမယ့် လာလီဂါပွဲစဉ် (၂၇)

စပိန်မြေက လာလီဂါပွဲစဉ်တွေကို လာမယ့် မတ် ၉ ရက်၊ ၁၀ ရက်နဲ့ ၁၁ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ထိပ်တန်းအသင်းကြီးတွေဖြစ်တဲ့ ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်တို့က အသင်းငယ်တွေနဲ့ တွေ့ကြရမှာမို့ ဖိစီးမှုမရှိဘဲ ကစားကြမှာဖြစ်ပါတယ်။ ကျန်တဲ့ပွဲစဉ်တွေမှာ ပရိသတ်အကြိုက်ပွဲစဉ်တွေ ပါဝင်နေတာမို့ စိတ်ဝင်စားစရာ ကောင်းနေဦးမှာ ဖြစ်ပါတယ်။

ဘာစီလိုနာနှင့် ဒီပို့တီဗို

ဘာစီလိုနာအတွက် အိမ်ကွင်းမှာ အမှတ်ပြည့်ရယူဦးမယ့်ပွဲဖြစ်ပါတယ်။ ဘာစီလိုနာဟာ ဂုဏ်သိက္ခာအတွက်ဒီပွဲကို အရန်လူ အများအပြားနဲ့တော့ ပွဲထွက်လာမှာ မဟုတ်ပါဘူး။ ဧည့်သည် ဒီပို့တီဗိုတို့က ဒီနှစ်မှာ ခြေစွမ်းကျဆင်းနေတာမို့ အင်အားပြည့်နဲ့ မကစားရင် ဂိုးပြတ် သွားနိုင်တဲ့အခြေအနေနဲ့ ကြုံတွေ့ရနိုင်ပါတယ်။ ဘာစီလိုနာဟာ အိမ်ကွင်းဆိုပေမယ့် အလေးအနက်ထားကစားမှာမို့ ဒီပို့တီဗိုတို့ ဂိုးမပြတ်ရေးသာအာရုံစိုက်ရမှာဖြစ်ပါတယ်။ ဒါပေမယ့် ဒီပို့တီဗိုတို့ကလည်း ထိန်းမရအောင် ခြေစွမ်းပြတတ်တာမို့ ဘာစီလိုနာတို့ သတိထားကစားရင် ဒီပွဲရလဒ်ဟာ စိတ်ပူစရာမရှိပါဘူး။

ဆဲလ်တာဗီဂိုနှင့် ရီးရဲမက်ဒရစ်

ချန်ပီယံလိဂ်ကြောင့် ခြေကုန်လက်ပန်းကျနေတဲ့ ရီးရဲမက်ဒရစ်တို့ ဒီပွဲမှာ အဝေးကွင်းဆိုပေမယ့် ဆဲလ်တာဗီဂိုကို အနိုင်ရရေးအားထုတ်ရဦးမှာဖြစ်ပါတယ်။ ဆဲလ်တာဗီဂိုရဲ့ လက်ရှိခြေစွမ်းက ရီးရဲမက်ဒရစ်အတွက် တုန်လှုပ်စရာမရှိပေမယ့် အဓိက ပွဲထွက်ကစားသမားတွေကိုတော့ ထုတ်သုံးရဦးမှာ ဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်တိုက်စစ်မှူးတွေဟာ တစ်ခါတစ်ရံ ဂိုးပေါက်ပျောက်နေတတ်တာမို့ နည်းပြမော်ရင်ဟို အစီအမံက အရေးပါတဲ့ အနေအထားပါပဲ။ ဆဲလ်တာဗီဂိုက အမှတ်လိုအပ်နေတာမို့ ရီးရဲမက်ဒရစ်ထံက ဘယ်လိုနည်းနဲ့ အမှတ်ရအောင် ယူမလဲဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

မာလယော့ကာနှင့် ဆီဗီလာ

မာလယော့ကာတို့ အိမ်ကွင်းမှာ ရှုံးကန်ရဦးမယ့်ပွဲပါပဲ။ ဆီဗီလာဟာ ကွင်းမရွေးဘဲ ခြေစွာတတ်တာမို့ မာလယော့ကာတို့ ပြင်ဆင်မှုမကောင်းရင်တော့ နက်ရှိုင်းတဲ့ ခံစားမှုတွေရင်ထဲကို တိုးဝင်မှာ သေချာပါတယ်။ မာလယော့ကာဟာ အိမ်ကွင်းမှာတော့ ခြေစွမ်းပြနိုင်တဲ့ အသင်းဖြစ်တာမို့ စုစုစည်းစည်းနဲ့ စိတ်ဓာတ်ပြင်းပြင်းကစားရင် အခြေအနေကောင်းနိုင်ပါတယ်။ ဒီနှစ်သင်းက ခြေကုန်ထုတ်ရမယ့်အနေအထားပါပဲ။

ဘီလ်ဘာအိုနှင့် ဗလင်စီယာ

ဘီလ်ဘာအိုတို့ ဒီပွဲမှာ အမှတ်ရအောင်ယူဖို့ ကြိုးစားပါလိမ့်မယ်။ အမှတ်လိုအပ်နေတဲ့ ဘီလ်ဘာအိုဟာ အမာခံကစားသမားတွေနဲ့ ပွဲထွက်ပြီး ဗလင်စီယာကို ရင်ဆိုင်ပါလိမ့်မယ်။ ခြေစွမ်းအတက်အကျရှိနေတဲ့ ဘီလ်

ဘာအိုကို ဗလင်စီယာတို့ ဘယ်လို အခင်းအကျင်းနဲ့ ကျော်ဖြတ်နိုင်မလဲ ဆိုတာ စိတ်ဝင်စားစရာတော့ ကောင်းနေပါတယ်။ ဗလင်စီယာတို့ကလည်း ဒီပွဲမှာ ရလဒ်ကောင်းအောင် ခြေကုန်ထုတ်ဖို့ ကြိုးစားမှာဖြစ်ပါတယ်။

အက်သလက်တီကိုနှင့် ရီးရဲဆိုစီဒက်

အက်သလက်တီကိုတို့အတွက် ဒီပွဲဟာစိန်ခေါ်မှုတစ်ရပ်ပါပဲ။ မာမာတင်းတင်းကစားတတ်တဲ့ ရီးရဲဆိုစီဒက်ဟာ အက်သလက်တီကို ကစားသမားတွေကို အိမ်ကွင်းမှာ အလုပ်များစေဦးမှာဖြစ်ပါတယ်။ အိမ်ကွင်းမှာ ခြေစွမ်းပြပြီး ရလဒ်ကောင်းယူတတ်တဲ့ အက်သလက်တီကို ပရိသတ်တွေအတွက် ကျေနပ်စရာဖြစ်စေမယ့်ပွဲပါပဲ။ ။

မိုးမြင့်လင်းလက် - ရေးသားသည်

အားကစားသတင်း အတိုအထွာ

မောင်ချစ်ကြည် - ရေးသားသည်

- မိမိတို့နိုင်ပွဲရရှိခဲ့ခြင်းမှာ မန်ယူအသင်း၏ အားနည်းချက်ကိုသိရှိ၍ဖြစ်ကြောင်း ရီးရဲမက်ဒရစ်နည်းပြမော်ရင်ဟိုက ထုတ်ဖော်ပြောကြားသည်။
- ဒေါ့မွန်အသင်းသည် ခြေစွမ်းထက်မြက်သော အသင်းတစ်သင်းဖြစ်ကြောင်း ရှက်တာဒိုးနက်နည်းပြက ချီးကျူးပြောကြားသည်။
- မန်ယူတို့ချန်ပီယံလိဂ်ပွဲစဉ်၌ ရီးရဲမက်ဒရစ်ကို ရှုံးခဲ့ခြင်းမှာ ပွဲထွက်ကစားသမားအခင်းအကျင်းကြောင့်ဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြ ဘင်နီတက်ဇ်က သုံးသပ်ပြောကြားသည်။
- မန်စီးတီးအသင်းသည် ငွေကြေးကုန်ကျမှုနှင့် အောင်မြင်မှုရရှိသည့်အပိုင်းတွင် ငွေကြေးကုန်ကျမှုကပိုများနေကြောင်း မန်စီးတီးပိုင်ရှင်များက သုံးသပ်ပြောကြားသည်။
- ရီးရဲမက်ဒရစ်အသင်းသည် ချန်ပီယံလိဂ်ဖလားကို ရရှိနိုင်ကြောင်း ဘိုင်ယန်မြူးနစ်နည်းပြ ဂွာဒီယိုလာက ပြောကြားသည်။
- လီဗာပူးအသင်းသည် အောင်မြင်မှုများရရှိရန် ကစားသမားအသစ်ခြောက်ဦးခန့် အသစ်ဝယ်ယူဖြည့်ဆည်းရမည်ဖြစ်ကြောင်း အသင်းခေါင်းဆောင် ဂျရတ်က ပြောကြားသည်။
- အာဆင်နယ်အသင်း ဖလားလက်မဲ့ဖြစ်နေမှုကို အဆုံးသတ်သင့်ပြီဖြစ်ကြောင်း တိုက်စစ်မှူးဟောင်း အွန်နရီက ပြောကြားသည်။

Redlink Communications Co.,Ltd.

ယာဉ်မောင်းအလိုရှိသည်။ ကျား (၁၀)ဦး

(လစာ-ကျပ်-၁၅၀၀၀၀/-)

(၁) ယာဉ်မောင်းလိုင်စင် သက်တမ်းအနည်းဆုံး သုံးနှစ်နှင့်အထက် ရှိရမည်။
(၂) ပညာအရည်အချင်း အနိမ့်ဆုံး ၁၀တန်းဖြစ်ရမည်။
(၃) ယာဉ်မျိုးစုံ မောင်းနှင်နိုင်ရမည်။
(၄) အသက် ၂၅နှစ်မှ ၄၅နှစ်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ မှတ်ပုံတင်မိတ္တူ၊ လေဘာမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ ထောက်ခံချက်နှင့်အတူ အမှတ် ၂၀၊ အဆောင်(ခ)၊ ပုလဲလမ်း၊ မြရိပ်ညိုဟိုတယ်၊ ဗဟန်းမြို့နယ်သို့ နှစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်သည်။

မြေးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ၏ မြေးဖြစ်သူ မချမ်းချမ်းကို ၁၂/ဥကမ(နိုင်)၂၀၇၂၈၅သည် သူ၏သဘောဆန္ဒအတိုင်း ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ မြေးအဖြစ်မှ မသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဒေါ်ကွင်းသူ
၁၂/ဥကမ(နိုင်)၀၆၄၈၇၃

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်အေး-ဒေါ်စမ်းစမ်းအေးတို့၏သားတပည့်၊ ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ မြို့မ(၁၂)ရပ်ကွက်၊ မာလာလမ်း၊ အမှတ်(၁)နေ ဦးကြင်ကြူး(မန်နေဂျာ၊မြန်မာ့လယ်ယာစိုက်ပျိုးရေး၊ငြိမ်း)-ဒေါ်မြင့်မြင့်ကြည်တို့၏သားထွေး

ဒုတိယရဲအုပ်အောင်ကိုသက်
LL.B(Law)
(မြောက်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ အာသာဝတီ(၂)လမ်း၊ အမှတ်(၄၀/B)နေ ဦးတင်ဝင်း-ဒေါ်သိန်းသိန်းဦး(Founder of Green Island School) တို့၏ တစ်ဦးတည်းသောသမီး

မခိုင်ဇာတင်ဝင်း B.A(Hons), (IR), 2nd M.A
Dip in Child Psychology in Hongkong
(Principal of Green Island School)

တို့သည် ၇-၃-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် Traders Hotel ၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဒုရဲအုပ်အောင်ကိုသက်-မခိုင်ဇာတင်ဝင်း

ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်ပြည့်ဖြိုးဦး C.D.C.51615 ၁၂/တမန(နိုင်)၀၈၁၁၀၂ ၏ သင်္ဘောသား SIDကတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၄၉၂၀၆**

အမည်ပြောင်း

တောင်ငူမြို့၊ တေဇာခင်ဦး(၂)ရပ်ကွက်၊ (၄)လမ်းနေ ဦးရဲမင်းနိုင်၏သား အထက(၂) အဌမတန်း(B)တွင် ပညာသင်ကြားနေသော မောင်သူရဝင်းသူအောင်အား မောင်လင်းထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်လင်းထက်အောင်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဇလွန်လမ်း၊ အမှတ် ၄၆၊ ပထမထပ်၊ ခေါင်းရင်းခန်း တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အားလုံးကို စာချုပ်စာတမ်းဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သည်ဟု ဝန်ခံအဆိုပြုထားသူ ဒေါ်စန္ဒာရည် ၁၂/စခန(နိုင်)၀၄၃၇၂၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါတိုက်ခန်းနှင့် တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်နောက်ပိုင်းတွင် စာချုပ်စာတမ်းများကို တရားဝင်ပြုလုပ် ချုပ်ဆိုမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးမြစိုးဦး (စဉ်-၈၀၈၁)
(တရားလွှတ်တော်ရှေ့နေ)
အမှတ် ၅၈ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၄၃၈၃၁၇၅၀

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဘ/၂၄၁၂၊ အမျိုးအမည် Mitsubishi Chariot အမျိုးအစား S/W (4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နွယ်ထွန်း ၁၂/ကမရ(နိုင်)၀၁၁၂၁၈၈ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပဲခူးမြို့မှ ပျောက်ကွယ်သွားသော ဘောလုံးကွင်းများအကြောင်း

ယနေ့ကာလတွင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ အိမ်ရှင်နိုင်ငံဖြစ်သော မြန်မာတို့အဖို့ ပြိုင်ပွဲအသီးသီးတွင် အောင်ပွဲခံရန် ကြိုးပမ်းအားထုတ်နေသည်များကို တွေ့မြင်ကြားသိ ဖတ်ရှုနေရသည်။ ပဲခူးလည်း ပဲခူးအလျောက်၊ ရန်ကုန်လည်း ရန်ကုန်အလျောက်၊ မန္တလေးလည်း မန္တလေးအလျောက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်နေကြသည်မှာ အားတက်ဖွယ်ရာဖြစ်သည်။

အားကစားနည်းများစွာရှိသည့်အနက် ဘောလုံးပြိုင်ပွဲမှာ လူအများစုစိတ်ဝင်စားသော ပြိုင်ပွဲဖြစ်သည်။ တစ်ခေတ်တစ်ခါက တိုင်းဒေသကြီးနှင့်ပြည်နယ်ပြိုင်ပွဲများတွင် ပဲခူးတိုင်းဒေသကြီး၏ အောင်မြင်မှုမှာ ရှေ့တန်းတစ်နေရာတွင် ရွှေထီးဆောင်းခဲ့ဖူးကြောင်း ပြန်လည်သတိရအောက်မေ့မိသည်။ ထိုစဉ်အခါက ပဲခူးတိုင်းဒေသကြီး၏ လက်ရွေးစင်ဘောလုံးသမားများကို လေ့ကျင့်မွေးထုတ်ခဲ့သော ဘောလုံးကွင်းအများအပြား ပဲခူးမြို့တွင် ရှိခဲ့ဖူးသည်။ ယခုနောက်ပိုင်းတွင် ဘောလုံးကွင်းများလည်း ပျောက်ကွယ်သွားပြီးနောက် ပဲခူးတိုင်းဒေသကြီး ဘောလုံးအသင်း၏ အောင်မြင်မှုသည်လည်း မှေးမှိန်သွားခဲ့ကြောင်း အငြင်းပွား၍ မရနိုင်ပါ။

ပဲခူးသားများသိသော ပဲခူးဘောလုံးကွင်းများအကြောင်းကို လွမ်းဆွတ်သတိရစွာ ပြန်လည်ဖော်ထုတ်တင်ပြချင်ပါသည်။ ပဲခူးမြို့ လိပ်ပြာကန်ရပ်ကွက် ရဲစခန်းအနီးတွင် ဘောလုံးကွင်း တစ်ကွင်းရှိသည်။ မြို့လူထုက ပုလိပ်ကွင်းဟု ခေါ်သည်။ ယင်းပုလိပ်ကွင်းသည် ဆက်သွယ်ရေးအတွက် အော်တိုတယ်လီဖုန်းစက်ခလုတ်ခုံနှင့် တယ်လီဖုန်းတိုင်အတွက် မြေတစ်ဝက် ပျောက်ကွယ်သွားသည်။ သိပ်မကြာလိုက်ပါ။ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနေအိမ်ဆောက်လုပ်ရာတွင် ပုလိပ်ကွင်း၏ ကျန်မြေတစ်ဝက် ပျောက်ကွယ်ခဲ့ပြီးနောက် ပဲခူးမြို့တွင် ဘောလုံးကွင်းတစ်ကွင်း ဆုံးရှုံးခဲ့သည်။

ပဲခူးမြို့တွင် ယခင်က ဗိုင်းဂနိုင်းတောင်ပိုင်း ဖောင်တော်ဦးဘုရားအနီးတွင်လည်းကောင်း၊ ဈေးပိုင်းညောင်ဝိုင်းရပ်ကွက် သွန်းတော်မူဘုရားအနီးတွင် လည်းကောင်း ဘောလုံးကွင်းများ ရှိခဲ့ဖူးသည်။ ယခု ပျောက်ကွယ်သွားသည်။ ရွှေမော်ဓော ဘုရားလမ်းပေါ်ရှိ အထက (၁)၏ ကျောင်း ဘောလုံးကွင်းကြီးထဲတွင် ယခုအခါစာသင်ဆောင်များက နေရာယူထားသည်။ မြေနေရာ ကျန်ပါသေးသည်။ ထို့အတူပင် အထက(၃)၏ ဘောလုံးကွင်း မြေနေရာတွင်ကား စာသင်ဆောင်များက ဘောလုံးကွင်းပြုလုပ်ရန် ခွင့်မပြုတော့ပါ။ ဟသ်ာကုန်း ဘောလုံးကွင်းမှာလည်း စည်ပင်သာယာ ဝန်ထမ်းအိမ်ရာများဖြင့် ဘောလုံးကွင်းများ ဘဝပြောင်းခဲ့ရသည်။ ပဲခူးတိုင်းဒေသကြီး ဘောလုံးကွင်းကြီး၏ လက်ရှိပကတိအခြေအနေသည်ပင်လျှင် မည်သို့မည်ပုံဖြစ်နေသည်ကို တွေ့မြင်သိရှိပြီး ပဲခူးသားများက အားမလိုအားမရ ဖြစ်နေကြသည်။

တစ်ခေတ်တစ်ခါက မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအတွက် ပဲခူးတိုင်းဒေသကြီးက ဘောလုံးသမားကောင်းများစွာ မွေးထုတ်ပေးခဲ့ဖူးသည်။ ဘောလုံးသမားအမည်များကို တစ်ဦးချင်း ရေးမပြတော့ပါ။ လက်ရွေးစင်ဘောလုံးသမားကောင်းတစ်ယောက်ဖြစ်ရန် ဘောလုံးကွင်းကောင်းကောင်းမရှိဘဲ မည်သို့မျှ မဖြစ်နိုင်ပါ။ ယခုမူရှိပြီးသား ဘောလုံးကွင်းများ ပျောက်ကွယ်သွားပြီးနောက် တူတူတန်တန် အဆင့်အတန်းမီ ဘောလုံးကွင်းသစ်များ ထပ်မံပေါ်ထွက်လာသည်ကို မတွေ့မြင်ရပါ။ အုပ်ချုပ်မှုအဖွဲ့အစည်းများအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အမျိုး၊ ဘာသာ၊ သာသနာရေးများကို လုပ်ဆောင်နေသည့်နည်းတူ တစ်မျိုးသားလုံးကျန်းမာရေး၊ ကြံ့ခိုင်ရေးအတွက် ထည့်သွင်းစဉ်းစား၍ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။ **(စိန်လှိုင်ဗိုလ်)**

သူနာပြုနှင့် သားဖွားသင်တန်းကျောင်း တည်ဆောက်

မြစ်ကြီးနား မတ် ၇

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းဝင်းအတွင်း အသစ်ဆောက်လုပ်မည့် အလျား ၁၂၄ ပေ၊ အနံ ၃၆ ပေ၊ အမြင့် ၂၅ ပေရှိ အာရ်စီ နှစ်ထပ်စာသင်ဆောင်သစ် အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၈ နာရီခွဲက အဆိုပါ ကျောင်းဆောင်သစ် တည်ဆောက်မည့် မြေနေရာ၌ ကျင်းပသည်။

အစီအစဉ်အရ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်း၊ လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာနှင့် မြစ်ကြီးနား သူနာပြုနှင့်သားဖွားသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုမာခိုင်တို့က မင်္ဂလာအချိန်တွင် သတ်မှတ်နေရာ၌ ရတနာ အုတ်မြစ်တော်စီပေးပြီး နံ့သာရည် ပက်ဖျန်းပေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အဆိုပါသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ မြန်မာ့ရွှေလစန္ဒာကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်စွာဦးက တည်ဆောက်ရေးကိစ္စများနှင့် ပတ်သက်၍ အချက်အလက်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျိုက်ဝိုင်းစေတီတော် ဗုဒ္ဓပူဇနီယပွဲ

ရန်ကုန် မတ် ၇

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်တွင် တည်ထားသော ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ အကြိမ် (၁၅၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို မတ် ၅ ရက် နံနက် ၇ နာရီခွဲက စေတီတော်မြတ်ကြီး၏ တောင်ဘက် စောင်းတန်းမုခ်ဦး၌ ကျင်းပသည်။

စေတီတော်မြတ်ကြီး၏ အလှူ့ဒါယကာ ဂေါပကအဖွဲ့ဝင် ဦးအေးကိုက အမှာစကားပြောကြားပြီး မရမ်းကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်နှင့်အလှူ့ဒါယကာ ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးအေးကို၊ ဦးသိန်းထွန်း၊ ဦးမောင်လှိုင်တို့က ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။ ပွဲတော်ဖွင့်ပွဲနေ့မှ စတင်၍ ငါးရက်တိုင်တိုင် အသံမစဲမဟာပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပူဇော်မည်ဖြစ်ပြီး မတ် ၁၁ ရက် (တပို့တွဲလကွယ်နေ့) ညနေ ၄ နာရီတွင် ဆွမ်းဆန်စိမ်းလောင်းလှူ ပူဇော်မည်ဖြစ်ကြောင်း သိရသည်။ ပွဲတော်ရက်များအတွင်း ဆရာတော် သံဃာတော်များအား နေ့စဉ်အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းပူဇော်မည်ဖြစ်ကြောင်းနှင့် စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ရက်ကို နှစ်စဉ်နှစ်တိုင်း လပြည့်ကျော် ၈ ရက်မှ တပို့တွဲလကွယ်နေ့ထိ ကျင်းပလေ့ရှိကြောင်း သိရသည်။ **(၁၆၃)**

ရွှေတောင်မြို့ ရွှေနတ်တောင်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲ

ရွှေတောင် မတ် ၇

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် မယားမာန်ကျေးရွာတွင် တည်ထားကိုးကွယ်လျက်ရှိသော ရှေးဟောင်းသမိုင်းဝင် ရွှေနတ်တောင်စေတီတော်မြတ်ကြီး (၁၇၄) ကြိမ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို(၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၈ ရက်မှ တပေါင်းလပြည့်နေ့အထိ) မတ် ၁၉ ရက်မှ ၂၆ ရက်အထိ ရှစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်အတွင်း တပေါင်းလဆန်း ၇ ရက်မှ ၁၂ ရက်အထိ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ တပေါင်းလဆန်း ၈၊ ၉၊ ၁၀ ရက်များတွင် ရှုတိုင်းယဉ်အငြိမ့်သဘင်နှင့် ရုပ်ရှင်ဗီဒီယိုအခမဲ့ဖျော်ဖြေ၍ လည်းကောင်း၊ တပေါင်းလဆန်း ၁၂၊ ၁၃၊ ၁၄၊ ၁၅ ရက်များတွင် အောင်စန်းပွင့်ဇာတ်ပွဲကြီးများဖြင့်လည်းကောင်း၊ ညအိပ်၊ ညနေ၊ ရပ်ဝေးမှ နွားလှည်းယာဉ်များဖြင့် လာရောက်ဘုရားဖူးလာပြည်သူများအား ဆိုင်းအငြိမ့်ဖြင့် ညလုံးပေါက် ဗလာဖျော်ဖြေခြင်း၊ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ မြန်မာ့ရိုးရာ ခြင်းအလှခတ်ပြိုင်ပွဲများနှင့်ထူးဆန်းထွေလာ ကလေးများအကြိုက် ပြပွဲများ၊ မျက်လှည့်ပြပွဲများဖြင့် စုံလင်စွာ ဖျော်ဖြေသွားမည်ဖြစ်သည်။

၁၃၇၄ ခုနှစ် တပေါင်းလပြည့်နေ့ နံနက် ၇ နာရီတွင် ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးဆောင်ရွက်သည့် မြို့နယ်လုံးဆိုင်ရာ (၇)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ရွှေနတ်တောင်စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(၁၁၆)

တရားသူကြီးများ၊ တရားရေးအရာရှိများ ကျမ်းသစ္စာဆို

ပုသိမ် မတ် ၇

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများ ကျမ်းသစ္စာဆိုသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီက ဧရာရွှေဝါခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် တရားသူကြီးများနှင့် တရားရေးအရာရှိများသည် ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်ရှေ့မှောက်တွင် ကျမ်းသစ္စာဆိုကြသည်။ **(အပေါ်ပုံ)**

အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးနှင့် ကျမ်းသစ္စာဆိုမည့် တရားသူကြီး ၅၀၊ တရားရေးအရာရှိ ၁၄ ဦးတို့ တက်ရောက်ကြသည်။ ထို့နောက် စတုတ္ထအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းခဲ့ကြောင်း သိရသည်။ **(၀၇၇)**

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့် ဟင်းချက်ပြုတ်ခြင်းမပြုရန်။

(ခ) မီးဖိုကို သုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။ **(မီးသတ်ဦးစီးဌာန)**

အမည်ပြောင်းလဲခြင်း

ရာဂျ်ကူးမားရ် ၁၂/ပဘတ(နိုင်)၀၁၄၃၅၈ အား နေမင်းအောင်(ခ) ရာဂျ်ကူးမားရ်သို့ ပြောင်းလဲခေါ်ဆိုပေးပါရန်။

အမည်ပြောင်းလဲခြင်း

KU SAN LATA- ၁/မကန(ပြု)၀၀၀၅၈၈အား သီတာ(ခ)KU SAN LATAသို့ ပြောင်းလဲခေါ်ဆိုပေးပါရန်။

အမည်ပြောင်းလဲခြင်း

APRIL MEGHA-၁၂/ပဘတ(ပြု)၀၀၀၃၀၄ အား ချောမေဝင်း(ခ) APRIL MEGHA သို့ ပြောင်းလဲခေါ်ဆိုပေးပါရန်။

အမည်ပြောင်းလဲခြင်း

AH BI SAID RAJ(ခ)မောင်ဆိုင်မွန် ၁၂/ပဘတ(ပြု)၀၀၀၃၀၃အား ဆိုင်မွန်(ခ)ထက်အောင်သို့ ပြောင်းလဲခေါ်ဆိုပေးပါရန်။

ဖခင်အမည်မှန်

မြိတ်တက္ကသိုလ်နောက်ဆုံးနှစ် ခုံအမှတ် ၃/သခ-၇၀ သချ်ာအဓိကဖြင့် အောင်မြင်ခဲ့သော မောင်ဇလေ့အောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးကျော်စွာသင်းဖြစ်ပါကြောင်း။ **ဦးကျော်စွာသင်း ၆/မအရ(နိုင်)၀၃၅၀၅၇**

ဖခင်အမည်တစ်ဦးတည်းဖြစ်ပါကြောင်း

ရခိုင်ပြည်နယ် တောင်ကုတ်မြို့ ခေါင်းလောင်းတူကျေးရွာနေ မသင်းသင်းဆန်း ၁၁/ တကန(နိုင်)၀၇၉၀၂၁၏ ဖခင်အမည်မှာ ဦးထွန်းဝင်း(ခ)ဦးညီခင်ရွှေ ၁၀/မလန(နိုင်)၀၃၆၉၄၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးထွန်းဝင်း(ခ)ဦးညီခင်ရွှေ ၁၀/မလန(နိုင်)၀၃၆၉၄၁

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကယားပြည်နယ် ကျန်းမာရေးဦးစီးဌာနသည် ဆေးနှင့်ဆေးပစ္စည်းများကို ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံများကို ကယားပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးတွင် ၈-၃-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါများကို ကယားပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးသို့ ၁၅-၃-၂၀၁၃ ရက် မွန်းလွဲ ၁၄း၀၀ နာရီထက် နောက်မကျစေဘဲ တင်သွင်းရမည်ဖြစ်ပြီး နောက်ကျတင်သွင်းလာသော အိတ်ဖွင့်တင်ဒါများကို လက်ခံမည်မဟုတ်ပါ။

အသေးစိတ်အချက်အလက်များကို ကယားပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး ဖုန်းအမှတ် ၀၈၃-၂၁၀၈၆ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **ကယားပြည်နယ်ကျန်းမာရေးဦးစီးဌာန**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈ဂ/၁၃၁၇ (Top TJI) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရှော်မော် ၁၃/ဟမတ(နိုင်)၀၁၀၇၃၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ တာချီလိတ်**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ယ/၆၈၉၃၇နှင့် ၃ယ/၂၉၉၉၀ ယာဉ်လက်ဝယ်ရှိသူ ဦးချွန်ဟရန်းငါ ၅/ကလထ(နိုင်)၀၅၆၁၃၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ ကလေးမြို့**

ကြော်ငြာ

ငွေရတု မင်္ဂလာဆုမွန်လွှာ

ချစ်ဒယ်ဒီ ဦးသန်းဦး (Tresident-Good Manner Inc) (ခေတ္တ-U.S.A)၊ ချစ်မာမီ ဒေါ်နွယ်နီမြင့် (ခေတ္တ-U.S.A)တို့၏ ၈-၃-၂၀၁၃ ရက်တွင် ကျရောက်သော (၂၅) နှစ်မြောက် ငွေရတုမင်္ဂလာချစ်ခရီးမှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သောသားများနှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သားကြီး - ကောင်းမြတ်ဦး
(3rd year Bio-medical Engineering Richmond V.C.U) (ခေတ္တ-U.S.A)

ချစ်သားငယ် - ရဲရင့်ဦး
(Senior Needham High School Boston) (ခေတ္တ-U.S.A)

ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏
၂၀၀၇ခုနှစ်၊ တရားမကြီးမှုအမှတ် -၄၂၁နှင့် ဆက်သွယ်သည့်
မြောက်ဥက္ကလာပမြို့နယ် တရားရုံး၏ ၂၀၁၂ခုနှစ်၊ တရားမဇာရီမှုအမှတ် -ဂ၃

ဦးတင်မြင့်ဦး	နှင့်	ဒေါ်တင့်
ဒီကရီအနိုင်ရသူ		**တရားရှုံး**

ဒေါ်တင့်အမှတ်၁၀၆၃၊ ဝဇီရာ ၇ လမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေသူ (ယခုလိပ်စာမသိ)သိစေရမည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးတော်၏၂၀၀၇ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၂၁တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ခုနှစ်၊ မတ်၁၈ရက် (၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၇ရက်)မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မာလာထွဋ်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
မြောက်ဥက္ကလာပမြို့နယ်တရားရုံး

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

(၈-၃-၂၀၁၃) နေ့တွင် ကျရောက်သော ချစ်ဖေဖေနှင့် ချစ်မေမေ ဒေါ်မြင့်မြင့်ဆွေ (ဘုရား၊ ကျောင်း၊ သိမ်၊ ရဟန်းဒါယိကာမ)၏ မွေးနေ့ရက်မြတ်မှသည် နောက်နှစ်ပေါင်းများစွာတိုင် ချစ်သောမိသားစုနှင့် အတူ ဘာသာ၊ သာသနာ အကျိုး ထမ်းဆောင်နိုင်ပြီး၊ အောင်မြင်ကျော်ကြားပြီး လိုအင်ဆန္ဒများ ပြီးပြည့်စုံ၍ ကျန်းမာပျော်ရွှင်စွာဖြင့် အောင်မြင်မှုပန်းတိုင်အထွတ်အထိပ်ကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ချစ်ခင်ပွန်း	- ဦးကျော်ငွေ (**Chairman** - Kyaw Enterprise Co.,Ltd., Kyaw & Son Auto Car Service Center, Cherry Automobile Service Center, Royal Mei Hua Restaurant)
ချစ်သမီးကြီး	- မအေးမွန်ငွေ (Kyaw Enterprise Co.,Ltd.)
ချစ်သမီးလတ်	- မောင်ထူးထူးမောင် (Htoo Htoo Toe Co., Ltd.) + မယဉ်မွန်ငွေ(ခ)ငယ်ငယ်
ချစ်သား	- မောင်ငွေမြင့်အောင်(ခ)မောင်မောင်(Kyaw Enterprise Co.,Ltd.)+ မမြတ်မွန်သိန်းဝင်း
ချစ်သမီးငယ်	- မောင်အောင်ဖိုးဖိုး(ခ)သားသား(Chan Yong Trading Co., Ltd.)+မယုမွန်ငွေ
ချစ်သမီးထွေး	- မောင်သန်းဇော်ဝင်း(Bright Wynn Family Co., Ltd.)+မစုမွန်ငွေ(Kyaw Enterprise Co.,Ltd.)
ချစ်မြေးများ	- လင်းသစ်ဇေတ၊ ဘုန်းမြတ်မင်း၊ ခန့်ကျော်ငွေ၊ ဟိန်းသစ်ထူး၊ စုဝတီငွေ

စံပယ်စာအုပ်တိုက်၏ ၁၀ အုပ်မြောက် အထူးထုတ်
လင်းသိုက်ညွှန့် (မြန်မာမြေ)

သင့်ရဲ့ ၂၀၁၃ ခုနှစ်ကို ဘယ်လိုစတင်မလဲ

၁၀ - ၃ - ၂၀၁၃ တွင် စံပယ်စာအုပ်တိုက်မှ ဖြန့်ချိပါမည်။

အမှတ် - ၁၁၀/၁၁၂ ၃B၊ ၃၇ လမ်း (အလယ်)။ ဖုန်း-၀၁-၃၉၈၆၅၃၊ ၀၉-၅၄၁၀ ၃၇၂၆

သက်ဆိုင်ရာ လူကြီးမင်းသိရှိစေရန်နှင့် လာရောက်ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်ရှိ ဦးမြင့်သူ (ဘ) ဦးမြင့် ၇/ဒဥန(နိုင်)၀၀၁၇၂၁ ကိုင်ဆောင်သူပိုင်ဆိုင်သော စက်ယန္တရားယာဉ် ငါးစီးကို လူကြီးမင်းမှ ဘီးလင်းမြို့နယ် ရွှေတူးဖော်ခြင်းလုပ်ငန်း၊ ကျိုက်ထိုမြို့မှ ရွှေတောလုပ်ငန်း၊ နေပြည်တော်အနီး ရေဆင်းတက္ကသိုလ် ငါးကန်တူးဖော်ခြင်းလုပ်ငန်း၊ မြောက်ရမားဆည်လက်တံမြောင်းလုပ်ငန်း၊ နေပြည်တော် သမဝါယမဝန်ကြီးဌာန ငါးကန်တူးဖော်ခြင်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ၉-၄-၂၀၁၂ ရက်စွဲပါ စက်ယန္တရား ငှားရမ်းခြင်း ကတိစာချုပ်များကိုချုပ်ဆိုလျက် ငှားရမ်းခဲ့သော်လည်း ကတိစာချုပ်များတွင်ပါရှိသည့် ငှားရမ်းခငွေများကို ပေးချေခြင်းမရှိခဲ့ပါ။ စက်ယန္တရားများကို ပြန်လည်ပေးပို့ခြင်းမရှိ၍ ပိုင်ရှင်မှ ပြန်လည်သယ်ယူခဲ့ရ၍ များစွာ နစ်နာခဲ့ရပါသည်။

လူကြီးမင်း၏ အမည်နှင့်နေရပ်ကို မဖော်ပြခြင်းမှာ လူကြီးမင်း၏ ဂုဏ်သိက္ခာကို မိတ်ဆွေပီသစွာ ငဲ့ညှာ၍ ဖော်ပြခြင်းမရှိသော်လည်း လူကြီးမင်းမှ ဤကြေညာချက်ပါသည့်ရက်မှ ၁၅ ရက်အတွင်း ပိုင်ရှင်ထံသို့ ငှားရမ်းခငွေများ လာရောက်ပေးသွင်း၍ ဖြေရှင်းဆောင်ရွက်ပေးရန် ကြေညာပါသည်။ ထိုသို့ သတ်မှတ်ထားသည့်နေ့ရက်အတွင်း ငှားရမ်းခငွေပေးချေခြင်း၊ ဖြေရှင်းဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ အောင်တော်မူလမ်း၊ အမှတ် ၃၆ (သုံးလွှာ)နေ ဦးမာတင်-ဒေါ်အနားမားလ်တို့၏သား၊ ဒေါ်လူ့ဒ်(စ်)မေရီဘာနာဒက် (လယ်/ပြ၊ ထ-၂၊ စမ်းချောင်း)၏ခင်ပွန်း၊ မအယ်နာမာရီသီရိတင် (Total-ကန်ဘောက်)၊ မောင်အန်ထော်နီမာတင်(ခ) ဇာနည်မြင့်အောင် (II GTC-Civil) တို့၏ဖခင်၊ (ဦးဂျိုးဇက်)-ဒေါ်သန်းသန်းမြင့်တို့၏ညီ၊ မသန်းသန်း၊ ဦးဂျွန်ဆင်(ခ)ကိုအောင်မြင့်တို့၏အစ်ကို၊ ကိုအုန်းကျော်၊ ဒေါ်ဂျူမူနာ၊ ဒေါ်တင်မျိုးဝင်း(ကထိက၊ ဥပဒေ၊ ဥပဒေပညာဌာန၊ဒဂုံတက္ကသိုလ်)၊ ဦးခင်အောင်ဆင့် (ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်)၊ ဒေါ်တင်မာလာဝင်း (လက်ထောက်တိုင်းဒေသကြီး၊ ဥပဒေအရာရှိ)တို့၏အစ်ကို၊ မစန်းစန်းလင်း-ဦးစိုးနိုင်ဦး၊ မောင်မင်းမင်းထွန်း-မမာလာ၊မောင်ရှိမီယို-မဟိုလီနာ၊ မောင်ညီညီ - မသန်းသန်းထွေးတို့၏ဦးလေးသည် အာရှတော်ဝင်ဆေးရုံ၌ ၆-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၃-၂၀၁၃ရက် (သောကြာနေ့) နံနက် ၉နာရီတွင် မြေနီကုန်း ဖာတီမာမယ်တော်ဘုရားကျောင်းတွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမောင်နှမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်နှင်းစိန်
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရွှေသံလွင်အိမ်ရာ၊ ပန်းလှိုင်လမ်း၊ S(7) နေ (ဦးဘစိန် - ဒေါ်သိန်း)တို့၏သမီး၊ ဦးတိက္ခ (ခြောက်ထပ်ကြီး၊ ရတနာဘုမ္မိကျောင်းတိုက်)၏ ရဟန်းအမ (ဇနီး)၊ (ဒေါ်ပုညနန္ဒာ)၊ (ဦးမောင်မောင်)-ဒေါ်သန်းရင်၊ (ဦးလှဝင်း) - ဒေါ်တင်မြ၊ ဦးကျော်ငြိမ်း-(ဒေါ်တုတ်)၊(ဦးလှထွန်း-ဒေါ်အမာ)၊ (ဒေါ်ရင်မြ)၊ ဦးသန်းတင်-(ဒေါ်ခင်မြလှိုင်)၊ ဦးစိန်လှ-ဒေါ်တင်ရွှေတို့၏အစ်မ/ညီမ၊ ဒေါ်တင်မော်အောင်၊ ဦးသော်တာအောင်၊ ဦးသန်းထိုက်အောင် (C.E, RTS Co.,)၊ ဦးထိန်လင်းအောင် (2/E-World Tanker Co.,)-ဒေါ်ခင်စုစုလင်း၊ ဒေါ်တင်လတ်အောင်(Reva Co.,)တို့၏မိခင်၊မောင်ညဏ်မင်းထိန်၏အဘွားသည် ၆-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၇း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၃-၂၀၁၃ရက် (သောကြာနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဇော်ဇော်သော် (စစ်တွေ)
အသက်(၄၃)နှစ်

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်နေ (ဦးဘသော်-ဒေါ်ခင်စောညွန့်)တို့၏သားကြီး၊ စစ်တွေမြို့၊ အမြင့်ကျွန်းကျေးရွာနေ ဦးမောင်မြသိန်း-ဒေါ်သိန်းအေးဖြူတို့၏သားသမက်၊ စစ်တွေမြို့၊ မြောက်စံပြရပ်ကွက်နေ ဒေါ်ဦးလှတင်(တရားရုံး)၏ခင်ပွန်း၊ ဦးကျော်ကျော်သော်-ဒေါ်ကေသွယ်ခိုင်၊ဒေါ်မီမီသော်-ဦးခင်မောင်အုန်း၊ ဒေါ်မော်မော်သော်-ဦးတင်ငြိမ်းဦး၊ ဦးစိုးမိုးသော်၊ဒေါ်ဖြူဇင်သော်-ဦးအောင်ခင်ထွန်းတို့၏အစ်ကိုကြီး၊ မောင်သန်းထိုက်ဇော်(အထက-၄၊စစ်တွေ)၊ မဖူးပွင့်ကေခိုင် (အမက-၁၅၊ ပြည်တော်သာ)တို့၏ဖခင်၊ မောင်အောင်သော်ကို၊ မခင်ယမင်းသော်၊ မောင်ကျော်ဇင်ခန့်၊ မမေမြတ်နိုးခင်၊ အိကေဇင်သော်တို့၏ဘကြီးသည် ၇-၃-၂၀၁၃ရက် (ကြာသပတေးနေ့)နံနက် ၁၁း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၉-၃-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ် ၄၆ (လေးလွှာ)၊ ဦးလွန်းလမ်း၊အရိုးကုန်းရပ်ကွက်၊တာမွေမြို့နယ် နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။]

ကွယ်လွန်သူအားရည်စူး၍ ၁၃-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာရွှေကျင်တိုက်၊ ကမ္ဘာအေးဘုရားလမ်း၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ် (ရွှေကောင်းဟော့ပေါ့ရှေ့)သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၃၄၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၃၅၊ ဖက်စ် ၀၆၇-၃၆၁၃၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၂၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၂၇၊ ကြော်ငြာ ၀၁-၅၄၉၃၃၄။ R/488

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ကျင်းပမည့် (၆)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးနှင့် (၅)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်မည်

နေပြည်တော် မတ် ၈

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းသည် မကြာမီကာလအတွင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပမည့် (၆)ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်(စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးနှင့် (၅)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်)ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

၇-၃-၂၀၁၃

ချောက်မြို့	၄၃ ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့	၄၁ ဒီဂရီစင်တီဂရိတ်

ယနေ့ မာတိကာ

၃၃ နှစ်ကြာ ပျောက်ဆုံးနေသော ဆိုဗီယက်စစ်သား အာဖဂန်၌ ပြန်လည်တွေ့ရှိ စာ - ၅

မိုးစပါး၊ နွေစပါးလျာထားချက် ပြည့်မီအောင် စိုက်ပျိုးရေး ဆွေးနွေး စာ - ၁၀

အပြောင်းအရွှေ့များအကြားမှ အရောင်းအဝယ်မပျက်သော ကားဈေးကွက် စာ - ၁၂

ဘာစီလိုနာတို့ နိုင်ပွဲရဦးမယ့် လာလီဂါပွဲစဉ် (၂၇) စာ - ၁၄

ကြော်ငြာအချုပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ စာမျက်နှာ အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေး

သတင်းသမားများအတွက် အဟန့်အတားမဖြစ်စေရန်နှင့် သတင်းလွတ်လပ်ခွင့်ကို အတတ်နိုင်ဆုံးဖွင့်ပေးရန် ရည်ရွယ် ဥပဒေကြမ်းပုဒ်မ (၇)ပါ စည်းကမ်းသတ်မှတ်ချက်များသည် နိုင်ငံတကာစံနှုန်းများနှင့်အညီ ထည့်သွင်းထားခြင်းဖြစ်

နေပြည်တော် မတ် ၇

ယနေ့တွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ကို ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတကာစံနှုန်းနှင့်ညီပြီး သတင်းလွတ်လပ်ခွင့်ကို လုံးဝအဟန့်အတားမဖြစ်စေဘဲ စာပေအဆိပ်အတောက်ပတ်ဝန်းကျင်ကို ဖယ်ရှားသန့်ရှင်းပေးနိုင်သည်မှာ မိမိ ယနေ့တင်သွင်းမည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဥပဒေကြမ်းပင်ဖြစ်ပါကြောင်းဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်း တင်သွင်းစဉ် ဆွေးနွေးပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ၂၀၁၂ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် စာပေစိစစ်ရေးစနစ်ကို ရုပ်သိမ်းလိုက်ပြီးနောက် ဂျာနယ်၊ မဂ္ဂဇင်းများတွင် ပြည်သူလူထုကို အဆိပ်အတောက်ဖြစ်စေသော ရေးသားဖော်ပြမှုများ ပိုမိုများပြားလာသည်ကို တွေ့ရှိရပါကြောင်း၊ ယင်းကာလအတွင်း လောင်းကစားလုပ်ငန်းများကို အားပေးလှုံ့ဆော်သည့် လောင်းကြေးခန့်မှန်းဖော်ပြချက်များပါရှိသော ဂျာနယ်အမျိုးအစား ၁၃ မျိုး၊ ထုတ်ဝေမှု (၁၈၄)ကြိမ်နှင့် ထုတ်ဝေဖြန့်ချိခဲ့သည့် စောင်ရေ စုစုပေါင်း ၁၁၉၈၀၀၀ အထိ ရှိခဲ့ပါကြောင်း၊

မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ဟီရိဩတ္တပ္ပတရားကင်းသည့် ရေးသားချက်များနှင့် ရုပ်ပုံ၊ ဓာတ်ပုံများဖော်ပြခြင်းများကို ဂျာနယ်၊မဂ္ဂဇင်းအမျိုးအစား ၄၆ မျိုး၊ ထုတ်ဝေမှု (၅၈) ကြိမ်နှင့် ထုတ်ဝေသည့် စောင်ရေ

စာမျက်နှာ ၇ ကော်လံ ၁ ❖

အမျိုးသားလွှတ်တော်အစည်းအဝေး

ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး ခေတ်မီနည်းပညာ၊ နည်းစနစ်များကို အသုံးပြုဆောင်ရွက်လျက်ရှိ မူဆယ်မြို့အား နိုင်ငံကျက်သရေဆောင် မြို့ပြစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်နိုင်ရေး စီမံဆောင်ရွက်နေ

နေပြည်တော် မတ် ၇

ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ် (၁၁)ခုဖြင့် ကျင်းပသည်။

အစည်းအဝေး၌ ဥပဒေကြမ်း ကော်မတီက **ဆက်သွယ်ရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တပ်မတော်သားကိုယ်စားလှယ်များဖြစ်ကြသည့် ဒုတိယဗိုလ်မှူးကြီး ကျော်စိုးဦးနှင့် ဗိုလ်မှူးဇဝန၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်တို့က ဆက်သွယ်ရေးဥပဒေကြမ်းနှင့် ပတ်သက်၍ ပြင်ဆင်၊ ဖြည့်စွက်၊ အကြံပြုဆွေးနွေးကြပြီး ၎င်းတို့၏ဆွေးနွေးချက်များနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော **အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း**အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၉)မှ ဒေါက်တာခင်ရွှေက ဆွေးနွေးပြီး ယင်းဆွေးနွေးချက်များနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်သည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)မှ ဒေါ်နန်းနီနီအေး တင်သွင်းထားသည့် **မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အား အဆင့်မီဖွံ့ဖြိုးတိုးတက်သည့် ဇုန်အင်္ဂါရပ်များနှင့်**

စာမျက်နှာ ၇ ကော်လံ ၁ ◆

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ပိတ်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၇

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားအားကစား ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ အုပ်ချုပ်သူများ၊ နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ပြိုင်ပွဲမစတင်မီတွင် အားကစားပြိုင်ပွဲသို့ လာရောက်ကြည့်ရှုအားပေးသည့် ဧည့်သည်တော်များနှင့် အားကစားဝါသနာရှင် ပရိသတ်များအား

စာမျက်နှာ ၉ ကော်လံ ၃ ●

ပြည်ထောင်စုဖလား အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ပထမဆု ရရှိသည့် ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအသင်း ဆုဖလားကို ကိုင်မြှောက်နေစဉ်။

(ဓာတ်ပုံ- စိုးညွန့်)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း တရားမဝင်သစ်များဖမ်းဆီးရမိ

နေပြည်တော် မတ် ၇

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရန် ထိန်းသိမ်းစောင့်ရှောက်နေသကဲ့သို့ တရားမဝင်သစ်ဖမ်းဆီးခြင်း လုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၅ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကမ်းနီဘိနယ် ကွင်းလျှားကျေးရွာအနီး ငှက်ကျားပေါက် ချောင်းဝနေရာ၌ တရားမဝင် ကညင်ခွဲသား ၅၁ ချောင်း (၆ ဒသမ ၄၇၅၂ တန်) တင်ဆောင်ထားသည့် စက်လှေတစ်စင်းကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဖေဖော်ဝါရီ ၁၇ ရက်တွင် ရှမ်းပြည်နယ် လွိုင်လင်မြို့နယ် လွိုင်လင်ဘိနယ် မွေတော်ဘုရားသွားလမ်းအနီး လမ်းကြားနေရာ၌ တရားမဝင် အင်ခွဲသားဆိုက်စုံအချောင်း ၃၁၀ (၈ ဒသမ ၆၃တန်) သယ်ဆောင်လာသည့် ယာဉ်အမှတ် ၁ခ/----- နီဆန်း ၁၀ ဘီးကားတစ်စီးနှင့်အတူ သစ်ပိုင်ရှင်ဦးအောင်နိုင်ဦး အမှတ်(၁) ရပ်ကွက် လွိုင်လင်မြို့နှင့် ယာဉ်မောင်း ဦးညီညီ မြို့မရပ်ကွက် တောင်ကြီးမြို့တို့ကို ဖမ်းဆီးရမိပြီး ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရဲနွယ်ကြိုးဝိုင်းအကွက်အမှတ်(၉)၌ တရားမဝင် တောင်ပိန်းခွဲသား ၂၄ ချောင်း (၄ ဒသမ ၆၅၄၈ တန်)၊ ပျဉ်းမခွဲသား ၄၆ချောင်း (၅ ဒသမ ၄၀၀၄ တန်) စုစုပေါင်း ၁၀ ဒသမ ၀၅၅၂ တန်၊ နေပြည်တော် လယ်ဝေးမြို့နယ် မြို့မဘိနယ်အတွင်း အောင်သာနှင့် ကုန်းသာဘိနယ်အတွင်း လမ်းကြောင်းများမှ တရားမဝင်ကျွန်း ၃ ဒသမ ၃၂၄၃ တန်၊ သစ်မာ ၀ ဒသမ ၃၈၈ တန်၊ အခြားသား ၂ ဒသမ ၁၈ တန်နှင့်ရေနီကြိုးဝိုင်း အကွက်အမှတ် (၂၇၊ ၂၉၊ ၄၃)အတွင်း နေရာသုံးခုတို့တွင် တရားမဝင်သစ်ခုတ်သူများ ခိုအောင်းနေနိုင်သည့် နေရာများသို့ ညပိုင်း Night Move ဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့ရာ အခြားသားသစ်လုံး ၂၄ လုံး (၅ ဒသမ ၈၇၂ တန်)တို့ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့သည်။

ဖေဖော်ဝါရီ ၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) လှော်ကားလမ်းမကြီး အမှတ်(၅၆) လမ်းဆုံအနီး ယာဉ်အမှတ် ၅က/----- နီဆန်းခြောက်ဘီး ဖြူနီကျားရောင်အတွင်းမှ တရားမဝင် တောင်သရက်ခွဲသား ၃၇ ချောင်း (၄ ဒသမ ၀၃၄ တန်) နှင့်အတူ သစ်ပိုင်ရှင် ဦးမြင့်အောင်ရှိန်နှင့် ဦးအောင်မျိုးထွန်း၊ ယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းဖြစ်သူ ဦးသက်ပိုင်တို့အား ဖမ်းဆီးရမိခဲ့သည်။

ဖေဖော်ဝါရီ ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ညောင်ကျိုးဘိနယ် ကျောက်ဖူးကြိုးဝိုင်း အကွက်အမှတ် (၈၄) ညောင်အေချောင်းအတွင်း တရားမဝင် အင်နှင့်သဒီခွဲသား ၈၂ ချောင်း (၁၉ ဒသမ ၄၉၄၄ တန်)၊ ဖေဖော်ဝါရီ ၂၅ ရက်မှ၂၆ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်၊ ပုလဲ၊ ခင်ဦး၊ ရွှေဘို၊ မင်းကင်း၊ ကလေးဝမြို့နယ်တို့အတွင်းမှ တရားမဝင် ကျွန်း/သစ်မာ/အခြား ၂၇၈ လုံး/ချောင်း (၃၉ ဒသမ ၁၀၉၆ တန်) တို့ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိသည်။

ထို့အပြင် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၆ ရက် အထိ ကသာခရိုင် ဝန်းသို၊ အင်း တော်၊ ပင်လည်ဘူး၊ ဗန်းမော်၊ ကောလင်း၊ ကသာမြို့နယ်တို့ အတွင်းမှ တရားမဝင်ကျွန်း/သစ်မာ/အခြား စုစုပေါင်း ၁၀၄ ဒသမ ၇၄၇၆ တန်၊ အင်ဂျင်သုံးလုံး၊ လွှဝိုင်းနှစ်ဝိုင်း၊ ဆက်စပ်ပစ္စည်း ၁၀ မျိုး၊ ယာဉ်တစ်စီး၊ ဆိုင်ကယ်တစ်စီး၊ စက်လှေတစ်စင်း၊ တရားခံ ၃၄ ဦးတို့ကို ဖမ်းဆီးရမိခဲ့သည်။

ဖေဖော်ဝါရီ ၂၆ ရက်တွင် ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စာဝတီဘိနယ် မန်ရွှတ်ကျေးရွာအနီး၌ တရားမဝင် ကျွန်းခွဲသားဆိုက်စုံ ၄၁၈ ချောင်း (၈ ဒသမ ၇၁၉ တန်)၊ တုန်ဖန်းယာဉ်တစ်စီး၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့နယ် အမှတ်(၃)လျှပ်စစ်စက်ရုံတောင်ဘက် နှစ်မိုင်ခန့်အကွာ၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၄၁၄ တန်၊ သစ်မာ ၀ ဒသမ၁၈ တန်၊ အခြားသား ၅ ဒသမ ၀၉ တန် စုစုပေါင်း ၅ ဒသမ ၆၈၄ တန်၊ သစ်စက်အင်ဂျင်တစ်လုံး၊ လွှဝိုင်းတစ်ဝိုင်း၊ ရှပ်တန်းတစ်စုံနှင့် မတ်၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သုံးဆယ်ကြိုးဝိုင်း အကွက်အမှတ် ၈ ၌ တရားမဝင် ကျွန်း ၂ ဒသမ ၈၂ တန်၊ အခြားသား ၁၉ ဒသမ ၃၆၂ တန်တို့ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ကြောင်း၊ အမှုနှင့်သက်ဆိုင်သူများအား သစ်တောဥပဒေအရ အရေးယူထားကြောင်းသိရှိရသည်။

(သတင်းစဉ်)

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ရသေ့တောင်မြို့၌ သရုပ်ပြလေ့ကျင့်

ရသေ့တောင် မတ် ၇

ရသေ့တောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်နေမှုကို မတ် ၃ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေဝဏ္ဏလှိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တင်ဦးနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တာဝန်ခံ ဦးထွန်းရွှေခိုင်တို့က ကြီးကြပ်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(မြို့နယ်စည်ပင်)

ကိုယ့်အားကိုယ်ကိုး ဓာတ်မှန်ဖွင့်

စဥ့်ကူး မတ် ၇

စဥ့်ကူးမြို့နယ် ထုံးကြီးကျေးရွာအုပ်စု ထုံးကြီးတိုက်နယ်ဆေးရုံ ကိုယ့်အားကိုယ်ကိုး ဓာတ်မှန်ဖွင့်ပွဲနှင့် ဂုဏ်ပြုလှူဒါန်းပေးအပ်ပွဲကို မတ် ၂ ရက် နံနက် ၉ နာရီက ထုံးကြီးကျေးရွာ တိုက်နယ်ဆေးရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိုးဆွေ၊ ထုံးကြီးတိုက်နယ်ဆရာဝန် ဒေါက်တာနေမင်းနိုင်၊ ထုံးကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိုးဆွေက အမှာစကားပြောကြားပြီး ထုံးကြီးတိုက်နယ်ဆရာဝန်က ဓာတ်မှန်ဆောင်တည်ဆောက်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်မောင်က ဓာတ်မှန်ခန်းနှင့် ပတ်သက်သည့်စာရွက်စာတမ်းများကို မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန်းမြင့်ထံသို့ လွှဲပြောင်းပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

ရွှေသာလျောင်းဘုရားကြီး ဗုဒ္ဓပူဇနိယပွဲ

မိုးကောင်း မတ် ၇

ကချင်ပြည်နယ် မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက်ရှိ မြို့ကျက်သရေဆောင် ဆုတောင်းပြည့် ပြည်လုံးချမ်းသာ ရွှေသာလျောင်းမြတ်စွာဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအခမ်းအနားကို မတ် ၅ ရက် (တပို့တွဲလပြည့်ကျော် ၈ ရက်) မွန်းလွဲ ၂ နာရီက အဆိုပါဘုရားကြီး၏ မင်္ဂလာမုခ်ဦး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မိုးနိုင်၊ ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဝင်းနှင့် ဂေါပကအဖွဲ့ဝင်များက ဗုဒ္ဓပူဇနိယပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဆုတောင်းပြည့် ပြည်လုံးချမ်းသာ ရွှေသာလျောင်းဘုရားကြီး၏ ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။ ဆုတောင်းပြည့် ပြည်လုံးချမ်းသာ ရွှေသာလျောင်းဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို မတ် ၅ ရက်မှ ၁၂ ရက်အထိ ရှစ်ရက်တိုင်တိုင် ဇာတ်ပွဲ၊ ပျော်ပွဲရွှင်ပွဲများ၊ အရောင်းပြခန်းများဖြင့်စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(ညွှန့်ရွှေ ပြန်/ဆက်)**

သွေးသည် အသက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ ပရိယတ္တိသာသန နုဂ္ဂဟသဟပုညကာရီအသင်း ငွေရတုအောင်ဆုနှင်းသဘင် ပူဇော်ပွဲနှိုးဆော်လွှာ

ကောဇာသက္ကရာဇ် ၁၃၄၉ခုနှစ်မှစတင်ကာ နှစ်စဉ်နှစ်တိုင်း ပြုလုပ်ကျင်းပခဲ့သော အာဂုံပြန်နှင့်ရေးဖြေစာပြန်ပွဲကြီးကို ယခုနှစ်တွင် **ငွေရတုအထိမ်းအမှတ်**အနေဖြင့် အောင်ဆုနှင်းပူဇော်ပွဲအခမ်းအနား ပြုလုပ်ကျင်းပမည်ဖြစ်ပါသည်။

စာပြန်ပွဲကြီးတွင် စာသင်တိုက်အသီးသီးနှင့် လားရှိုးမြို့၊ နယ်မြေအသီးသီးမှ အောင်မြင်ခဲ့ကြသော ရဟန်း၊ သာမဏေ(၅၁၁)ပါး၊ သီလရှင်အပါး(၇၀)၊ လူပုဂ္ဂိုလ်(၆)ဦး၊ ကျောင်းသား ကျောင်းသူ (၈၄)ဦး၊ စုစုပေါင်း(၆၇၁)ဦးနှင့် ဩဝါဒစရိယဆရာတော်ကြီးများအပါအဝင် ပင့်သံဃာတော်(၅၉)ပါးတို့အား ပင့်ဆောင်၍ အောင်ဆုနှင်းပူဇော်ပွဲသဘင်ကို ၁၇-၃-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် မန်ဆူဘုရားကြီးကျောင်းတိုက်၊ မြသိန်းတန်ဓမ္မာရုံကြီး၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ စေတနာရှင်၊ ကုသိုလ်ရှင်များမှ ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

- ဆရာတော်၊ မန်ဆူဘုရားကြီးကျောင်းတိုက် ဖုန်း-၀၈၂-၂၂၇၈၉
- ကိုကိုဝင်း(ရာမည) ဖုန်း-၀၈၂-၂၅၂၀၇

(MAY KHA HOSTEL FOUNDATION)

City Golf Resort Hotel

[illegible]

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့၊ ရန်ကုန်ပြည်လမ်းနေ မြန်နွှာဆန်စက်ပိုင်ရှင် ဦးထွန်းဇော် (ခ)ကိုပေါက် (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)-ဒေါ်သန်းသန်းအေး (မြနန္ဒာ-ကွန်ပျူတာ) တို့၏သား

မောင်ဖိုလ်တေဇ (ခ) ဖိုလ်ဖိုလ်

B.Agr.Sc

နှင့်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ဂါတ်စုကျေးရွာနေ မန်းသန်းကြိုင်(လယ်/ပြ-(ငြိမ်း)-(ဒေါ်ဂုဏ်မေကြည်) တို့၏သမီး

မနန့်ငြိမ်းဇာနည်နိုင် (ခ) ငြိမ်းသူ

B.Agr. Sc (Q;)

တို့၏ ၂-၃-၂၀၁၃ရက် (စနေနေ့)တွင် နတ်တလင်းမြို့ ရွှေလင်းခန်းမ၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် လူကိုယ်တိုင်ကြွရောက်ချီးမြှင့်အားပေးသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးခင်ဇော်၊ ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်မှကိုယ်စားလှယ်များ၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော ဒေါက်တာဦးခင်မောင်လေး(ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်)-ဇနီးဒေါ်စန်းမြင့် သရဖူဝါ ရွှေရတနာဆိုင်နှင့် ဆင်ဖြူကျွန်းရောင်းဝယ်ရေး၊ ပြည်မြို့တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်စိန်လက်စွပ်များ ဆင်မြန်းချီးမြှင့်ပေးပါသော ဦးဝင်းမြင့်စိုး (ဒုတိယဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်)နှင့် ဇနီးဒေါ်ဖြူဖြူဝင်း (သမဝါယမဝန်ကြီးဌာန၊ ဒုဌာနစုမှူး-ငြိမ်း)တို့အားလည်းကောင်း လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာမောင်မယ်နှင့် နှစ်ဖက်မိဘဆွေမျိုးများက ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင် လှိုက်လှဲစွာ ကျေးဇူးဥပကာတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဖိုလ်တေဇ-မနန့်ငြိမ်းဇာနည်နိုင်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄/ကံဘဲ့)၊ မြေကွက်အမှတ်(၂၆/က / ၉)၊ ဧရိယာ ၀ဒသမ၁၀၉ဧက၏ တရားဝင်မခွဲမစိတ်ရသေးသောအစိတ်အပိုင်း ပေ(၇၃×၄၀)၊ မြေကွက်တည်နေရာအမှတ် (၃၆)၊ ရွှေသစ္စာလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဦးလှိုင်ဖေအမည်ပေါက် Bလ/န ၃(ခ)မြေအား ရန်ကင်းမြို့နယ် တရားရုံး၊ ၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၁၀တွင် တရားလိုဒေါ်နီနီဝင်းက တရားပြိုင်ဒေါ်ရင်မေ၊ ဒေါ်နွဲ့နွဲ့ရီနှင့်ဒေါ်စန်းစန်းထွေးတို့အပေါ် စွဲဆိုသောအမှု၌ အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေရန် ချမှတ်သည့် ၇-၈-၂၀၁၂ရက်စွဲပါအမိန့်၊ ဒီကရီနှင့် ရန်ကင်းမြို့နယ်တရားရုံး တရားမဇာရီမှုအမှတ်(၈/၂၀၁၂)အမိန့်တို့အရ ရန်ကင်းမြို့နယ်တရားရုံး ဘီးလစ်စာရေးကြီး ဦးသန်းထွန်းမှ တရားရုံးကိုယ်စား အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရန်ကုန်-တောင်ကြီး ကုန်တင်ယာဉ်များ အကျိုးအမြတ်နည်းနေ မြစ်ဝကျွန်းပေါ်ဒေသတွင် ကုန်တင်ကားခများ မြင့်တက်လာ

ရန်ကုန် မတ် ၇

ပုသိမ်မှ ရန်ကုန်သို့ ကားခနှုန်းထားများသည် မန္တလေး-ရန်ကုန်၊ တောင်ကြီး-ရန်ကုန် နှုန်းထားများ ဝန်းကျင်ဖြစ်လာကြောင်း အဝေးပြေးကားဂိတ်များမှ သိရသည်။

ပုသိမ်မှ ရန်ကုန်သို့ ခရီးမိုင် ၁၁၃ မိုင်ရှိပြီး ပိဿာ ၃၀ ဝင် ဆန်တစ်အိတ်ကားခ ငွေကျပ် ၆၅၀ နှုန်းသာရှိရာမှ ဖေဖော်ဝါရီလကုန်ပိုင်းမှ စတင်ပြီး ငွေကျပ် ၇၅၀ နှုန်းသို့ မြင့်တက်လာကြောင်း၊ ခရီးမိုင် ၄၂၅ မိုင်ရှိသော မန္တလေးမှ ရန်ကုန်တွင် အဆင်း ကုန်တစ်ပိဿာ ၂၇-၂၈ ကျပ်နှုန်း၊ တောင်ကြီး-ရန်ကုန်ခရီးမိုင် ၄၀၀ တွင် အဆင်းကုန်တစ်ပိဿာ ၂၄-၂၅ ကျပ်နှုန်းသာရှိကြောင်း သိရသည်။

ယခုနှစ် မတ်လဆန်းအထိ ရန်ကုန်-မန္တလေး ခရီးစဉ်အတွင်း အောက်ခံကုန်တစ်ပိဿာ ကားခ ၈၅ ကျပ်ဝန်းကျင်သာရှိပြီး အသွား-အပြန် ခရီးစဉ်တွင် တစ်ပိဿာ ၁၁၅ ကျပ်ဝန်းကျင်သာရကြောင်း သိရသည်။

မြင့်တက်လာ

ယခင်နှစ် ၂၀၁၂ မတ်လဆန်းက ရန်ကုန်-မန္တလေးခရီးစဉ်တွင် အောက်ခံကုန်တစ်ပိဿာ ကားခ ၁၀၅ ကျပ်နှုန်း၊ အဆင်းကုန် ၄၅ ကျပ်နှုန်း၊ အသွားအပြန် တစ်ပိဿာ ကားခ ငွေကျပ် ၁၅၀ နှုန်း၊ ရန်ကုန်-တောင်ကြီး ခရီးစဉ်တွင် ကားခ တစ်ပိဿာ ငွေကျပ် ၉၀ နှုန်း၊ အဆင်းကားခ ၅၅ ကျပ်နှုန်း၊ အပြန်ကားခ တစ်ပိဿာ ၁၄၅ ကျပ်နှုန်းဖြစ်ရာ ယခုနှစ် ရန်ကုန်-မန္တလေးနှင့် ရန်ကုန်-တောင်ကြီး ခရီးစဉ်ပြေးဆွဲနေသော ကုန်တင်ယာဉ်များ ယခင်နှစ်ထက် အကျိုးအမြတ်ရရှိမှု နည်းနေကြောင်း၊ အဝေးပြေး ကုန်စည်ပို့ဆောင်ရေးလောကတွင် ဝင်ရိုးခြောက်ခုပါ ၂၂ ဘီး ကုန်တင်ယာဉ်ကြီးများ (နောက်တွဲပါ) ပြေးဆွဲမှုကြောင့် ကားခနှုန်းထားများ ကျဆင်းလာရသော်လည်း အဆိုပါယာဉ်ကြီးများ ပြေးဆွဲမှုနည်းသော မြစ်ဝကျွန်းပေါ်ဒေသများတွင် ကားခများ မြင့်တက်လာရခြင်းဖြစ်သည်ဟု ကားဂိတ်များက ဆိုသည်။

ပြောကြား

တောင်တွင်းကြီးမှ ရန်ကုန်သို့ ယခင်နှစ် ကြက်သွန်နီတစ်ပိဿာ ကားခ ကျပ် ၅၀ ဝန်းကျင်ပေးရသော်လည်း ယခုနှစ်တွင် ကျပ် ၃၀ ဝန်းကျင်သာ ပေးရသည့်အတွက် ယခုနှစ် မတ်လဆန်း ကြက်သွန်နီဈေးနှုန်း ကျဆင်းချိန်တွင် ကုန်သည်များအတွက် အကျိုးအမြတ် အနည်းငယ်ပိုကျန်သည်ဟု ကြက်သွန်အဝယ်တော် တစ်ဦးက ပြောကြားသည်။

ခင်ဆိုင်

မြတ်ပညာစာကြည့်တိုက် ဖွင့်လှစ်

မောင်တော မတ် ၇

မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် စေတီတောင်ကျေးရွာ မြတ်ပညာစာကြည့်တိုက်ဖွင့်ပွဲကို မတ် ၂ ရက် မွန်းလွဲ ၂ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြိုင်၊ ဘူးသီးတောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းရွှေနှင့် စာကြည့်တိုက်အလှူရှင် ဦးမောင်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းမှ လှူဒါန်းသော စာအုပ်များကိုလည်းကောင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ စာအုပ်နှင့် အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် တစ်နိုင်ငံလုံးတွင် နိုင်ငံတော်မတည်ငွေ ကျပ် ၁၀ သိန်းဖြင့် ကျေးရွာပေါင်း၂၀၀ ကို ကျေးရွာစာကြည့်တိုက်များ တည်ဆောက်ပေးလျက်ရှိရာ ယခုဖွင့်လှစ်ခဲ့သောစာကြည့်တိုက်သည် နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်းနှင့်အလှူရှင် ဦးမောင်သိန်း-ဒေါ်စောမြသိန်းတို့က လှူဒါန်းငွေကျပ် ၁၈ သိန်း စုစုပေါင်း ငွေကျပ် ၂၈ သိန်း အကုန်ကျခံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

စစ်ကိုင်းမြို့ နန္ဒဝန်ကွက်သစ်ရပ် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးဘေးသို့ မတ် ၄ ရက်က ကားတစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းမပေါ်မှတစ်ဆင့် အောက်သို့ ထိုးကျရာ ကားတစ်စီးလုံး ပက်လက်လန်နေသည် တွေ့ရစဉ်။
(၁၄၀)

လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး ဟိုပန်မြို့၌ သင်တန်းဖွင့်

ဟိုပန် မတ် ၇

ပြည်သူလူထုအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရန် အနီးကပ်ဆောင်ရွက်ပေးရသည့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းကို ဟိုပန်မြို့ ရုံးကုန်းရပ်ကွက် အခြေခံပညာမူလတန်းကျောင်း ခန်းမ၌ ဖေဖော်ဝါရီ ၅ရက် နံနက် ၉နာရီက ဖွင့်လှစ်သည်။ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ဟိုပန်ခရိုင် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းဦးက အမှာစကားပြောကြားသည်။ ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းသို့ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး ၃၅ ဦး တက်ရောက်ပြီး ရက်သတ္တ လေးပတ်ကြာ သင်ကြားပို့ချမည် ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တာချီလိတ်မြို့၌ စာပေဟောပြောပွဲ ကျင်းပ

တာချီလိတ် မတ် ၇

တာချီလိတ်မြို့စာပေချစ်မြတ်နိုးသူများ ကြီးမှူးကျင်းပသော ဒုတိယအကြိမ်မြောက် စာပေဟောပြောပွဲကို မတ် ၁ ရက်က အောင်မြတ်ခန်းမ၌ကျင်းပရာ ရှေးဦးစွာတာချီလိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များဖြစ်ကြသည့် မလှိုင်သဇင်မြင့်၊ မထက်ထက်ဝင်း၊ မောင်ဂျိုးဇက်၊ မနန်းအောင်မော်မော်နှင့် မောင်လင်းကျော်ပိုင်တို့အား ရွှေလက်စွပ်တစ်ကွင်းစီနှင့် ငွေကျပ်ငါးသောင်းစီကို တာချီလိတ်မြို့သူမြို့သားများကိုယ်စား ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူး၊ နိုင်ငံကျော် စာရေးဆရာကြီးများဖြစ်ကြသည့် ချစ်ဦးညို၊ မောင်သာချိုနှင့်ညီမင်းညိုတို့က ဂုဏ်ပြုပေးအပ်ကြသည်။ ဟောပြောပွဲတွင် ချစ်ဦးညို၊ မောင်သာချို၊ ညီမင်းညို၊ ဦးဘုန်း(ဓာတု)၊ အကယ်ဒမီဆွေဇင်ထိုက်၊ ဒေါက်တာထွန်းလွင်(မိုး-ဇလ)၊ မောင်စိန်ဝင်း (ပုတီးကုန်း)၊ ခင်မောင်ညို(ဘောဂဗေဒ)တို့က စာပေနှင့် ဗဟုသုတအဖြာဖြာကို ဟောပြောခဲ့ကြကြောင်း သိရသည်။

မောင်ယဉ်ကျေး(တာချီလိတ်)

ရွှေတိဂုံစေတီတော်(၂၆၀၁)နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကျင်းပမည်

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးတွင် (၂၆၀၁)နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကြီးကို ၁၇-၃-၂၀၁၃ ရက်မှ ၂၆-၃-၂၀၁၃ ရက်အထိ (၁၀)ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဗုဒ္ဓပူဇနိယ တပေါင်းပွဲကျင်းပရာ၌ ၁၇-၃-၂၀၁၃ရက် နံနက် ၇နာရီတွင် ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် အထိမ်းအမှတ်အနေဖြင့် ဆောက်လုပ်ထားသည့် အနောက်ဘက်အဝင်မုခ်ဦးနှင့် ကမ္ဗည်းကျောက်စာဖွင့်ပွဲ အခမ်းအနား၊ ယင်းနေ့ နံနက် ၀၉း၀၀နာရီတွင် ရွှေတိဂုံစေတီတော် သြဝါဒဆရာတော်ကြီးများ ပင့်ဖိတ်ရန် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ကျင်းပပါမည်။ ၂၂-၃-၂၀၁၃ ရက်မှ ၂၆-၃-၂၀၁၃ရက်အထိ နိုင်ငံကျော်ဓမ္မကထိက ဆရာတော်ကြီးများ၏ တရားပွဲကို အရှေ့ဘက် အာဇာနည်လမ်းရှိ ခေတ္တရာကွင်း၌ ညစဉ် (၅)ရက်တိုင်တိုင် ကျင်းပပြုလုပ်မည်။ ၂၄-၃-၂၀၁၃ ရက် နံနက် ၆နာရီတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆရာတော်သံဃာတော်အပါး (၁၈၀)နှင့် သီလရှင် (၂၇)ပါးတို့ပင့်ဖိတ်၍ အနေကဇာတင်လှူခြင်း၊ ယင်းနေ့ နံနက် ၇နာရီတွင် ရင်ပြင်တော်တစ်ပတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်။ ၂၆-၃-၂၀၁၃ရက် နံနက် ၅ နာရီတွင် ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းပြီး နံနက် ၉း၃၀နာရီတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှဝေခြင်း စသည်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ရဟန်းရှင်လူပြည်သူအများမှလည်း ပါဝင်ကုသိုလ်ပြုနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့

ဓမ္မမိတ်ဆွေများ မျှော်လင့်နေကြသည့် ချမ်းမြေ့ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ စာမျက်နှာ ၄၀၀ကျော်ရှိ ပထမတွဲ ရန်ကုန်မြို့ ချမ်းမြေ့ရိပ်သာရုံးခန်း၌ တစ်အုပ်လျှင် ကျပ် ၄၀၀၀ ဖြင့် ပူဇော်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့
ဖုန်း-၀၁-၆၆၁၄၇၉၊ ၀၁-၆၅၂၅၈၅၊ ၀၉-၇၃၀၁၂၃၃၃

ဗုဒ္ဓဓမ္မသင်တန်း(ဗဟိုအဆင့်)စာမေးပွဲ အသိပေးလွှာ

ရင်သွေးငယ်များ လိမ္မာယဉ်ကျေးလာစေရန်နှင့် လူ့ကျင့်ဝတ်၊ လူ့သိက္ခာများ၏တန်ဖိုးကို သိနားလည်လာစေရန် ရည်သန်၍ မဇ္ဈိမဝံသ မြန်မာရဟန်းတော်များအဖွဲ့က ကြီးမှူးကျင်းပသော ဗုဒ္ဓဓမ္မသင်တန်း၊ မူလတန်းနှင့်အလယ်တန်းအဆင့်(ဗဟိုအဆင့်) စာမေးပွဲများကို ၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ရက်၊ ၉-၄-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အထက(၄) (ဆင်ရေတွင်းမှတ်တိုင်)၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ဝင်ရောက်ဖြေဆိုမည့် ကျောင်းသားကျောင်းသူများသည် နီးစပ်ရာ မဇ္ဈိမဝံသ ဗုဒ္ဓသင်တန်းကျောင်းများတွင် ဝင်ခွင့်ပုံစံများတောင်းခံ၍ ၅-၄-၂၀၁၃ရက် နောက်ဆုံးထားကာ စာရင်းပေးသွင်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များထံ စုံစမ်းမေးမြန်းနိုင်ပါသည်။ ဖုန်း-၀၉-၈၅၉၈၀၀၁၊ ၀၉-၇၃၁၇၅၄၉၇၊ ၀၉-၇၃၁၁၆၀၉၆၊ ၀၉-၇၃၁၂၉၀၅၊ ၀၉-၅၁၀၄၆၆၉။

ဓအောင်စကြာမှုဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်မည်

[illegible]

မိဘမဲ့ကလေးများနှင့် ရှင်သာမဏေများအားလှူဒါန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ပုပ္ပားကျောင်း (မဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တပဏ္ဍိစ္စ၏ (၇၇)နှစ်ပြည့် အလှူပွဲကြီးကို (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၁၁ရက်) ၂၂-၃-၂၀၁၃ရက် (သောကြာနေ့)တွင် ရွှေဂုံတိုင်ကလေးပြုစုရေးမှ မိဘမဲ့ကလေးများ၊ မင်္ဂလာဒုံရွှေနံ့သာကလေးပြုစုရေးမှ မိဘမဲ့ကလေးများ၊ ထောက်ကြန့်အမျိုးသမီးသင်တန်းကျောင်းမှ မိဘမဲ့ကလေး (၂၀၀)ကျော်တို့အား ထမင်းနှင့် အဝတ်ထည်များလှူဒါန်း၍ (တပေါင်းလဆန်း ၁၂ရက်) ၂၃-၃-၂၀၁၃ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရှင်သာမဏေ အပါး ၁၂၀တို့အား ဆွမ်းနှင့် သင်္ကန်းစသည် လှူဒါန်းပွဲသို့ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလှူပွဲကြီးတွင် ရှင်သာမဏေများနှင့် ကလေးများကို မိမိပစ္စည်းများဖြင့် လာရောက်လှူဒါန်းနိုင်ပါသည်။ ရှင်သာမဏေတစ်ပါးလျှင် ကျပ် ၅၀၀၀ဖြင့် ဖုန်း-၆၀၀၀၂၈နှင့် ၀၉-၄၂၀၀၇၄၂၄၄၊ ၀၉-၄၂၅၀၂၅၈၆၈နှင့် ကိုရဲညွှန့်၊ အမှတ် ၂၁၊ ရွှေတောင်တန်း အောက်ဘလောက် ဖုန်း-၂၂၈၇၀၈၊ ၂၂၆၂၈၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

Always balloon decoration and printing centre မှ မင်္ဂလာဆောင်၊ မွေးနေ့ပါတီ၊ ကုမ္ပဏီဖွင့်ပွဲ၊ ကားအရောင်းပြခန်းအားလုံးအတွက် balloon အလှဆင်ခြင်းနှင့် Hotel နှင့် Company အားလုံးအတွက် ကုန်အမှတ်တံဆိပ် Logo များကို balloon ပေါ်တွင် print ရိုက်နှိပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနေပါပြီ။

အခန်း(၂)၊ တိုက်(၂၅)၊ ရွှေအုန်းပင်အိမ်ရာ၊ ရန်ရှင်းလမ်း၊ ရန်ကင်း၊
ဖုန်း-၀၉-၄၅၀၀၅၇၅၅၃၊ ၀၉-၄၅၀၀၆၆၇၄၃

AGD BANK

ASIA GREEN DEVELOPMENT BANK LIMITED

ဂုဏ်ယူဝမ်းမြောက်ခြင်း

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် (AGD Bank) (၂၈)ခုမြောက်ဘဏ်ခွဲဖြစ်သော **ဆူးလေဘဏ်ခွဲ** အား (၈.၃.၂၀၁၃)ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

1. Htoo Foundation
2. Air Bagan Ltd
3. Yangon United FC
4. Htoo Petrol
5. Golden Everest Co.,Ltd
6. Mingalardon Cargo Services
7. Elite IT Services Co.,Ltd
8. Bagan Entertainment

AGD BANK

Asia Green Development Bank Limited.

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်းရှိသော ဧန့်ထားရန်)

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်မှ အသစ်ဖွင့်လှစ်မည့် ဘဏ်ခွဲများတွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ဖော်ပြပါ ရာထူးနေရာများအား လျှောက်ထားနိုင်ပါသည်။

(၁) မန်နေဂျာ	ကျား/မ (၁၅) ဦး
(၂) လက်ထောက်မန်နေဂျာ	ကျား/မ (၁၅) ဦး
(၃) ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူး၊ အကြီးတန်းစာရေး	ကျား/မ (၁၅) ဦး
(၄) ငွေကြေးဝန်ထမ်း (အကြီးတန်းစာရေး မှ မန်နေဂျာထိ)	ကျား/မ (၅၀) ဦး

- လျှောက်ထားလိုသူများသည် ဘွဲ့ရ သက်ဆိုင်ရာ ရာထူးဖြင့် ဘဏ်လုပ်ငန်းအတွေ့အကြုံ ရှိရမည်။ ဘဏ်တွင် တာဝန်ထမ်းဆောင်မှုသော အထောက်အထားတင်ပြရမည်။ ဘဏ်များမှ ထုတ်ပယ်ခံရသူများ လျှောက်ထားရန် မလိုပါ။ ဘဏ်အတွေ့အကြုံ ဦးစားပေးမည်ဖြစ်၍ အသက်ကန့်သတ်ချက် မရှိပါ။
- လျှောက်ထားလိုသူများသည် လူအများနှင့် ပူပေါင်းလုပ်ကိုင်လိုစိတ်ရှိပြီး ဆက်ဆံရေးပြေပြစ်ကောင်းမွန်၍ ဒေသ မရွေးတာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

လျှောက်ထားလိုသူများသည် အလုပ်လျှောက်လွှာ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ (၆)လအတွင်း ရိုက်ကူးထားသော ကာလာလိုင်စင်ဓာတ်ပုံ (၃)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်း၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်၊ အိမ်ထောင်စုစာရင်းမိတ္တူနှင့် လိုအပ်သော စာရွက်စာတမ်း များနှင့်တကွ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ လူ့စွမ်းအားအရင်းအမြစ်စီမံရေးဌာန၊ အမှတ်-(၇၃/၇၅)၊ ၈လွှာ၊ ဆူးလေဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ Email address hr@agdbank.com နှင့် နီးစပ်ရာ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်ခွဲရှိရာဒေသများသို့ (၃၁. ၃. ၂၀၁၃)ရက်နေ့ နောက်ဆုံးထား၍ လာရောက်လျှောက်ထား နိုင်ပါသည်။ အလုပ်လျှောက်လွှာတွင် မိမိ၏လက်ရေးဖြင့် လုပ်ငန်းအတွေ့အကြုံအသေးစိတ်အား ဖြည့်စွက်၍ လျှောက် ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးလျှောက်ထားရမည်။

မှတ်ချက် - ပဏာမရွေးချယ်ခြင်းခံရသော လျှောက်လွှာရှင်များကိုသာ အင်တာဗျူးခေါ်ယူပါမည်။ မရွေးချယ်သော လျှောက်လွှာများအား ပြန်လည်ထုတ်ပေးမည် မဟုတ်ပါ။

DANCER Lady's style
Summer Star Lady's style

တို့မှထုတ်လုပ်သော အမျိုးသမီးဝတ် ဖက်ရှင်များကို အနယ်နယ်အရပ်ရပ်မှ ဝယ်ယူအားပေးသော မိတ်ဟောင်း မိတ်သစ်များကို

DANCER & SUMMER Star Lady's style

မိသားစုမှ အထူးပင်ကျေးဇူးတင်ရှိပါသည်။

လက်ကားဝယ်ယူလိုသူများ ဆက်သွယ်ရန်-

DANCER(1) အမှတ် ၇၄၃ မြေညီထပ်၊ အဆင့်မြင့်မင်္ဂလာဈေး၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၇၉၁၅၀၊ ၀၉-၅၁၈၃၅၈၇။

DANCER(2) အမှတ်(၀-၃၅)၊ မြေညီထပ် ဝင်ပေါက် ၁၅၊ ယုဇနပလာဇာ၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၈၄၈၃၈၊ ၀၉-၄၂၀၁၀၅၃၂၁

ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပြည်ပဆက်သွယ်ရေးဌာနမှ အင်ဂျင်နီယာချုပ် ဦးကျော်စိုးဝင်း ဇနီး ဒေါ်မြတ်မဥ္ဇူတို့၏ တူမငယ်၊ ဒေါက်တာ အေးကျော်-ဒေါ်ခင်မထွန်း(တရားရုံးချုပ်ရှေ့နေ)တို့၏ သမီးလေး ဂုဏ်ရည်အေးကျော်(ခ)Kid Kid ,BA(English), IDCS(UK)သည် Miss Myanmar International 2013 ဆုကြီးကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့သည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

ပြည်ပဆက်သွယ်ရေးဌာနမှ
ဝန်ထမ်းများ

ဖခင်အမည်မှန်

ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဒဂုံဌာနခွဲ၊ အရှေ့တိုင်းပညာဘာသာရပ် သင်တန်းမှ မောင်ခွန်ကျော်ရွှေ၏ ဖခင်အမည်မှန်မှာ ဦးလှမင်း ဖြစ်ပါကြောင်း။

ဦးလှမင်း

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ ရွှေပင့်ကူလမ်း၊ အိမ်အမှတ် ၇၆၆ နေ ဦးဉာဏ်မြင့်(တပ်မတော်လေ-ငြိမ်း)-(ဒေါ်လှလှမြင့်)တို့၏သားငယ်

မောင်စိုးသက်ပိုင်

LL.B (Law) ခေတ္တ(ကိုရီးယား) နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဘုရင့်နောင်ရိပ်သာလမ်း၊ အိမ်အမှတ် ၄၉၄(ဘီ-၁)နေ ဦးကြည်စိုး(အကျဉ်းဦးစီးဌာန-ငြိမ်း)-(ဒေါ်ခင်စန်းဝင်း) (လယ်/ပြ-ငြိမ်း)၊ အထက-၃၊ အင်းစိန်တို့၏သမီးကြီး

မဝင်းသီတာစိုး

B.A (Eco), D.A (LCCI , UK)
Certified in Computerized Accounting (UK)
Kaba Kyaw Trading Co.

တို့သည် နှစ်ဖက်သောမိဘများ၏သဘောတူခွင့်ပြုချက်ဖြင့် ၁၄-၂-၂၀၁၃ရက်တွင် အင်းစိန်မြို့နယ် တွဲဖက်မြို့နယ်တရားသူကြီး ဦးမောင်လွင်၏ရှေ့မှောက်၌ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်စိုးသက်ပိုင်-မဝင်းသီတာစိုး

အမည်မှန်

မုဒုံမြို့၊ မြို့မ(၂)ရပ်ကွက်နေ ဦးဘကြိုင်၏သမီး မရင်စီ ၁၀/မဒန(နိုင်) ၀၁၇၉၂၇ ၏ အမည်မှန်မှာ မရင်စီ(ခ)မယဉ်စီ ဖြစ်ပါကြောင်း။ **မယဉ်စီ**

၂၂-၂-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာပါ ဒေါ်သင်းရှုပါ၏ ကြေညာချက်အား

ကျွန်ုပ်တို့၏အမှုသည် ဒေါ်ပွင့်ဥမ္မာခိုင် အမှတ်(၅၃/၁၄)၊ မြတ်ရတနာလမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးနေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏အမှုသည် ဒေါ်ပွင့်ဥမ္မာခိုင် ပိုင်ဆိုင်သော မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများနှင့် ပတ်သက်၍ သားသမီးများထံသို့ အမွေဆက်ခံခွင့် ဆင်းသက်ခြင်းမရှိသေးသဖြင့် ဒေါ်ပွင့်ဥမ္မာခိုင်သည် ၎င်းပိုင် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို တစ်ဦးတည်း ဥပဒေအရ စီမံခန့်ခွဲနိုင်ပြီး မည်သူမျှ နှောင့်ယှက်တားဆီးပိုင်ခွင့်မရှိပါကြောင်းနှင့် အနှောင့်ယှက်ပေးပြီး စိတ်ငြိုငြင်အောင်ဆောင်ရွက်သူများကို ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစီလှိုင် (စဉ်-၁၁၈၇)	ဦးခင်မောင်ထွေး (စဉ်-၆၆၂၂)	ဒေါ်အိအိမွန် (စဉ်-၃၃၃၇၅)
နိုင်ငံတော်ဥပဒေ/ဗွလစ်နှင့် တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ

အလင်းသစ်စာပေတိုက်မှ ထုတ်ဝေဖြန့်ချိသည်။

ရေနွေးညသိပ်အဆိပ်ထက်ပြင်းနှင့်
နေ့စဉ်ကျန်းမာအောင်ရေသောက်နည်းများ
ကြည်လွင်မြင့်(မှအြာ)

ဆိုင်များတွင်ရပြီ

အလင်းသစ်စာပေတိုက်

EXCELLENT
Art & Music Academy
အနုပညာသင်တန်းကျောင်း

ရုပ်ရှင်သင်တန်းများ → ဒါရိုက်တာ၊ ဇာတ်ညွှန်း၊ မော်ဒယ်၊ သရုပ်ဆောင်

ဂီတသင်တန်းများ → တေးရေး၊ တေးဆို၊ ဂစ်တာ၊ နှဲ၊ ကီးဘုတ်၊ စောင်း၊ တယော၊ စန္ဒရား၊ Drum၊ Audio Music

အကသင်တန်းများ → မြန်မာအက၊ Dancer၊ ပန်းချီ

ရိုက်ကူးရေးသင်တန်းများ → ဓာတ်ပုံ၊ ဗီဒီယို၊ ရုပ်သံတည်းဖြတ်

နွေရာသီကျောင်းပိတ်ရက် ၁၈နှစ်အောက် ကျောင်းသားများအတွက် အထူးအတန်းခွဲအသစ် သင်တန်းကြေး 50%Discount

နယ်မှကျောင်းသားများအတွက် အဆောင်ရှိပါသည်

ကျောင်းအပ်လက်ခံပြီ

[illegible]

ကြော်ငြာ

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ (၅၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ အထူးတရားပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ (၅၆) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို (၁၃၇၄ခုနှစ်၊ တပေါင်းလပြည့်နေ့) ၂၆-၃-၂၀၁၃ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ တပေါင်းလပြည့်နေ့ ၂၆-၃-၂၀၁၃ ရက် အရုဏ်တွင် စေတီတော်ကြီးကို ဗုဒ္ဓဘိသေကအနေကဇာတင်ခြင်းနှင့် ဆွမ်း၊ သစ်သီး၊ မုန့်၊ ဆီမီး၊ ရေချမ်းကပ်လှူခြင်း၊ စေတီတော်ဝင်းအတွင်း ကျောင်းတိုက်များမှ သံဃာတော်များကို အရုဏ်ဆွမ်းကပ်လှူဒါန်းပြီး ညနေ ၄ နာရီတွင် ဘုရားအမှူးရှိသော သံဃာတော်အပါး ၁၃၀ နှင့် သီလရှင်အပါး ၃၀၊ စုစုပေါင်းအပါး ၁၆၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည် ဖြစ်ပါသည်။

(၅၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ အထိမ်းအမှတ်အဖြစ် အထူးတရားပွဲကျင်းပမည်ဖြစ်ပါသည်။

(က) ၂၂-၃-၂၀၁၃ ရက် - ဒေါက်တာ အရှင်ကုမာရာဘိဝံသ (ဖန်းမော်ဆရာတော်) ဥက္ကဋ္ဌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ

(ခ) ၂၃-၃-၂၀၁၃ ရက် - အရှင်သုန္ဒရ (စွန်းလွန်းဆရာတော်) တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက

(ဂ) ၂၄-၃-၂၀၁၃ ရက် - အရှင်အဘိဇာတာလင်္ကာရာဘိဝံသ (စစ်ကိုင်းဆရာတော်) တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်တို့က

ညစဉ် ၇း၃၀ နာရီမှစတင်၍ တရားဒေသနာတော်များကို ရွှေဘုန်းပွင့်စေတီတော်ဘုရားဝင်း၊ ဓမ္မရင်ပြင်တွင် ဟောကြားချီးမြှင့်မည်ဖြစ်ရာ ဓမ္မမိတ်ဆွေသူတော်စင်များ၊ ဂေါပကအဖွဲ့ရုံး ဖုန်း-၀၁-၂၉၀၄၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနိုးဆော်အပ်ပါသည်။

ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

မိုးကုတ်စွန်းလွန်းတရားစခန်း

မိုးကုတ်စွန်းလွန်းဂူကျောင်းတွင် ၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၉ ရက် (ဗုဒ္ဓဟူးနေ့)မှ တပေါင်းလပြည့်နေ့ (အင်္ဂါနေ့) ၂၀-၃-၂၀၁၃ ရက်မှ ၂၆-၃-၂၀၁၃ ရက်အထိ ကမ္ဘာအေး စွန်းလွန်းဆရာတော် ဦးဝရ ကိုယ်တိုင်ကြွရောက်၍ တရားဟောကြားပြသတော်မူပါမည်။

မိုးကုတ်စွန်းလွန်းပဋိပတ္တိ သာသနာနုဂ္ဂဟအဖွဲ့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉၇/၉၂၅၆ Toyota Hilux Swrf ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်းမိုး ၁၂/ရကန(နိုင်) ၀၆၅၄၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်အေးသန်း ၁၂/ဒလန(နိုင်)၀၂၆၅၈၃၏ တောင်ဒဂုံမြေကွက်အမှတ် ၁၅၁/၇၀၄ ၏ မြေဂရန်စာချုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၁-၂၆၉၅၆၁

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ခ/၂၉၂၁၊ Mitsubishi Fuso, Bus (4× 2)R ယာဉ်လက်ဝယ်ရှိသူ Yuzana Co.,Ltd. က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်စန်းစန်းဝေ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် - ၆၃၈၇)

အမှတ်-၅၀၊ ဘဏ်လမ်း ပ-ထပ်၊ အခန်း (D-2)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ - [illegible]

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်နိုင် (LL.B., D.B.L., D.I.L)

တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၈၂၆)

အမှတ်-၅၀၊ ဘဏ်လမ်း ပ-ထပ်၊ အခန်း (D-2)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ - [illegible]



ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ် ၁၇၁၆ အမည်ပေါက်ဦးတင်ထွန်း KYA-၀၀၈၂၄၄ ၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးညဏ်ဝင်း ၁၄/လမန (နိုင်) ၀၀၀၁၀၉ က မြေကွက်စလစ်မူရင်းနှင့် ငွေသွင်းချလန်မူရင်းတင်ပြ၍ မြေပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာ ပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ ၂၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁/အနော်မာ၊မြေကွက်အမှတ်၆၄၀/ခ၊ မြေကွက်တည်နေရာအမှတ်၆၄၀/ခ၊အနော်မာ (၁၅)လမ်း၊ အနော်မာရပ်၊သာကေတမြို့နယ် (ဦးကျော်သန်း-ဒေါ်အုန်းကြည်) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးကျော်သန်းကွယ်လွန်သဖြင့် ဒေါ်တင်ဝင်း ၁၂/သကတ(နိုင်)၀၉၇၄၅၉ က ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ ဦးကျော်သန်း၏ ပိုင်ဆိုင်ခွင့်အစုကို ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် ကျန်ပူးတွဲအမည်ပေါက် ဒေါ်အုန်းကြည်၏ သဘောတူညီကြောင်းစာပူးတွဲလျက် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြေကွက်အမြန်ရောင်းမည်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဂျန်းရှင်းဇဝနအနီး၊ သုမင်္ဂလာအိမ်ရာဝင်းအတွင်း၊ မြေအကျယ်ပေ(၄၀×၆၀)၊ ပိုင်ရှင်အမည်ပေါက်၊ နှစ် ၆၀ဂရန်မြေကွက်၊ (အုတ်တံတိုင်းခတ်ပြီး) ရေမီးအပြည့်အစုံ မြေကွက်ကို ပိုင်ရှင်ကိုယ်တိုင် ကျပ်သိန်း ၃၂၀၀ ဖြင့် ရောင်းမည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၅၃၉၆၅၄၈

သက်ဆိုင်သူများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၆၉၇/ခ၊ ဇရိယာစတုရန်းပေ ၁၂၀၀၊ ဒေါ်ခင်လှအမည်ပေါက်နှင့် နှစ်၆၀ဂရန် မြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပုဂံလမ်းမပေါ် အမှတ် ၆၉၇/ခ ဟုခေါ်တွင်သော အကျယ်အဝန်းပေ(၂၃×၂၀) ရှိ မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်ဌေး ၁၁/စတန (နိုင်)၀၀၃၅၉၈ကကိုင်ဆောင်သူမှ အဆင့်ဆင့်စာချုပ်များဖြင့်ဝယ်ယူကာ ယနေ့တိုင် စဉ်ဆက်မပြတ် နေထိုင်လျက်ရှိပြီး လက်ဝယ်ထားရှိကာ စီမံခန့်ခွဲလျက်ရှိပါသည်။

အဆိုပါလက်ဝယ်ပိုင်ဆိုင်ထားသည့် မြေနှင့်ပတ်သက်၍ မည်သည့်တစ်စိတ်တစ်ဒေသကိုမျှ အမည်ပြောင်းလဲသတ်မှတ်ခြင်း၊ ပိုင်ဆိုင်မှုပြုခြင်း၊ ပိုင်ဆိုင်မှုကိုဆုံးရှုံးစေမည့် မည်သည့်ကိစ္စကိုမျှ ပြုလုပ်ဆောင်ရွက်ခွင့်မရှိပါကြောင်းနှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်တင်တင်ဌေး
၁၁/စတန(နိုင်)၀၀၃၅၉၈

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စန်းဝင်း (LL.B, D.B.L, D.M.L, D.I.L)
စဉ်-၇၉၀၉
တရားလွှတ်တော်ရှေ့နေ
ရုံး ၄၂၄ (လေးလွှာ)၊ သိမ်ဖြူလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
အမှတ် ၉၉၄/က၊ ပညာ ၁၃လမ်း၊
(၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့